# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၂၇)


# ခရီးသွားများ ဝင်ရောက်မှုပိုများလာသဖြင့် လေဆိပ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်



## ဖလမ်းနှင့် ဟားခါးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး

ဟားခါး ဖေဖော်ဝါရီ ၃

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ချင်းပြည်နယ်ရှိ ဖလမ်းနှင့် ဟားခါးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

**လေဆိပ်သို့ ရောက်ရှိ**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်၊ ဦးကျော်မျိုး၊ ဦးကျော်လင်းနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အတူ ယမန်နေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် နေပြည်တော်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့နယ် ဖလမ်း(ဆူရ်ဘုန်) လေဆိပ်သစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်



---

ပြည်ထောင်စုနေ့ အကြိုဆောင်းပါး

**ပင်လုံအခြေပြု တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်တို့ပြည်ထောင်စုကြီး အဓွန့်ရှည်**

စာ » ၆

**မြေငလျင်ရှေ့ပြေးလက္ခဏာများကို လေ့လာနိုင်ရေးအတွက် ပထမဦးဆုံး မြေငလျင်-လျှပ်စစ်သံလိုက်ဂြိုဟ်တုကို တရုတ်လွှတ်တင်**

စာ » ၁၄

**သချ်ာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ပါရှိ**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် သချ်ာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈၊၁၉ တွင် ဖော်ပြထားပါသည်။




မြန်မာ့အလင်း

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အာရှဖောင်ဒေးရှင်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆန်ဖရန်စစ္စကိုမြို့အခြေစိုက် အာရှဖောင်ဒေးရှင်း **(Asia Foundation)** ရုံးချုပ်မှ ဥက္ကဋ္ဌ **Mr. David Dale Arnold** ဦးဆောင်သောကိုယ်စားလှယ် ၃၂ ဦးပါ အဖွဲ့ကို လက်ခံတွေ့ဆုံခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဌ ဤကဲ့သို့ လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်ပါသည်။ အာရှဖောင်ဒေးရှင်းကို ၁၉၅၄ ခုနှစ်ဌ စတင်ထူထောင်ခဲ့ခြင်းဖြစ်ပါသည်။ အာရှဖောင်ဒေးရှင်းသည် အကျိုးအမြတ်မရယူသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပြီး အာရှတိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လာသည်မှာ နှစ်ပေါင်း (၆၀) ကျော်ပြီဖြစ်ပါသည်။ အာရှဖောင်ဒေးရှင်းက အုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးတို့၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖန်တီးရေးတို့အတွက် အာရုံစိုက်ဆောင်ရွက်ခဲ့ သည်ကို တွေ့ရှိရပါသည်။

အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်မှုတို့သည် ရှည်လျားသော သမိုင်းကြောင်းရှိပြီးဖြစ်ပါသည်။ အာရှဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ ခိုင်မာအားကောင်းရေးအတွက် ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ပါသည်။ အာရှဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်မှုတို့ကို ၁၉၆၂ ခုနှစ်နောက်ပိုင်း ရပ်ဆိုင်းလိုက်သော်လည်း ၂၀၁၃ ခုနှစ်ဌ မြန်မာနိုင်ငံဆိုင်ရာ ရုံးခန်းကို ပြန်လည်ဖွင့်လှစ်၍ မြန်မာနိုင်ငံအတွက် ပြန်လည်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သုတေသနစာတမ်းတချို့ကို ကြည့်လျှင်ပင် အာရှဖောင်ဒေးရှင်း၏ မြန်မာ့အရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုကို ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။ အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သုတေသနစာတမ်းတချို့ကို ဖော်ပြရပါက နိုင်ငံတော်နှင့် ကဏ္ဍဆိုင်ရာမူဝါဒတို့နှင့် ဒေသန္တရလိုအင်များအား ချိန်ညှိခြင်း၊ မြန်မာနိုင်ငံရှိဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး (ပြုပြင်ပြောင်းလဲရေးအတွက် မူဝါဒလမ်းစဉ်တစ်ခုဆီသို့)၊ မြန်မာနိုင်ငံအတွင်းရှိ ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေများ ကနဦးဆန်းစစ် လေ့လာချက်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု (ပြည်ထောင်စုလွှတ်တော်အပေါ် ခြုံငုံသုံးသပ်ချက် ၂၀၁၁-၂၀၁၆)နှင့် မြန်မာနိုင်ငံရှိ မြို့ပြများတွင် ပြည်သူ့လိုအပ်ချက်များ ဖြည့်ဆည်းခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း (စည်ပင်သာယာရေးအဖွဲ့များနှင့် စည်ပင်ဌာနများ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း)ဟူသော စာတမ်းတို့ကို ကြည့်လျှင်ပင် အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုကို ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။

အာရှဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံဆွေးနွေးရာဌ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ အသေးစိတ်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အာရှဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံခဲ့ခြင်းသည် အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုတို့ကို အရှိန်အဟုန်မြှင့်တင်ပေးမည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# သံမဏိလုပ်ငန်းရှင်များအသင်း၏ တစ်နှစ်ပြည့်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း (Myanmar Steel Association) ၏ တစ်နှစ်ပြည့်အခမ်းအနားကို ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းရှိ Melia Yangon Hotel (Ballroom) တွင် ဇန်နဝါရီလ နောက်ဆုံးပတ်က ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လာရောက်ချီးမြှင့်ကာ အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ ဦးစစ်တိုင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားနှင့် အသင်းကြီးပေါ်ပေါက်လာပုံ၊ အသင်း၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းအပြင် Korea Chamber of Commerce in Myanmar မှ Chairman Mr.Yoon Hun Sup က အမှာစကားပြောကြားသည်။

**ဖွဲ့စည်းတည်ထောင်**

မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းအား Mottama Holding Group ၏ Chairman ဦးရန်ဟော် အပါအဝင် အခြားသော သံမဏိထုတ်ကုန်ဆိုင်ရာ လုပ်ငန်းရှင် ၁၁ ဦးတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပြီး အသင်းဝင်များ လက်ခံလျက်ရှိရာ အသေးစိတ်သိရှိလိုပါက ရုံးခန်းတည်ရှိရာ Mahaland Center အမှတ် ၅၆၊ ကမ္ဘာအေးဘုရားလမ်း၊ ၇ ရပ်ကွက် ရန်ကင်းမြို့နယ် ဖုန်း ၀၉-၉၆၄၈၆၇၃၅၇ နှင့် ၀၉-၉၅၁၉၄၀၇၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။




၃၄၉

# တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်လာရေး အကောင်အထည်ဖော်ဆောင်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ငါးကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမဌ ကျင်းပသည်။

အစည်းအဝေးတွင် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ခွဲများကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ အဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ခုနှစ်လတာကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အများပြည်သူ တင်ပြမှုပေါင်း ၅၀၀ ကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်မည့် လုပ်ငန်းမူဘောင်များ၊ လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာ စသည်တို့ကို ရေးဆွဲချမှတ်ရန် လိုအပ်လာကြောင်း ဆွေးနွေးမှာကြားခဲ့သည်။



သက်ဆိုင်သူများထံမှ အကြံပြုချက်များ ရရှိရန်နှင့် နိုင်ငံတကာ လက်တွေ့ကျင့်သုံးမှုများကို သိရှိနိုင်ရန်အတွက် ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ဖိတ်ခေါ်၍ မတ်လအတွင်း အမျိုးသားအဆင့် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆွေးနွေးပွဲမှ ရရှိသည့် ရလဒ်များ၊ အခြေခံအချက်အလက်များအပေါ် မူတည်၍ ‘တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်လာရေးအတွက် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး မဟာဗျူဟာ’ တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ၊ မတ်လတွင် ကျင်းပမည့် ညီလာခံဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူအားလုံးက ပါဝင်ဆွေးနွေး အကြံပြုခဲ့ကြသည်။

**သတင်းစဉ်**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၃-၂-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ | ·၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ | ·၁ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ | ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ | ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကလေး- သိုင်းငင်း မော်တော်ယာဉ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

❁ *ရှေ့ဖုံးမှ*

**လေဆိပ်လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်ဧည့်ခန်းမဆောင်သို့ ရောက်ရှိကြရာ MC-Jalux Airport Services Co.,Ltd မှ Vice President , Mr. Futoshi Hiroi က လေဆိပ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဗီဒီယိုပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

**အဆင့်မီဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်ပေး**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုပိုမိုများပြားလာသဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းလေဆိပ်များ၌ နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိကြရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ကလေး) အောင်ဇေယျရိပ်သာ၌ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတအား ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်တို့က ချင်းပြည်နယ် ခိုင်ကမ်းမြို့ရေဘေးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကလေး-သိုင်းငင်း မော်တော်ယာဉ်လမ်း JICA အကူအညီဖြင့် လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းနှင့် ကလေး-ဖလမ်း - ဟားခါးလမ်း မိုင်တိုင် ၂၇/၄ နှင့် ၂၈/၄ အတွင်းရှိ လေးထပ်ကွေ့နေရာ ရှောင်ကွင်းလမ်း၊ လမ်းအူကြောင်းသစ်ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**အဆင့်မြှင့်တင်ဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းအူကြောင်းသစ်အစား မူလလမ်းဟောင်းကိုသာ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် သိုင်းငင်းဆောက်လုပ်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ချင်းပြည်နယ်အတွင်းရှိ လမ်း၊ တံတားဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ဖလမ်း(ဆူရိဘုန်)လေဆိပ်သစ်စီမံကိန်း**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဖလမ်း(ဆူရိဘုန်)လေဆိပ်သစ်တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် တာဝန်ရှိသူများက လေဆိပ်သစ်စီမံကိန်းလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက စီမံကိန်းကို စနစ်တကျဖြင့် အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လေဆိပ်စီမံကိန်းတည်ဆောက်ရာတွင် လိုအပ်ပါက ပြည်ပပညာရှင်များ၏ နည်းပညာအကူအညီနှင့် အထောက်အပံ့များရယူဆောင်ရွက်သွားစေလိုပါကြောင်း၊ စီမံကိန်းအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် ရေအလုံအလောက်ရရှိနိုင်ရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

**လေယာဉ်များဆင်းသက်နိုင်မည်**

အဆိုပါ ဖလမ်း(ဆူရိဘုန်)လေဆိပ်သစ်တည်ဆောက်ရေးစီမံကိန်းသည် ဖလမ်းမြို့၏အနောက်ဘက် ၈ ဒသမ ၅ မိုင်အကွာရှိ ဆူရိဘုန်တောင်ကြော၌ တည်ရှိကြောင်း၊ လေယာဉ်ပြေးလမ်း အလျားပေ ၆၀၀၀၊ အကျယ် ပေ ၁၀၀ ရှိကြောင်းနှင့် ATR 72 လေယာဉ်များ ဆင်းသက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရေပေးဝေဖြန့်ဖြူးပေးနိုင်မည့်အခြေအနေ**

ဆက်လက်၍ ဒုတိယသမ္မတသည် ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၈၅/၂ နှင့် ၈၅/၃ အကြား မြေထိန်းနံရံတည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုင်ဗားရေလှောင်တမံရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် တာဝန်ရှိသူများက လိုင်ဗားရေလှောင်တမံဆိုင်ရာအချက်အလက်များ၊ အောက်လိုင်ဗားရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ တမံအတွင်းရေဝင်ရောက်မှုအခြေအနေများနှင့် ဖလမ်းမြို့နှင့် ဟားခါးမြို့များသို့ ရေပေးဝေဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးကို ဦးစားပေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရေကိုအကျိုးရှိစွာ အသုံးချစေလိုပါကြောင်း၊ တမံကို ရေရှည် အသုံးပြုနိုင်ရန် ရေထိန်းဧရိယာများနှင့် ရေဝေရေလဲဒေသများ သတ်မှတ်၍ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရေသွယ်တန်းမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာကေတတံတားသစ်တည်ဆောက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဂျပန်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအရ ဂျပန်အစိုးရ၏ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အဖွဲ့တို့ ပူးပေါင်းတည်ဆောက်သော မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်သည့် သာကေတတံတားသစ် တည်ဆောက်ရေးလုပ်ငန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား တံတားတည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း တံတားကြိုးဆိုင်းများ ဆောင်ရွက်ပြီးစီးမှု၊ ပင်မတံတားကြမ်းခင်းများ သွန်းလောင်းပြီးစီးမှု၊ ပင်မတံတားနှင့် ချဉ်းကပ်တံတား ဆက်စပ်ရန် ဆောင်ရွက်နေမှု၊ ရေလယ်ခန်းဆက် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယခု တည်ဆောက်နေသည့် သာကေတတံတားသစ်ကြီးသည် ဂျပန်အဆင့်မြင့် နည်းပညာဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တံတားကြီးပြီးစီးသွားပါက သီလဝါအထူးစီးပွားရေးဇုန်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ရန်ကုန်မြို့တွင်းသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည် ဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုကိုလည်း တစ်ဖက်တစ်လမ်းမှ ပြေလျော့စေမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့ သာကေတမြို့နယ်၊ ရှုခင်းသာ မြို့ပတ်လမ်း၊ အမှတ် (၂၃၇) J & M Steel Solution Co.,Ltd ၏ သံမဏိစက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လမ်းတံတားတည်ဆောက်ရေးတွင် လိုအပ်သော Steel Truss နှင့် Plate Girder များ ထုတ်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည် ။



အဆိုပါ သံမဏိစက်ရုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation, J&M Steel Solution တို့ ပူးပေါင်း၍ ပြည်တွင်း၌ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီသော Steel Truss၊ Plate Girder နှင့် Box Girder များကို ထုတ်လုပ်လျက်ရှိပြီး ပြည်ပမှ မှာယူသော တံတားသံပေါင်များနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

**အများအားဖြင့် သာယာမည်**

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

**မိုး/ဇလ**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) ဒုတိယပိုင်း လေ့ကျင့်ဆောင်ရွက်




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း (ဆင်ဖြူရှင်) ဒုတိယပိုင်း လေ့ကျင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၃

**နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ရည်မှန်း၍ သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်သည့် စွမ်းရည်မြင့်မားလာစေရန်အတွက် အနောက်တောင်တိုင်း စစ်ဌာနချုပ် ပုသိမ်တပ်နယ်တွင် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) ဒုတိယပိုင်း လေ့ကျင့်ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုစစ်ဆေးသည်။**

### မြစ်ကူးစစ်ဆင်ရေးလေ့ကျင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည်(ကြည်း၊ ရေ၊ လေ) ကမ်းတက်စစ်ဆင်ရေးပြုလုပ်မည့် ရှုရပ်သို့ ရောက်ရှိကြပြီး လေ့ကျင့်ခန်းအား အစီအစဉ်အတိုင်း ပြုလုပ်ကြရာ မြစ်ကူးစစ်ဆင်ရေးအဖွဲ့၊ ရေတပ်အထူး စစ်ဆင်ရေး တပ်ဖွဲ့များ၊ ခြေလျင်တပ်ဖွဲ့နှင့် သံချပ်ကာတပ်ဖွဲ့များက မြစ်ကူးစစ်ဆင်ရေး လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။ တစ်ချိန်တည်းတွင် တပ်မတော်(လေ)က တိုက်ပွဲနယ်မြေအတွင်း ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်းများ ဆောင်ရွက်ကြသည်။

### စီးနင်းတိုက်ခိုက်

ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း ရဟတ်ယာဉ်ချီ အထူးတပ်ဖွဲ့များက ရန်သူစခန်းများအား အလစ်အငိုက်ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊ လေကြောင်းချီတပ်ဖွဲ့များက လေထီးဖြင့် မြေပြင်သို့ဆင်းသက်ကာ ရန်သူ့အုပ်ချုပ်ထောက်ပံ့ရေး စခန်းများအား စီးနင်းတိုက်ခိုက်ခြင်းများ ဆောင်ရွက်ကြသည်။ တစ်ချိန်တည်းတွင် တပ်မတော်(လေ)မှ တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များက ရန်သူ့ပစ်မှတ်အသီးသီးအား တိုက်ခိုက်ခြင်း၊ အမြောက်ကြီးများက ပစ်ခတ်ချေမှုန်းခြင်း၊ ခြေလျင်နှင့် သံချပ်ကာ ကမ်းတက်တပ်ဖွဲ့များ ကမ်းတက်ခြင်း၊ ထပ်မံစစ်ကူရောက်ရှိလာသည့် ရန်သူ့စစ်ရေယာဉ်များအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များက ပင်လယ်ရေပြင်တွင် တိုက်ခိုက်ချေမှုန်းခြင်း၊ ကမ်းတက်တပ်ဖွဲ့များက ရန်သူ့စခန်းအား စီးနင်းတိုက်ခိုက်ခြင်းများ ဆောင်ရွက်ကြပြီး ရည်မှန်းချက်အသီးသီးသို့ တိုက်ပွဲလုပ်ငန်း အဆင့်အလိုက်အတိုင်း ထိုးဖောက်ဝင်ရောက်၍ ရန်သူကို ချေမှုန်း တိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးကို သိမ်းပိုက်ကြသည်။

ယင်းနောက် မိမိတပ်များအတွက် လေကြောင်းမှ ခဲယမ်းနှင့် ရိက္ခာများ ချပေးခြင်း၊ တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိသူများကို အရေးပေါ် လူနာတင်ယာဉ်များဖြင့် သယ်ဆောင်ခြင်း၊ အရေးကြီးလူနာများကို ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ခြင်းများအား လေ့ကျင့်ဆောင်ရွက်ကြပြီး လေ့ကျင့်ခန်းပြီးဆုံးရပ်နားခဲ့သည်။

### အားနည်းချက်များကို ပြုပြင်

ထို့နောက် လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် လေ့ကျင့်ခန်းအား တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့ဝင်များ အားလုံးပူးပေါင်း၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ချီးကျူးပါကြောင်း၊ ယခုလေ့ကျင့်ခန်းမှ တွေ့ကြုံရသည့် အတွေ့အကြုံများကို ပြန်လည်သုံးသပ်၍ အားနည်းချက်များကို သင်ခန်းစာဖော်ထုတ် ပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းများကို လွန်ခဲ့သည့် နှစ် ၂၀ က နှစ်ကြိမ် ပြုလုပ်လေ့ကျင့်ခဲ့ကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ပြီး လေ့ကျင့်ခန်းများမှ ရရှိလာသည့် အတွေ့အကြုံများဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များအား ပေါင်းစပ် လေ့ကျင့်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်ကာကွယ်ရေးဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍ မရဘဲ စနစ်တကျ ပြင်ဆင်ဖွဲ့စည်း လေ့ကျင့်ခြင်းများ ပြုလုပ်ခြင်းဖြင့်သာ ဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့ တစ်ဦးချင်းအလိုက်၊ တပ်ဖွဲ့အလိုက်၊ တပ်ရင်းအလိုက် လေ့ကျင့်ဆောင်ရွက်၍ နောက်ဆုံး (ကြည်း၊ ရေ၊ လေ) တပ်များအားလုံး အဆင့်ဆင့် ပြန်လည်ပေါင်းစပ် လေ့ကျင့်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတင်းမီဒီယာအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးက တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်း(ဆင်ဖြူရှင်)အထိမ်းအမှတ် တံဆိပ်အား လက်ဆောင် ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် သတင်းမီဒီယာအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

### လက်တွေ့လေ့ကျင့်

ယနေ့တွင် လေ့ကျင့်ခန်း ဒုတိယပိုင်းအဖြစ် (ကြည်း၊ ရေ၊ လေ) ပူးပေါင်း၍ ကမ်းတက်စစ်ဆင်ရေး လေ့ကျင့်မှုများကို လက်တွေ့လေ့ကျင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

**★ တိုင်းပြည်ကာကွယ်ရေးဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍ မရဘဲ စနစ်တကျ ပြင်ဆင်ဖွဲ့စည်း လေ့ကျင့်ခြင်းများ ပြုလုပ်ခြင်းဖြင့်သာ ဆောင်ရွက်နိုင်**

**★ မိမိတို့ တစ်ဦးချင်းအလိုက်၊ တပ်ဖွဲ့အလိုက်၊ တပ်ရင်းအလိုက် လေ့ကျင့်ဆောင်ရွက်၍ နောက်ဆုံး (ကြည်း၊ ရေ၊ လေ)တပ်များအားလုံး အဆင့်ဆင့် ပြန်လည်ပေါင်းစပ် လေ့ကျင့်ရခြင်းဖြစ်**



တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း (ဆင်ဖြူရှင်) ဒုတိယပိုင်း လေ့ကျင့်ဆောင်ရွက်နေမှုများကို တွေ့ရစဉ်။ သတင်းစဉ်





# ရုပ်ရှင်၊ စာပေ၊ အနုပညာရပ်များ လွတ်လပ်မှု တိုးတက်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရန် အသင့်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၃

**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် Forever Group ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာဆွေးနွေးပွဲများ (Forum on the Transformation of Censorship System) ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ PARKROYAL ဟိုတယ်၌ ကျင်းပသည်။**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် "စာပေကို ပုံနှိပ်ခြင်းမပြုမီ ကြိုတင်စိစစ်တဲ့စနစ်ကတော့ ကမ္ဘာမှာ လွတ်လပ်ခွင့် အင်မတန်နည်းပါးတဲ့ တိုင်းပြည်တွေမှာသာ ကျင့်သုံးတာ ဖြစ်ပါတယ်၊ သို့သော် ရုပ်ရှင်မှာတော့ ဆင်ဆာကို ကမ္ဘာမှာ အလွတ်လပ်ဆုံးဆိုတဲ့ တိုင်းပြည်တွေမှာလည်း ကျင့်သုံးနေသေးတာတွေရှိပါတယ်၊ သို့သော် ကျင့်သုံးရာမှာ စနစ်တွေ၊ နည်းစနစ်တွေတော့ ကွာခြားသွားတာတွေတော့ ရှိပါတယ်။

**ဆင်ဆာစနစ် ပြုပြင်ပြောင်းလဲ**

"ကျွန်တော်တို့ ဒီနေ့ Transformation of Censorship System နဲ့ ပတ်သက်ပြီး ရုပ်ရှင်မှာ စိစစ်နေတဲ့ ဆင်ဆာစနစ်ကို ဘယ်လိုစနစ်၊ ဘယ်လိုပုံသဏ္ဌာန်နဲ့ ပြုပြင်ပြောင်းလဲသွားမလဲ ဆွေးနွေးကြမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ ယမန်နေ့က ဦးဇင်ဝိုင်းအပါအဝင် ရုပ်ရှင်အစည်းအရုံးရဲ့ ကိုယ်စားလှယ်တွေနဲ့ တွေ့တဲ့အခါမှာ ဆင်ဆာက မရှိသင့်ဘူး၊ မလိုအပ်ဘူးဆိုတဲ့ အတိုင်းအတာအထိတော့ ပြောဆိုတာ မကြားရပါဘူး၊ သူတို့လည်း ဒါသည် ရှိတော့ရှိရမယ်၊ သို့သော် ဘယ်လိုဘယ်ပုံ ရှိသင့်တယ်ဆိုတဲ့ အနေအထားမျိုးတော့ ပြောဆိုတာ တွေ့ရပါတယ်။

**အတွေ့အကြုံတွေ အခြေခံဆွေးနွေး**

"ဒီနေ့ ဆွေးနွေးပွဲမှာ နိုင်ငံခြားပညာရှင်တွေလည်းပါတဲ့အတွက် နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့စနစ်တွေ၊ ကျွန်တော်တို့ဆီမှာ အရင်ကျင့်သုံးခဲ့တဲ့ အတွေ့အကြုံတွေကို အခြေခံပြီး အရင်ဖြေလျှော့မယ်၊ နောက်ထပ် ဘယ်လောက်ဖြေလျှော့မလဲ စသဖြင့် ဆွေးနွေးကြလိမ့်မယ်လို့ ကျွန်တော်မြင်ပါတယ်၊ ဆင်ဆာနဲ့ ပတ်သက်ပြီး တစ်စွန်းတစ်စ နားလည်သလောက်ပြောမယ်ဆိုရင် အနုပညာသည် အများကြားထဲကို တင်ပြရတာဖြစ်ပါတယ်၊ အများကြားထဲကို တင်ပြရတာဖြစ်တဲ့အတွက် တစ်နည်းပြောမယ်ဆိုရင် ရုပ်ရှင်အနုပညာသမားများက ရိုက်ကူးထုတ်လုပ်လိုက်တဲ့ အနုပညာလက်ရာသည် အစိုးရကို တာဝန်ခံရမှာ မဟုတ်ပါဘူး၊ အနုပညာသမားက သူ့လုပ်ရပ်အတွက်ကို အစိုးရ စသဖြင့် အဲဒီလိုအဖွဲ့အစည်းတွေကို တာဝန်ခံရတာ မဟုတ်ပါဘူး၊ အများပြည်သူ (သို့မဟုတ်) ပရိသတ် (သို့မဟုတ်)လူထု ဒါကို တာဝန်ခံရတာ ဖြစ်ပါတယ်။

**အများပြည်သူ လက်ခံဖို့လို**

"တာဝန်ခံတယ်ဆိုတာ အဲဒီလူထုလက်ခံနိုင်တဲ့ အတိုင်းအတာကို ထည့်စဉ်းစားဖို့လိုပါတယ်၊ အစိုးရကို တာဝန်ခံရတယ်ဆိုရင် အစိုးရလက်ခံဖို့ လိုပါတယ်၊ အများပြည်သူကို တာဝန်ခံရတယ်ဆိုတာ အများပြည်သူ လက်ခံဖို့လိုပါတယ်၊ သို့သော် လူနည်းစု လက်မခံပေမယ့် အများစုလက်ခံရင် ကိစ္စမရှိပါဘူး၊ အများစုလက်မခံနိုင်တဲ့ အလုပ်မျိုးကိုတော့ လုပ်လို့မရဘူးဆိုတာ အားလုံးလည်းသိပါတယ်၊ အဲဒီလို တာဝန်ခံရတဲ့ အပိုင်းတွေရှိပါတယ်။

"အနုပညာ ဖန်တီးသူများသည် မိမိတို့ပရိသတ်အပေါ်မှာ တကယ်ကတော့ တာဝန်ခံသင့်ပါတယ်၊ တာဝန်ရှိတယ်လို့လည်း မြင်ပါတယ်၊ တစ်ချိန်တည်းမှာ မိမိတို့ လုပ်ငန်းကြီးတည်တံ့ရေး၊ ထွန်းကားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်းကြည့်ရှုပြီး မိမိတို့လောကသား အချင်းချင်းကြားထဲမှာလည်း မိမိတို့ဘာသာ ထိန်းသိမ်းတဲ့နည်းနဲ့ ကိုယ့်လောကရဲ့ Image ကိုလည်း တည်ဆောက်ရမယ်လို့ မြင်ပါတယ်၊ ဒီနည်းနဲ့သာလျှင် အနုပညာကို ဖြစ်စေ၊ ရုပ်ရှင်ကိုဖြစ်စေ ထွန်းကားရှင်သန်နိုင်မယ်လို့ မြင်ပါတယ်။

**အစွမ်းကုန်ကြိုးစားဆောင်ရွက်**

"ကျွန်တော်တို့သည် လွတ်လပ်မှုကို လိုလားပါတယ်၊ လွတ်လပ်မှုကို အားပေးမြှင့်တင်ချင်တဲ့သူတွေ ဖြစ်ပါတယ်၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း ရုပ်ရှင်အပါအဝင် စာပေစသဖြင့် အနုပညာရပ်တွေ လွတ်လပ်မှုတိုးတက်အောင် ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးဖို့ အဆင်သင့်ရှိပါတယ်၊ ဒီလိုဆောင်ရွက်ရာမှာ အရင်အစဉ်အဆက်က ရှိခဲ့တဲ့ ဥပဒေပြဋ္ဌာန်းထားတာတွေ ရှိပါတယ်၊ ရုပ်ရှင်သမားများနဲ့ ဆွေးနွေးတဲ့အခါ ဆင်ဆာစနစ်ကိုဖြစ်စေ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားတွေရဖို့ ဥပဒေပြဋ္ဌာန်းဆောင်ရွက်တဲ့ နည်းသာလျှင် အကောင်းဆုံးဖြစ်ပါတယ်၊ ဒါကြောင့် ရုပ်ရှင်ဥပဒေ အမြန်ဆုံးပြီးစီးအောင်မြင်အောင် ဆောင်ရွက်ဖို့ လုပ်ဆောင်နေတာတွေရှိပါတယ်၊ ကြားကာလအတွင်းမှာ ဆင်ဆာနဲ့ပတ်သက်ပြီး အခုထက်ပိုပြီး သက်သာဖို့၊ အဆင်ပြေဖို့ ပြဿနာနည်းဖို့ကို ဘယ်လိုဆောင်ရွက်မလဲဆိုတာကို ဒီနေ့မှာ ဆွေးနွေးစေချင်ပါတယ်၊ ကျွန်တော်တို့လည်း ဆွေးနွေးနေတာ ရှိပါတယ်၊ ဒီဆွေးနွေးချက်တွေကို အခြေခံသုံးသပ်ပြီး အခုရှိနေတဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့၊ ပကတိလိုအပ်ချက်တွေနဲ့ မူတည်ပြီး အဆင်ပြေအောင် ဘယ်လိုညှိနှိုင်းဆောင်ရွက်သွားမကြမလဲ နည်းလမ်းရှာပြီး အကောင်းဆုံးဖြစ်အောင် အထူးသဖြင့် ဒီကြားကာလမှာ ဆောင်ရွက်ပါ့မယ်လို့ ပြောချင်ပါတယ်။

**နည်းလမ်းများ ရှာကြံ**

"ရုပ်ရှင်အစည်းအရုံးက ပုဂ္ဂိုလ်များအနေနဲ့လည်း စည်းမျဉ်းစည်းကမ်းတွေကိုလည်း သေချာလေ့လာကြည့်ရှုပြီး ရှိနေတဲ့စည်းကမ်းတွေကို မချိုးဖောက်ဘဲ အခုရှိတဲ့ အနေအထားထက် ပိုလွတ်လပ်ခွင့်ရအောင် ဘယ်လိုလုပ်နိုင်မလဲ နည်းလမ်းများရှာကြံပြီး ကျွန်တော့်ကို အကြံပြုပါ၊ ဆွေးနွေးပေးပါ၊ အဲလိုဆိုရင် ကျွန်တော်တို့လည်း ပူးပေါင်းပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လို့ ရပါလိမ့်မယ်လို့ ပြောချင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းဝင်း၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက စည်သူ ဦးကြည်စိုးထွန်းတို့က ရုပ်ရှင်ဥပဒေ၊ ဆင်ဆာမူဝါဒများ၊ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် ပြည်တွင်း ပြည်ပမှ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**စာတမ်းများ ဖတ်ကြား**

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ရုပ်ရှင်လောက၏ အနာဂတ် မျှော်မှန်းချက်ကို အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး ဒါရိုက်တာအလွှာမှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ တွဲဖက်အတွင်းရေးမှူး-၁ အကယ်ဒမီ ဦးဇော်မြင့်ဦးက ဆင်ဆာမူဝါဒများနှင့် ရုပ်ရှင်လောကသားတို့၏ ဆန္ဒစာတမ်း၊ ဇာတ်ညွှန်းအလွှာမှ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရုပ်ရှင်ပညာဌာနမှူး(ငြိမ်း)အကယ်ဒမီ ဦးကိုကိုလေးက ဆင်ဆာမူဝါဒကို လေ့လာသုံးသပ်၍ အကြံပြုတင်ပြခြင်းနှင့် ထုတ်လုပ်သူအလွှာမှ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ဦးသိန်းထွန်းအောင်က တီထွင်ဖန်တီးထုတ်လုပ်မှု အနုပညာလုပ်ငန်းများနှင့် သက်ဆိုင်သော ဆင်ဆာကြည့်ရှုစိစစ်သည့်အဖွဲ့မှ ထားရှိရမည့် သဘောထား စသည့် စာတမ်းများကို ဖတ်ကြားကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်လည်ဆွေးနွေးသည်။

**ဆွေးနွေးတင်ပြ**

မွန်းလွဲပိုင်းတွင် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများ (Forum on the Transformation of Censorship System) ကို ဆက်လက်ကျင်းပရာ ထိုင်းနိုင်ငံ (Head Censorship of CH3,Thailand) မှ Mr. Prapat Supthaveethanakij၊ ကိုရီးယားနိုင်ငံ ( Director – General, Korea Media Rating Board ) မှ Choon Sung , HAM ကိုယ်စား Ms. Minhee Kim၊ ဖိလစ်ပိုင်နိုင်ငံ ( Board Member of MTRCB Chairman , The Close- Captioning Committee) မှ Ms. Elizabeth Rose Siguion – Reyna နှင့် ( Board Member of MTRCB Chairman of the Revision of Laws Committee Member of the Adjudication Committee (MTRCB) မှ Ms. Atty . Maria Gabriela Concepcion တို့က နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အသက်အပိုင်းအခြားပေါ်တွင် သတ်မှတ်သော ဆင်ဆာကြည့်ရှုမှု စစ်ဆေးမှုစနစ်နှင့် ပတ်သက်၍ ပြည်ပပညာရှင်များက ရုပ်ရှင်အနုပညာ၊ အတတ်ပညာပိုင်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

**တက်ရောက်**

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက၊ ဥက္ကဋ္ဌနှင့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများ၊ နိုင်ငံတကာပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပထမဆုံးအကြိမ်**

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲနှင့် သင်တန်းများကို ယခုနှစ်အတွင်း ငါးကြိမ်ကျင်းပသွားမည်ဖြစ်ပြီး ယခုကျင်းပသည့် ( Forum on the Transformation of Censorship System) ဆွေးနွေးပွဲသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိ၍ ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပွဲထွက်ခဲ့သည်။ ရောဝတီအသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရရန် အားထည့်ကစားခဲ့ပြီး ၁၆ မိနစ်တွင် အောင်ဟိန်းကျော်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ရောဝတီအသင်း၏ ဦးဆောင်မှုမှာ နှစ်မိနစ်သာကြာခဲ့ပြီး ၁၈ မိနစ်တွင် ရန်ကုန်အသင်း ချေပဂိုးပြန်ရကာ ဆယ်လာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မိနစ် ၄၀ တွင် ရန်ကုန်အသင်း၏ ပြစ်ဒဏ်ဘောကို ရောဝတီအသင်းမှ အယ်လာပက်ထရစ်ကာကွယ်ရာမှ ကိုယ့်ဂိုးကိုယ်ဝင်သွား၍ ရန်ကုန်အသင်း ဒုတိယဂိုးထပ်ရခဲ့သည်။ ရောဝတီအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၇ မိနစ်တွင် ကာစီယိုက ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရန် တိုက်စစ်အားမြှင့်ခဲ့ပြီး ပွဲပြီးခါနီးတွင် ရောဝတီအသင်းမှ ကာစီယို အပိုင်အခွင့်အရေးရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၈၇ မိနစ်တွင် ရောဝတီအသင်း ပယ်နယ်တီရနိုင်သည့်အခွင့်အရေးရခဲ့သော်လည်း ဒိုင်လူကြီးက ငြင်းပယ်ခဲ့၍ ရောဝတီအသင်း နစ်နာခဲ့ရသည်။

မုံရွာကွင်း၌ ကျင်းပသောပွဲတွင် စစ်ကိုင်းအသင်းက GFA အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၁၄ မိနစ်တွင် သန်းထိုက်အောင်က GFA အသင်းအတွက် ဦးဆောင်ဂိုးစသွင်းခဲ့သော်လည်း ၅၄ မိနစ်တွင် ဝေဖြိုးသူက စစ်ကိုင်းအသင်းအတွက် ချေပဂိုးပြန်သွင်းကာ အနိုင်ဂိုးကို ၆၇ မိနစ်တွင် သီဟသူက သွင်းယူပေးခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၃၄ မိနစ်တွင် ကင်မ်က ဇွဲကပင်အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ရခိုင်အတွက် ချေပဂိုးကို မိနစ် ၅၀ တွင် မက်သရူး၊ အနိုင်ဂိုးကို ၉၃ မိနစ်တွင် တည်ငြိမ်မင်းတို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဖေဖော်ဝါရီ ၄ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် မြဝတီအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

---

❋ *ကျောဖုံးမှ*

တည်းခိုခကိုတော့ ၂၅၀၀၀ သတ်မှတ်ထားပါတယ်၊ ကျွန်တော်တို့ တတ်အားသမျှ၊ တတ်နိုင်သမျှ လာရောက်လည်ပတ်သူတွေ အေးအေးဆေးဆေး လေ့လာလို့ရအောင်၊ စိတ်ချမ်းသာအောင် ဝန်ဆောင်မှုပေးနေပါတယ်"ဟု မြန်မာ့သစ်လုပ်ငန်းသစ်အုပ် ဦးလင်းအောင်စိုးက ပြောကြားသည်။

အဆိုပါဆင်စခန်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် တည်ရှိပြီး စခန်းအတွင်း အရွယ်ရောက်ပြီး ဆင် ၁၃ ကောင်နှင့် တစ်နှစ်ကျော်အရွယ် ဆင်ကလေး တစ်ကောင် စုစုပေါင်း ဆင် ၁၄ ကောင် ထိန်းသိမ်း စောင့်ရှောက်ထားကြောင်း သိရသည်။

**ရှင်မင်း**

---

## အင်အားအသင့်အတင့် မြေငလျင်လှုပ်

**ကျိုင်းတုံ ဖေဖော်ဝါရီ ၃**

ယနေ့ည ၉ နာရီ ၅၉ မိနစ် ၁၁ စက္ကန့်ခန့်တွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါမြေငလျင်သည် ကျိုင်းတုံမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၄၅ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံပြည်တွင်း တာချီလိတ်မြို့၏ အနောက်မြောက်ဘက် ၂၈ မိုင်ခန့်အကွာ၊ မြေအောက် အနက် ၅ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ မြေငလျင်လှုပ်ခတ်မှုကို ကျိုင်းတုံ၊ တာချီလိတ်နှင့် မိုင်းဖြတ်မြို့များအထိ ခံစားရကြောင်း ဒေသခံများထံမှ သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ ငလျင်လှုပ်မှုအကြိမ် စုစုပေါင်း ၃၃ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**မောင်ယဉ်ကျေး**

# ပင်လုံအခြေပြု တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် တို့ပြည်ထောင်စုကြီး အဓွန့်ရှည်

## အောင်မြင့်စိုး(ရေစကြို)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကာ စည်းလုံးညီညွတ်စွာဖြင့် အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြသည်မှာ ရှေးနှစ်ပေါင်းများစွာကပင်ဖြစ်သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ ဥမကွဲ သိုက်မပျက် နေထိုင်လာခဲ့ကြပြီး အရေးကြီးက သွေးနီးကြမြဲဖြစ်၏။**

### တည်နေရာနှင့်အကျယ်အဝန်း

တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးတို့ မှီတင်းနေထိုင်ရာ အချုပ်အခြာအာဏာပိုင်နိုင်ငံလည်းဖြစ်သည်။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စသည့် ခေတ်တစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ခန့်ညားထည်ဝါစွာ နေထိုင်ခဲ့ကြသည်။ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ မိုင်းမော၊ တကောင်း၊ ပုဂံ၊ အင်းဝ၊ ဟံသာဝတီစသည့် ရှေးမြို့ဟောင်းကြီးများမှာ မြန်မာတို့၏ ကြီးမြတ်မှုသာဓကပင်ဖြစ်၏။ မြန်မာနိုင်ငံသည် အာရှတိုက်တောင်ဘက်ခြမ်းရှိ အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများတွင် အပါအဝင်ဖြစ်သည်။ အရှေ့ဘက်နှင့် မြောက်ဘက်တွင် တရုတ်ပြည်နယ်နှင့် အနောက်ဘက်တွင် အိန္ဒိယတိုက်ငယ်၊ အရှေ့တောင်ဘက်တွင် အင်ဒိုချိုင်းနားကျွန်းဆွယ် နိုင်ငံများအကြား တည်ရှိသည်။ မြန်မာနိုင်ငံသည် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၃၀ မိနစ်မှ ၂၈ ဒီဂရီ ၃၀ မိနစ်အတွင်း တည်ရှိပြီး အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ်နှင့် ၁၀၁ ဒီဂရီ ၁၁ မိနစ်အကြား၌ တည်ရှိသည်။ မြန်မာနိုင်ငံတောင်ဖျားမှ မြောက်ဖျားအထိ မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားပြီး အရှေ့နှင့်အနောက်မှာ အကျယ်ဆုံးနေရာတွင် မိုင် ၆၀၀ ခန့်ရှိသည်။ ဧရိယာအကျယ်အဝန်း ၂၆၁ ဒသမ ၂၂၈ စတုရန်းမိုင်ရှိသည်။

### ရှေးအကျဆုံးနှင့် သက်တမ်းအရင့်ဆုံး

မြန်မာဦးလူတို့၏ သမိုင်းကိုလေ့လာကြည့်လျှင် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ ကျော် ကမ္ဘာ့ရှေးအကျဆုံးလူသားမျိုးနွယ်ဟုခေါ်ဆိုရမည့် လူတူပရိုင်းမိတ် (ခေါ်) အဆင့်မြင့်ပရိုင်းမိတ်ကို မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသတွင် တွေ့ရှိရသည်။ ပုံတောင်ဂျီးယား ပရိုင်းမိတ်ရုပ်ကြွင်းကို ၁၉၁၄ ခုနှစ်တွင် မြိုင်မြို့နယ် ဖန်ကင်းရွာအနီး၌ စတင်တွေ့ရှိခဲ့သည်။ ၎င်းကျောက်ဖြစ်ရုပ်ကြွင်းများသည် အီဂျစ်နိုင်ငံ ဖာယွန်ဒေသတွင် တွေ့ရှိရသည့် ပရိုင်းမိတ်ထက် နှစ်ခုနစ်သန်းခန့် ရှေးကျခဲ့သည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် အဆင့်မြင့်ပရိုင်းမိတ်သည် ကမ္ဘာပေါ်တွင် အစောဆုံးဖြစ်သည်ဟု မှတ်ချက်ပြုလက်ခံလာကြသည်။ ပုံတောင်ပုံညာဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း အနောက်မြောက်ယွန်းယွန်းတွင် တည်ရှိပြီး ပုံတောင်ပုံညာ၏ အရှေ့ဘက်တွင် မင်းကင်း၊ ကနီ၊ ပုလဲ၊ မြိုင်နှင့်ပေါက်၊ အနောက်ဘက်တွင် ကလေး၊ ထီးလင်း၊ ဂန့်ဂေါမြို့နယ်တို့ရှိသည်။ လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ ခန့်မှအစပြု၍ အဆင့်နိမ့် ပရိုစီမီယံ ပရိုင်းမိတ်များမှ အဆင့်မြင့် လူတူပရိုင်းမိတ်အဖြစ် အဆင့်ဆင့်ပြောင်းလဲလာခဲ့သည်။ အီဂျစ်တွင် တွေ့ရှိသည့် ပရိုင်းမိတ်ထက် နှစ်ခုနစ်သန်းခန့် ပို၍ ရှေးကျသောကြောင့် မြန်မာနိုင်ငံ ပုံတောင်ဒေသမှ ပရိုင်းမိတ်များသည် ရှေးအကျဆုံးနှင့် သက်တမ်းအရင့်ဆုံးဖြစ်သည့်အတွက် **"လူသားမျိုးနွယ်အစ အာရှမှ"** ဟု ယူနိုင်သည့်အပြင်၊ လူသားမျိုးနွယ်အစ မြန်မာကဟုပင် ခေါ်ဆိုနိုင်သည်။

### မြို့ပြနိုင်ငံများ အထင်အရှားတည်ရှိခဲ့

ဘီစီ ၆၀၀ ခန့်မှစ၍ မြို့ပြတည်ထောင်ခဲ့ကြပြီး မြန်မာမင်းများ စတင်ပေါ်ထွန်းသော ဒေသသည် တကောင်းဟုဆိုသည်။ အဘိရာဇာမင်းသည် မန္တလေးမှ ဧရာဝတီမြစ်ကို ဆန်တက်သော မြစ်အရှေ့ဘက်ကမ်းမြေပြန့်ဒေသတွင် တကောင်းပြည်ကြီးကို စတင်တည်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် ရှေးခေတ်က စေတီဟောင်း၊ မြို့ရိုးဟောင်းများကို ယခုထက်တိုင် တွေ့မြင်နိုင်သည်။ တကောင်းပြည်ကို သင်းတွဲပြည်ဟုလည်း ခေါ်ကြသည်။ မြို့ပြနိုင်ငံများဖြစ်သည့် ဗိဿနိုး၊ သရေခေတ္တရာ (ပျူမြို့တော်) ဟန်လင်း၊ ဝေသာလီ၊ သုဝဏ္ဏဘုမ္မိ စသည့် မြို့ပြနိုင်ငံများဖြစ်သည့် ရှေးနှစ်ပေါင်းများစွာမှပင် ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးနှင့် မြန်မာနိုင်ငံတွင် အထင်အရှားတည်ရှိခဲ့ကြောင်း ပေါ်လွင်စေသည်။

ပထမမြန်မာနိုင်ငံတော်ကို အနော်ရထာမင်းလက်ထက်တွင် ပုဂံနေပြည်ကို ဗဟိုပြု၍ တည်ထောင်ခဲ့သည်။ ဘုရင့်နောင်လက်ထက်တွင် တောင်ငူနှင့် ဟံသာဝတီကို ဗဟိုပြုသည့် ဒုတိယ မြန်မာနိုင်ငံတော်ကို လည်းကောင်း၊ အလောင်းဘုရားဦးအောင်ဇေယျလက်ထက်၌ ရွှေဘိုကို ဗဟိုပြုသည့် တတိယမြန်မာနိုင်ငံတော်ကို လည်းကောင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် စုစည်းတည်ထောင်ခဲ့သည်။

### ပြည်ထောင်စုစိတ်ဓာတ်ကို မဖြိုခွင်းနိုင်ခဲ့

(၁၉)ရာစုတွင် ဗြိတိသျှတို့က ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲကာ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ပြီး နောက်ပိုင်းကာလများတွင် လွတ်လပ်ရေးရရှိရန်အတွက် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုတို့သည် သွေးစည်းညီညွတ်စွာဖြင့် နယ်ချဲ့တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ အာသံမဏိပူရအရေးတွင် မဟာဗန္ဓုလသည် ရဲစွမ်းသတ္တိပြည့်ဝစွာဖြင့် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ရာ ထိုစစ်ပွဲတွင် အကြီးအကျယ် အောင်နိုင်လိုက်ခြင်းကြောင့် ဘကြီးတော်မင်းတရားက အားရတော်မူလွန်းသဖြင့် ဆုလာဘ်များစွာ ပေးသနားတော်မူခဲ့သည်။ ထိုတိုက်ပွဲသည် မဟာဗန္ဓုလ၏ အကြီးအကျယ်အောင်နိုင်ခဲ့သည့် ပထမဆုံးအောင်ပွဲပင်ဖြစ်သည်။ အဂ္ဂမဟာသေနာပတိဝန်ကြီး သတိုးသုမ္မစစ်သူကြီး မဟာဗန္ဓုလ၏ ဦးဆောင်မှုဖြင့် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲများတွင် ပန်းဝါတိုက်ပွဲနှင့် ဝက်ထီးကန်တိုက်ပွဲများမှာ ထင်ရှားသည်။ ထိုတိုက်ပွဲများသည် ဇာတိသွေးဇာတိမာန်နှင့်အတူ တိုင်းရင်းသားညီအစ်ကိုတို့ သွေးစည်းညီညွတ်ခြင်းဖြင့် ရှုပ်ရှုပ်ချွံချွံ တော်လှန်တိုက်ခိုက်ခဲ့ခြင်းကြောင့် အောင်ပွဲခံခဲ့သည့် ကမ္ဘာ့သမိုင်းဝင် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်လာသည်ရှိသော် စည်းလုံးညီညွတ်ခြင်းဖြင့် စုပေါင်းကာကွယ်တွန်းလှန်ခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံသော အစဉ်အလာကောင်းများ ထိုစဉ်အချိန်ကတည်းကပင် ရှိနေခဲ့သည်။ ဓနုဖြူစစ်ပွဲတွင် မဟာဗန္ဓုလကျဆုံးသည်။ နယ်ချဲ့အင်္ဂလိပ်တို့ လက်နက်အင်အား မည်မျှပင်သာလွန်သော်လည်း မြန်မာတိုင်းရင်းသားတို့၏ အသက်များကိုသာလျှင် ဖြိုခွင်းနိုင်ပြီး မြန်မာတိုင်းရင်းသားတို့၏ **"ပြည်ထောင်စုစိတ်ဓာတ်"** ကိုမူ မဖြိုခွင်းနိုင်ခဲ့ပေ။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲသည် နှစ်နှစ်နီးပါး ကြာခဲ့သည်။

၁၈၅၂ ခုနှစ် ဧပြီလတွင် ဗြိတိသျှတို့က မြန်မာနယ်မြေများကို ထိပါး တိုက်ခိုက်ကြပြန်သဖြင့် မြန်မာနှင့် ဗြိတိသျှတို့ ရှစ်လကြာမျှ ဒုတိယအကြိမ် စစ်ဖြစ်ရပြန်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့်ပင် ရရာလက်နက်စွဲကိုင်ကာ တော်လှန်ခဲ့ကြသည်။




- **ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် တိုင်းရင်းသားကိုယ်စားလှယ်တို့ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ပြီး တောင်တန်းနှင့် မြေပြန့် တစ်ပေါင်းတည်း လွတ်လပ်ရေးရယူမည်ဟု ဆုံးဖြတ်ချက်နှင့်အတူ ပင်လုံစာချုပ်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့**
- **ပင်လုံစာချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသသည့် သမိုင်းဝင်စာချုပ်ကြီးပင်ဖြစ်**
- **ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို အစွဲပြု၍ ထိုနေ့ကို "ပြည်ထောင်စုနေ့" ဟု သတ်မှတ်ခဲ့**

### ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

**၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊**

**၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊**

**၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊**

**၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊**

### ဗြိတိသျှတို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့

မြန်မာသက္ကရာဇ် ၁၂၄၀ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၇၈ ခုနှစ်တွင် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သည့် သီပေါမင်းလက်ထက်တွင် ဘုံဘေဘားမားသစ်ကုမ္ပဏီကိစ္စကို အကြောင်းပြု၍ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားခဲ့ရသည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဂျင်နရယ် ပရင်ဒါဂတ်ဦးဆောင်သည့် အင်္ဂလိပ်တပ်များက မန္တလေးသို့ စစ်အခမ်းအနားဖြင့် ချီတက်လာကာ သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးခေါ်ဆောင်ပြီး အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်ချိန်မှစ၍ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ရသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းကျွန်ပြုလိုက်ပြီဖြစ်ကြောင်း အိန္ဒိယဘုရင်ခံချုပ် **"လော့ဒ်ဒပ်ဖရင်"** က ဗြိတိသျှဘုရင်မ ဝိတိုရိယ၏ကိုယ်စား ကြေညာခဲ့သည်။ ထိုသို့ သိမ်းပိုက်ခံရပြီးနောက် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတို့သည် ရရာလက်နက်စွဲကိုင်ကာ ဗြိတိသျှတို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

ထိုကဲ့သို့ လက်နက်ကိုင်တိုက်ခိုက်နေသည့်အချိန်အတွင်း ၁၈၉၇ ခုနှစ်မှစ၍ မြင်းခြံမြို့၌ ဗုဒ္ဓကလျာဏမိတ္တအသင်း၊ မန္တလေးမြို့တွင် ဗုဒ္ဓဘာသာသာသနာ့ နုဂ္ဂဟအသင်း၊ ပခုက္ကူမြို့ရှိ ဘာသာရေးအသင်းအဖွဲ့များ၊ မော်လမြိုင်မြို့၌ သာသနာ့ ဓရ အသင်းအဖွဲ့များ ပေါ်ပေါက်လာပြီး ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)ကို ရန်ကုန်မြို့တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (ဝိုင်အမ်ဘီအေ)ဟူ၍ ပေါ်ပေါက်လာခဲ့သည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးကို စစ်ရေးအရ တိုက်ခိုက်သောနည်းမှ နိုင်ငံရေးတိုက်ပွဲနည်းများသို့ ပြောင်းလဲခဲ့သည်။

### တောင်သူလယ်သမား လက်နက်ကိုင်တော်လှန်ရေး

၁၉၂၀ ပြည့်နှစ် ပြည်မြို့၌ကျင်းပသည့် အဌမအကြိမ်မြောက် ကွန်ဖရင့်ကြီးတွင် ယခင်(ဝိုင်အမ်ဘီအေ)အမည်အစား (ဂျီစီဘီအေ) မြန်မာအသင်းချုပ်ကြီးဟု အမည်ပြောင်းကာ ဥက္ကဋ္ဌအဖြစ် ဦးချစ်လှိုင်ကို ရွေးကောက်တင်မြှောက်ခဲ့သည်။ ဂျီစီဘီအေအသင်းချုပ်ကြီး၏ လှုံ့ဆော်မှုနှင့်အတူ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဖြစ်ပွားသည့် သာယာဝတီနယ်မှ ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားလက်နက်ကိုင်တော်လှန်ရေးကြီးမှာ ထင်ရှားခဲ့သည်။

### နယ်ချဲ့အင်္ဂလိပ်တို့ ဆုတ်ခွာထွက်ပြေး

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ရဲဘော်သုံးကျိပ်တို့က ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) ကို ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့တွင် ဖွဲ့စည်းခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေး တိုက်ပွဲအတွက် ဂျပန်၏ အကူအညီရယူခဲ့သည်။ ဘီအိုင်အေနှင့် ဂျပန်တပ်မတော်တို့ပူးပေါင်းကာ နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ခိုက်ခဲ့ကြပြီး မြန်မာတစ်နိုင်ငံလုံးကို ဘီအိုင်အေနှင့် ဂျပန်တပ်မတော်တို့က သိမ်းယူနိုင်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးကြရသည်။

### ပင်လုံညီလာခံကို ခေါ်ယူကျင်းပခဲ့

၁၈၈၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီးတို့ဖြင့် စုပေါင်းဖွဲ့စည်းထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ရှေးနှစ်ပေါင်းများစွာကပင်ရှိခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့်ပင် အင်အားကြီးမားသည့် နိုင်ငံတော်ကြီးများကို ထူထောင်နိုင်ခဲ့ကြသည်။ ပင်လုံစာချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ ပြယုဂ်ပင်ဖြစ်သည်။ မြန်မာပြည်ကို လွတ်လပ်ရေးပေးရတော့မည့် အချိန်မှာပင် နယ်ချဲ့တို့က တိုင်းရင်းသားတောင်တန်းဒေသများကို ချန်လှပ်ထားရန် ကြံစည်ခဲ့သည်။ မသမာသော နည်းအမျိုးမျိုးဖြင့် တောင်တန်းနှင့် ပြည်မကို သွေးခွဲ အုပ်ချုပ်ခဲ့သည်။ စစ်ပြီးခေတ် ၁၉၄၇ ခုနှစ် နှစ်ဦးပိုင်းတွင် ဗြိတိသျှအစိုးရနှင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ မြန်မာ့လွတ်လပ်ရေးကိစ္စ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးမည်ဆိုလျှင် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကိုပါ လွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်းက တင်ပြတောင်းဆိုသည်။ ထိုကိစ္စအတွက် အောင်ဆန်းအက်တလီစာချုပ်ပါ

*စာမျက်နှာ ၉ သို့*

# ဘာသာရေးညီညွတ်မှု မြှင့်တင်ခြင်းနှင့် ဘာသာပေါင်းစုံ ညီညွတ်ရေးဆိုင်ရာ ကိစ္စများဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၃

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် အခြေစိုက်သည့် HWPL (Heavenly Culture, World Peace, Restoration of Light) မှ ဥက္ကဋ္ဌ Mr. Man Hee Lee အား ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel ၌ ဖေဖော်ဝါရီ ၂ ရက် ည ၇ နာရီခွဲတွင် လက်ခံတွေ့ဆုံသည်။** (ယာပုံ)



**ဘာသာတိုင်း၏ နှလုံးသား**

ထိုသို့ တွေ့ဆုံရာတွင် HWPL အဖွဲ့ဥက္ကဋ္ဌက မိမိအနေဖြင့် မြန်မာနိုင်ငံမှာ အများကြီးသင်ယူခဲ့ရပါကြောင်း၊ မိမိတို့အဖွဲ့တွင် အမျိုးသမီးအဖွဲ့ခေါင်းဆောင်၊ လူငယ်အဖွဲ့ခေါင်းဆောင်များ ပါရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဘာသာစုံ၊ လူမျိုးစုံနှင့် တွေ့ခဲ့ရပြီး တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်နေကြသည်ကို တွေ့ရ၍ ဝမ်းသာရပါကြောင်း၊ ကမ္ဘာမှာ ဘာသာရေးစစ်ပွဲများဖြစ်လျှင် အစိုးရအနေဖြင့် ငြိမ်းချမ်းအောင်လုပ်ရန် အခက်အခဲရှိပါကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးသည် မခက်ဟု ထင်ပါကြောင်း၊ ယခင်က အခြားနိုင်ငံများတွင် လူမျိုးစုံအုပ်ချုပ်ကြရာ အင်အားအများစုက အုပ်ချုပ်သည့်အခါ အခြားအင်အားစု နည်းသူများ အခက်တွေ့သည်ကို တွေ့ဖူးပါကြောင်း၊ ကမ္ဘာတစ်ဝန်းလုံး တိုးတက်နေချိန်တွင် မငြိမ်းချမ်းတာတွေ မဖြစ်သင့်တော့ကြောင်း၊ ဘာသာပေါင်းစုံစည်းလုံးညီညွတ်ရန်အတွက် ကိုယ်စီရင်ထဲမှာ ငြိမ်းချမ်းရေးစိတ်ရှိရန် လိုအပ်ပါကြောင်း၊ တစ်ဘာသာနှင့်တစ်ဘာသာ နားလည်မှုရှိရန်အတွက် ထိုဘာသာအကြောင်းကို သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ ကမ္ဘာလှည့်ပြီး ရောက်သည့်နေရာများတွင် လေ့လာကြည့်ရာ ဘာသာ ၁၀၀ ကျော် တွေ့ရှိရပါကြောင်း၊ ဘာသာတိုင်းသည် ကိုယ့်ဘာသာကောင်းကြောင်းကိုသာ ပြောကြကြောင်း၊ ဘာသာတိုင်း၏ နှလုံးသားကိုဖတ်နိုင်ရန် လိုအပ်ကြောင်း၊ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးကိစ္စများတွင် တစ်ယောက်နှင့်တစ်ယောက် စည်းလုံးရေးအတွက် ညှိနှိုင်းရန်သာ လိုအပ်ပါကြောင်း ပြောကြားပါသည်။

**နှစ်နိုင်ငံအကြားငြိမ်းချမ်းရေး**

HWPL အဖွဲ့ ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးသည် ငြိမ်းချမ်းရေးအတွက် အထူးလိုအပ်ပါကြောင်း၊ ဘာသာအလိုက် ကိုးကွယ်သူများကို စကားပြောကြည့်ရာ ဘာသာကို ယုံကြည်ပေမယ့် မိမိကိုးကွယ်သည့် ဘာသာအကြောင်းကို အမှန်တကယ်မသိကြကြောင်း၊ ဘာသာရေးသည် တိုးတက်သင့်ပေမယ့် အပြင်းအထန် အယူအဆလွန်ကဲသွားပါက ပဋိပက္ခရှိလာနိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံဟာ ဘာသာအစုံရှိပေမယ့် စုစည်းနိုင်လျှင် တိုးတက်မည်သာ ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးအတွက် လူငယ်အဖွဲ့အချင်းချင်း၊ အမျိုးသမီးအဖွဲ့အချင်းချင်းလည်း အပြန်အလှန်ဖိတ်ကြားတွေ့ဆုံ ဆွေးနွေးလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**ငြိမ်းချမ်းရေးအကယ်ဒမီကျောင်း**

ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် မိမိတို့ မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ ညီညွတ်ရန် ကြိုးစားနေပါကြောင်း၊ အမုန်းစကားမပြောကြရန် ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဥက္ကဋ္ဌ ဒေါက်တာသာညဏ် ဦးစီး၍ ဘာသာပေါင်းစုံခေါင်းဆောင်များသည် ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရန်အတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ HWPL အဖွဲ့အနေဖြင့် ပုဂ္ဂလိကအဖွဲ့အဖြစ် ရပ်တည်၍ စစ်ပွဲများငြိမ်းချမ်းရေးအတွက် အပြည်ပြည်ဆိုင်ရာဥပဒေ (Declaration of Peace and Cessation of War) ရေးဆွဲခြင်း၊ ဘာသာရေးဆိုင်ရာ ညီညွတ်ရေးအတွက် HWPL WARP (Heavenly Culture, World Peace, Restoration of Light – World Alliance of Religions' Peace) ရုံးဖွင့်လှစ်ခြင်းနှင့် HWPL ငြိမ်းချမ်းရေးအကယ်ဒမီကျောင်း တည်ထောင်ခြင်းများအပေါ် ဂုဏ်ယူမိပါကြောင်း စသည်ဖြင့် ပြောကြားပြီး ဘာသာရေးညီညွတ်မှုမြှင့်တင်ခြင်းနှင့် ဘာသာပေါင်းစုံ ညီညွတ်ရေးဆိုင်ရာကိစ္စများ၊ ယဉ်ကျေးမှု၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသာညဏ်၊ HWPL အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ Ms. Yoon Hyun Sook၊ လူငယ်အဖွဲ့ ဥက္ကဋ္ဌ Mr. Tae Ho Kang နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုတာ ရုပ်ရှင်လောကသားတွေ ခေါင်းထဲမှာရှိစေချင်တယ်

**ဒါရိုက်တာ စည်သူ ကြည်စိုးထွန်း**

**ရုပ်ရှင်လုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု စရိုက်၊ လက္ခဏာများ ဖြတ်သန်းနေသည့် ခေတ်စနစ်၏ လူမှုစီးပွားအခြေအနေများကို ထင်ဟပ်ပေါ်လွင်စေသည့် အရေးပါသော အနုပညာ အခြေပြု ဖျော်ဖြေရေးလုပ်ငန်းဖြစ်သည်။ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အနုပညာရှင်များ၏ ကောင်းမွန်သော နမူနာများကို နိုင်ငံသားများအတုယူ ကျင့်ကြံနိုင်ကြမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်လောက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆင်ဆာစနစ်နှင့် ပတ်သက်၍ ''Forum on the Transformation of Censorship System'' ဆွေးနွေးပွဲကို ယနေ့တွင် ရန်ကုန်မြို့ ParkRoyal ဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲမှ စကားသံများကို ဖော်ပြလိုက်ပါသည်။**




ဒါရိုက်တာ စည်သူ ကြည်စိုးထွန်း



ဦးဇင်ဝိုင်း



ဒေါ်ဆွေဇင်ထိုက်

**ဒါရိုက်တာ စည်သူ ကြည်စိုးထွန်း**
**(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက )**

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ကကောင်းပါတယ်။ ဒီသဘောကို နားလည်တဲ့အတွက် လူကြီးတစ်ယောက်အနေနဲ့ ဦးဆောင်ပြီး ပါဝင်တက်ရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဆိုတာ ၁၉၄၆ -၄၇ ခုနှစ်က ပေါ်လာတာဖြစ်ပြီး မြန်မာ့ရုပ်ရှင်ကတော့ ၁၉၂၀ ပြည့်နှစ်ကတည်းက ဖြစ်ပေါ်လာတဲ့အတွက် နှစ်တစ်ရာပြည့်ဖို့ နှစ်နှစ်လောက်ပဲ လိုပါတော့တယ်။ ဒီအတွက်လည်း ရုပ်ရှင်သားတွေ အားလုံးညီညီညွတ်ညွတ်နဲ့ မြန်မာ့ရုပ်ရှင်လောကတိုးတက်လာသလား၊ လျော့သွားသလား၊ ဒီအတိုင်းပဲ တန့်နေသလားဆိုတာ သုံးသပ်ဖို့လိုနေပါပြီ။ အစည်းအဝေးတွေလုပ်တယ်၊ ဖိုရမ်တွေ လုပ်တယ်၊ ကောင်းပါတယ်။ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့လုပ်ကြတာကို ဒီအချိန်မှာ ခေတ်ကလည်းပြောင်းလဲလာတော့ ဆင်ဆာကိစ္စ၊ ရုံတင်ပြသရေးကိစ္စတွေဟာ ညှိနှိုင်းကြရပါလိမ့်မယ်။ ဒါပေမယ့် ပြောချင်တာက ရုပ်ရှင်မှာဆောင်ပုဒ်နှစ်ခုရှိပါတယ်။ အဓိက ဆောင်ပုဒ်က ရုပ်ရှင်သည်ပြည်သူ့အတွက်ဖြစ်ပါတယ်၊ ရုပ်ရှင်လောက ဦးစီးဦးဆောင်ဖြစ်တဲ့ ဦးညီပု အဆိုအမိန့်ကတော့ ရုပ်ရှင်လောကသားတွေညီညွတ်ကြပါဆိုတာ ဖြစ်ပါတယ်။

ရုပ်ရှင်သည်ပြည်သူ့အတွက်ဆိုတာ ရုပ်ရှင်လောကသားတွေ ခေါင်းထဲမှာရှိစေချင်တယ်၊ နောက်တစ်ချက်က ဦးညီပုပြောတဲ့ ရုပ်ရှင်လောကသားများ ညီညွတ်ကြပါဆိုတဲ့စကားကိုလည်း အမြဲတမ်းသတိရစေချင်တယ်။ အဲဒီအတိုင်း ရုပ်ရှင်လောကသားတွေအနေနဲ့ လျှောက်လှမ်းသွားမှသာ ရုပ်ရှင်နဲ့ရုပ်ရှင်ကြည့်ပရိသတ် အဆင်ပြေစေချင်တယ်။

ရုပ်ရှင်လောကကြီး တိုးတက်ဖို့ ရုပ်ရှင်လောကတိုးတက်ရင် တိုင်းပြည်ရဲ့ Image ပါတိုးတက်လာမယ်။ အဲဒါတွေကို သဘောပေါက်ရမှာပါ။ ဆင်ဆာကတော့ ရှိသင့်တယ်၊ ကြည့်တဲ့သူရော ပြသတဲ့သူရောသိပ်ပြီး အတွေးအမြင် မြင့်မြင့်မားမား မရှိသေးဘူး၊ အခုမှ တည်ဆောက်နေတဲ့အချိန် စာဖတ်အားကလည်း နည်းနေသေးတဲ့ အချိန်မှာ သိပ်လွတ်ပေးလို့မရသေးဘူး၊

**ဦးဇင်ဝိုင်း (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၊ဥက္ကဋ္ဌ)**

၂၀၁၈ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ဖို့ ရှိပါတယ်။ ဒီနေ့ ကျင်းပတဲ့ ဆွေးနွေးပွဲကတော့ ပထမဆုံးရုပ်ရှင်၊ ဗီဒီယိုဆင်ဆာတွေနဲ့ ပတ်သက်တဲ့ သုံးသပ်ဆွေးနွေးပွဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေနဲ့ တင်ပြမှာကတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေတာဆိုရင် အစိုးရသက်တမ်း ဒုတိယနှစ်ထဲ ရောက်နေပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ စာပေ၊ ဂီတ၊ သဘင်ဆိုတဲ့ ကဏ္ဍအသီးသီးမှာ စိစစ်ရေးဆင်ဆာစနစ်ဆိုတာ မရှိတော့ဘူး၊ သို့သော် ရုပ်ရှင်တစ်ခုတည်းမှာသာ ဆင်ဆာဘုတ်အဖွဲ့က ဖြတ်တောက်ခြင်းတွေ ရှိနေပါတယ်။ နောင်တစ်ချိန်မှာ ကျွန်တော်တို့က အသက်အပိုင်းအခြားအလိုက် စိစစ်တဲ့ Rating စနစ်ကို နိုင်ငံတကာ စံချိန်အတိုင်း လိုက်နိုင်အောင် ကြိုတင်ပြင်ဆင်ဖို့ လိုပါပြီ။ ဒီနေ့ ဆွေးနွေးမှာကတော့ ကန့်သတ်ချက်အချို့ကို လျှော့ပေါ့ပေးဖို့ နောင်တစ်ချိန် Rating စနစ်အတွက် ပြင်ဆင်ကြဖို့ လွှတ်တော်အသီးသီးနဲ့ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ နိုင်ငံတကာက ပညာရှင်တွေ အားလုံး စုပေါင်းဆွေးနွေးကြမှာဖြစ်တယ်။

ဖန်တီးတဲ့သူတွေကလည်း သတ်မှတ်တဲ့ စည်းမျဉ်း၊ စည်းကမ်းနဲ့ လွတ်ကင်းအောင် ရိုက်ကြမယ်၊ တစ်ဖက်ဖြတ်တောက်တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ကလည်း ဒီပေါ်မှာ ဘယ်လိုအပြစ်တွေ ပါလာမလဲ၊ ဘာတွေ ထူးသလဲ ၊ ဘာတွေ လွန်နေသလဲဆိုတာ စောင့်ကြည့်ပြီး ပိုက်စိပ်တိုက် ဖြတ်တောက်မယ်၊ နှစ်ဦးနှစ်ဖက်က မတူညီတဲ့ ရည်ရွယ်ချက်တွေနဲ့ ရပ်တည်နေကြတာ ဖြစ်ပါတယ်။ အမှန်ကတော့ တကယ် ဒီမိုကရေစီနိုင်ငံ စံချိန်စံညွှန်းအရဆိုရင် ရုပ်ရှင်ဇာတ်ကားတစ်ကား၊ အနုပညာတစ်ခုကို အများပြည်သူ အားနည်းချက်ကင်းစွာ ကြည့်ရှုနိုင်ဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ပဲ ရှိပါတယ်။ ဒါကိုပြင်နိုင်ဖို့ဆိုတာ အဓိက ကျွန်တော်တို့ Mindset တွေ ပြင်ကြရမှာပါ။ ကျွန်တော်တို့ အဓိက အတားအဆီးက ဒါပါပဲ၊ ဖန်တီးသူများကလည်း ဆင်ဆာလွတ်အောင် ဘယ်လိုရိုက်မလဲ၊ တစ်ဖက်က ဆင်ဆာအဖွဲ့ကလည်း ဇာတ်ကားတွေအပေါ်မှာ ဘာတွေ အပြစ်ရှာမလဲ၊ ဘာတွေ ဖြတ်တောက်မလဲ အမြင်နဲ့ ဖြတ်နေကြတယ်၊ ဒီစိတ်ကို ပြင်ဆင်နိုင်ရင် လွတ်လပ်ပေါ့ပါးတဲ့ အနုပညာကို ဖန်တီးလို့ ရနိုင်ပါတယ်။

**ဒေါ်ဆွေဇင်ထိုက် (ဆင်ဆာအဖွဲ့ဝင်)**

ကျွန်မတို့ကလည်း ယဉ်ကျေးမှုနဲ့ အချို့ကိစ္စတွေကို ကာကွယ်ဖို့အတွက် တာဝန်ရှိပါတယ်။ ခေါင်းနဲ့ပန်း ပူးနေပေမယ့်လည်း အမြင်မတူတာတွေ ရှိတယ်၊ ဒါတွေကို တဖြည်းဖြည်းညှိယူရမယ်၊ အဓိကကတော့ စောင့်ထိန်းရမယ့် တာဝန်၊ လုပ်ပိုင်ခွင့်တွေ ၊ လုပ်နည်း၊ လုပ်ဟန်တွေ အသေအချာရှိတယ်။ ဖလင်သမားတွေမှာ သူတို့ရဲ့တီထွင်ဖန်တီးမှုက ၃၆၀ ဒီဂရီ ပတ်လည်ရှိတယ်၊ သူတို့ဖန်တီးမှု အပိုင်းကိုပဲ ခံစားပြီး ပြောကြတာရှိတယ်၊ ကျွန်မတို့ ဆင်ဆာအဖွဲ့ကတော့ ပေးအပ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေအတိုင်း ပြောရတာဖြစ်တဲ့အတွက် ဥပဒေကို မကြိုက်ရင် မူဝါဒပိုင်းမှာ သွားပြီး ပြင်ဆင်ရမယ်၊ တစ်ဖက်နဲ့တစ်ဖက် မပြင်မဖြစ် ပြင်ရမယ်။ ဘာကြောင့်လဲဆိုတော့ အရင်ရှိခဲ့တဲ့ မူဝါဒက ထိန်းချုပ်ဖို့ကို ဇောင်းပေးထားတဲ့ မူဝါဒဖြစ်နေတယ်၊ ဒီကနေ့ အခြေအနေကတော့ ဖွံ့ဖြိုးတိုးတက်မှုကို ဇောင်းပေးထားတဲ့ မူဝါဒကို ပြင်ရမယ်၊ မူဝါဒကို အခြေခံပြီး ရုပ်ရှင်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို ဆောင်ရွက်နေတယ်၊ အဲဒီလို အချိန်အတွင်းမှာပဲ ရှိဆဲ၊တည်ဆဲ ဥပဒေတွေကို လိုက်နာရမှာက နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တယ်၊ ရုပ်ရှင်သမားပဲဖြစ်ဖြစ်၊ ပရိသတ်ပဲဖြစ်ဖြစ်၊ ထုတ်လုပ်သူပဲဖြစ်ဖြစ် အားလုံးက နိုင်ငံသားဖြစ်တဲ့အတွက် နိုင်ငံရဲ့ တည်ဆဲဥပဒေကို လေးစားလိုက်နာရမှာ ဖြစ်တယ်၊ အဆင်ပြေ သက်သောင့်သက်သာဖြစ်စေတဲ့ နည်းဥပဒေတွေ ပေါ်ချင်ရင် ဥပဒေကို ပြင်ရမှာဖြစ်တယ်၊ ပြင်တဲ့အခါ အဖွဲ့အစည်းတစ်ခုလုံး ပြင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောထားသလို နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုဆိုတာ ရုပ်ရှင်မှာပါလာတဲ့ ဇာတ်ရုပ်(Character) တွေကနေ လှမ်းကြည့်တာဖြစ်ပါတယ်၊ တစ်ကမ္ဘာလုံးမှာ ဆင်ဆာဆိုတာ ရှိတယ်၊ ဘယ်အဆင့်မှာ ဆင်ဆာသတ်မှတ်ရမယ်ဆိုတာ ရှိတယ်၊ အနုပညာကို အနုပညာအရ တာဝန်သိသိနဲ့ ဖန်တီးထုတ်လုပ်လို့ရတယ်၊ ပြည်သူလူထုထဲမှာ ဦးနှောက်ကို အဆိပ်ခတ်သလိုဖြစ်သွားမယ့် အရာမျိုးတွေကို ကိုယ့်သိက္ခာကိုယ်သိပြီး ဆင်ခြင်ရမှာဖြစ်ပါတယ်၊ နိုင်ငံတော်ရဲ့အချုပ်အခြာနဲ့ ယဉ်ကျေးမှုကို ထိခိုက်စေတာမျိုး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေတာမျိုးတွေကို ဘယ်အရာကတော့ ယဉ်ကျေးမှုကို ထိခိုက်စေတယ်လို့ ပြောနေစရာမလိုပါဘူး၊ ဘယ်အရာကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားတယ်၊ မပျက်ပြားဘူးဆိုတာ အဓိပ္ပာယ်ဖွင့်ပေးနေစရာ မလိုပါဘူး။ ကိုယ့် တာဝန်သိသိနဲ့ ကိုယ်လုပ်ရမှာဖြစ်ပါတယ်။ သူ့တာဝန်နဲ့သူ လုပ်ကြမယ်ဆိုရင် ဆင်ဆာအဖွဲ့က ဘာမှ လုပ်စရာမလိုပါဘူး၊ တစ်ခါတည်း တန်းပြီး အများပြည်သူကို ပြသခွင့်ပေးလိုက်တာပါပဲ။

**တွေ့ဆုံမေးမြန်း -သန့်မော်ဝင်း၊ ဓာတ်ပုံ-ရဲထွင်**

# ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို ထိန်းချုပ်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၁၈ ခုနှစ်တွင် အဓိကထား လုပ်ဆောင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၃

**၂-၂-၂၀၁၈ ရက်နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၏ မေးခွန်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်တို့ကို အောက်ပါအတိုင်း အပြည့်အစုံ ဖော်ပြအပ်ပါသည် -**

နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်း ထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာသက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနဲ့ ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ** ။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးအောင်ကြည်ညွန့်က နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်း ထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနဲ့ ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ညွန့် ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်ထောင်စုဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ဒီနေ့ ဒီမေးခွန်း ဖော်ပြထားတဲ့ မေးခွန်းကို မေးမြန်းဖို့ အခြေခံအားဖြင့် ပေါ်ပေါက်လာတဲ့ အကြောင်းတစ်ခုကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့မှာ ပြီးခဲ့တဲ့ ဇူလိုင်လ ၉ ရက်နေ့တုန်းက ဒီစန္ဒာသူရိယ ပညာကျန်းမာအသင်းလေးကနေပြီးတော့ ဦးဆောင်ပြီးတော့ အစိုးရအထက်တန်းကျောင်းမှာ ကျောင်းမုန့်ဆိုင်တွေမှာ ရောင်းနေတဲ့ ကလေးတွေအတွက် အန္တရာယ်မကင်းတဲ့ အစားအသောက်တွေ သူတို့ရဲ့ရှန်ပိုငွေလေးနဲ့ ဝယ်ပြီးတော့ ဒါတွေကို ကျွန်တော်တို့ ပညာပေးဟောပြောပြီးတဲ့ အခါမှာ ဖျက်ဆီးတဲ့ အခမ်းအနားလေးတစ်ခု ကျင်းပခဲ့တယ်။ အဲဒီမှာ ဈေးကွက်အတွင်းထဲမှာ ရှိနေတဲ့ အခြေအနေနဲ့ပတ်သက်ပြီးတော့လည်းပဲ ကျွန်တော် အခမ်းအနားမှာ တင်ပြဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် အင်မတန်မှ ကလေးတွေအတွက်ရော တကယ်တော့ တစ်နိုင်ငံလုံးအတွက် စားသုံးမှုတွေမှာ အင်မတန်အန္တရာယ်ကြီးနေတဲ့ ပကတိမြေပြင်အခြေအနေမှာ ဒီလိုတွေပေါ်ပေါက်နေတယ်ဆိုတာကို တွေ့လာရတဲ့အတွက် ဒီမေးခွန်းမေးဖို့ ကျွန်တော် ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ဒါ နဲ့ပတ်သက်ပြီးတဲ့အခါကျတော့ အခု ကျွန်တော်တို့ ဒီမေးခွန်းမှာ ကျွန်တော် တင်ပြထားတဲ့အတိုင်းပဲ တရားဝင်ပိတ်ပင်ထားတဲ့ အစားအသောက်တွေလည်း ဒီနေ့ ဈေးကွက်ထဲမှာ ရရှိနေတယ်။ နောက် အထည်အလိပ်လုပ်ငန်းတွေမှာ သုံးတဲ့ ကျွန်တော်တို့ ဆိုးဆေးတွေကိုလည်းပဲ ကျွန်တော်တို့ အစားအသောက်လုပ်ငန်းတွေမှာ လွယ်လွယ်ကူကူ သုံးလို့ရနေတယ်။ အဲဒီဆေးတွေကလည်းပဲ တစ်နေရာမှာတစ်ထုပ်ကို ၅၀ တည်းနဲ့ အပြင်မှာ လွယ်လွယ်ကူကူဝယ်ပြီးတော့ သုံးလို့ရတဲ့အတွက် အစားအသောက်တွေထဲမှာ ဒီအရောင်ဆိုးဆေးတွေ လုပ်နေတယ်။ အဲဒီတော့ ဒီလိုအခြေအနေမျိုးတွေရှိတဲ့အခါမှာ ဒီလိုဆိုရင် ကျွန်တော်တို့ ဈေးကွက်ထဲမှာ သုံးနေတဲ့ ဒီဆိုးဆေးတွေဟာ အစားအသောက်အတွက် ဆိုးဆေးပဲဖြစ်စေ၊ သို့မဟုတ် တခြားအထည်အလိပ်မှာသုံးတဲ့ ဆိုးဆေးပဲဖြစ်စေ၊ ဒါတွေကို ကျွန်တော် ကျန်းမာရေးအတွက်မှာ အရင်တုန်းကသုံးခဲ့တဲ့ ဒိုင်ယာစီပင်ဆေးမျိုးလို၊ ဘက်ထရီလုပ်ငန်းတွေမှာသုံးတဲ့ ကန့်ငရဲမီး (Sulphuric Acid) တို့လို ထိန်းချုပ်ကန့်သတ်ထားတဲ့ ပုံစံမျိုးလေးနဲ့ စနစ်တကျရောင်းချပေးမယ်ဆိုရင် အလွယ်တကူဝယ်ယူလို့မရဘူးဆိုရင် အစားအသောက်တွေထဲမှာ ရောက်မယ့်အန္တရာယ်တွေ လျော့ပါးသွားနိုင်မယ့် အခြေအနေမျိုးရှိနေတာကို ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်

> **“ ကျွန်တော်တို့လုပ်တာကို ဒီပညာရေးဝန်ကြီးဌာနတို့ Custom တို့ကပေါ့၊ ပြည်ထဲရေး သူတို့က ပံ့ပိုးရမယ်၊ ကျွန်တော်တို့က တရားစွဲတယ်၊ တရားစွဲတာ အမှုက တစ်လလောက်၊ ၁၀ လလောက် ကြာနေပြီ၊ ဘာမှမဖြစ်ဘူး၊ အဲဒီတော့ ဒီလိုကိစ္စမျိုးမှာတရားစွဲပြီး အမှုချမယ်ဆိုရင် တစ်လအတွင်း အမှုကို တရားသူကြီးက အမိန့်ချမှတ်ရမယ်၊ ဒါမှဖြစ်မယ်၊ ဒီတရားရေးကိစ္စမှာ ခုနစ်လ၊ ရှစ်လ၊ တစ်နှစ် မပြီးဘူး၊ ဒီကြားထဲမှာ အများကြီး ဖြစ်နေတယ်ဆိုတာလည်း အကုန်သိပါတယ်၊ အဲဒီလို သွားလို့ကတော့ မရပါဘူး၊ ကျွန်တော်တို့ နိုင်ငံက ဒုံရင်း ဒုံရင်းပဲ ဖြစ်မယ်၊ အဲဒါကိုတော့ ပြတ်ပြတ်သားသားလုပ်ဖို့ လိုပါတယ် ”**

အဲဒီအပြင် ကျွန်တော်တို့ ဈေးတွေထဲမှာ အခု ငါးပိ၊ ငါးခြောက်တွေဆို ယင်မနားတော့ပါဘူး။ အဲဒီမှာ ကျွန်တော်တို့ ပိုးသတ်ဆေးတစ်မျိုးကို ကျွန်တော်တို့ ရေနဲ့ရောပြီးတော့ ငါးပိ၊ ငါးခြောက်တွေပေါ်မှာ အမြဲတမ်းဖျန်းပြီးတော့၊ နှစ်ပြီးတော့ ရောင်းနေတယ်။ အဲဒီတော့ ငါးပိ၊ ငါးခြောက်တွေမှာ ယင်မနားတော့ဘူး၊ ဆန်သည်တွေရဲ့ ဆန်တွေပေါ်မှာပဲ ယင်တွေလာနားတော့တယ်။ ပြီးတော့ ဒီကောင်တွေက အဆိပ်အတောက်တွေပဲ ဖြစ်တယ်။ ပြီးရင် ငါးပိထဲမှာ ယင်မနားဖို့ရာအတွက် ပိုးသတ်ဆေးတွေ လုပ်နေတယ်ဆိုတာလည်း လေ့လာတွေ့ရှိနေရပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ တကယ့်မြေပြင်အခြေအနေမှာရှိနေတဲ့ အနေအထားကို သိနိုင်ဖို့အတွက် Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံပါတယ်။ ဒါတွေက ကျွန်တော်တို့ ပါဝါသကြားတွေနဲ့ ကျွန်တော်တို့ ဒီမှာသုံးနေတဲ့ FDA ကနေပြီးတော့လည်း ပိတ်ပင်ထားပြီးတဲ့အခြေအနေ ဒါပေမယ့် အခုအချိန်အထိ ကျွန်တော်တို့ ဈေးကွက်ထဲမှာ ရောက်ရှိနေတဲ့ အစားအသောက်တွေ ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ဆန်တွေ၊ ပဲတွေမှာသုံးနေတဲ့ ပိုးမထိုးအောင် ဆေးထည့်တဲ့ ပိုးသတ်ဆေးဖြစ်တယ်။ နောက်ခုနတုန်းက ယင်မနားတဲ့ ပိုးသတ်ဆေးတွေပါ။ ယင်မနားဆေးဆိုတာ ရေနဲ့ဖျန်းပြီးတော့ ငါးခြောက်တွေ၊ ငါးပိတွေပေါ်မှာ အမြဲတမ်းဖျန်းပြီး ရောင်းနေတဲ့ ဈေးကွက်ထဲမှာ တွင်တွင်ကျယ်ကျယ် သုံးနေတဲ့ ဆေးတွေဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ ဈေးအတွင်းမှာ ဖြန့်ချိရောင်းချနေတဲ့ အရောင်တင်မှုန့်တွေ ဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ မှည့်ဆေးလို့ခေါ်တဲ့ သုံးနေတဲ့ ဆေးတွေဖြစ်ပြီးတော့ ဒါလည်း ကျွန်တော်တို့ FDA က သာမန်အားဖြင့် အသုံးပြုဖို့ရာ မသင့်တော်တဲ့ အချဉ်ခဲတွေ သာမန်ပကတိအတိုင်း သုံးနေတဲ့ မန်ကျည်းတို့၊ သံပရာတို့၊ ရှောက်တို့ သဘာဝအစားသုံးနေတဲ့အချဉ်ခဲတွေ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ တရုတ်ပြည်ကနေထုတ်လုပ်တဲ့အခါကျတော့ အသုံးပြုနေတဲ့ တရုတ်နိုင်ငံလုပ် Milk Shake တွေ ဖြစ်ပါတယ်။ နောက် ဟိုဘက်က တရားမဝင်ဖြန့်ချိပြီးတော့ ရောက်ရှိနေတဲ့ ကျွန်တော်တို့ ဘာအညွှန်းမှလည်းမပါတဲ့ တရုတ်မုန့်တွေ ဖြစ်ပါတယ်။ များသောအားဖြင့် ဒါတွေဟာ ကလေးသူငယ်တွေရဲ့ ကျောင်းစားသောက်ဆိုင်တွေမှာ ကျွန်တော်တို့ တွေ့နေရတဲ့မုန့်တွေ ဖြစ်ပါတယ်။

ဒါက ကျွန်တော် FDA ကနေပြီးတော့ တရားဝင်ပိတ်ပင်ထားတဲ့ တံဆိပ်အမှတ်အသားတွေနဲ့ ကျွန်တော်တို့ တရားမဝင်ဆိုးဆေးတွေ သုံးထားပါတယ်လို့ ဖော်ပြထားတဲ့ အစားအသောက်ကုန်တွေ ဖြစ်ပါတယ်။ ဒီစားသောက်ကုန်တွေကလည်း အခုလက်ရှိအခြေအနေအထိ ဈေးကွက်ထဲမှာ ဝယ်ယူလို့ရနေတဲ့ အနေအထားမျိုးမှာ ရှိနေပါတယ်။ ဒါလည်း အလားတူပါပဲ။ ကျွန်တော်တို့ FDA က ပိတ်ပင်ထားပြီးသား တံဆိပ်အမျိုးအစားတွေနဲ့ ဒါကြောင့်မို့လို့ ဈေးကွက်ထဲမှာ အခုအချိန်အထိ ရောင်းနေတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

ဒါတွေက စောစောပိုင်းက ကျွန်တော်ပြခဲ့တာ ဒီမေးခွန်းကို ကျွန်တော် ဇူလိုင်လကတည်းက တင်ခဲ့တာ ဖြစ်ပါတယ်။ ဇူလိုင်လတုန်းကရှိနေတဲ့ အခြေအနေဖြစ်ပြီးတော့ အခုနောက်ပိုင်း ပြီးခဲ့တဲ့ဒီဇင်ဘာလအထိ ဈေးကွက်ထဲမှာရှိနေတဲ့ အနေအထားနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဆက်လက်ပြီးတော့ တင်ပြမှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဒီဇင်ဘာလအထိ ကျောင်းမုန့်ဆိုင်တွေမှာ အဲဒါတွေ အခုအချိန်အထိ ရောင်းချနေတဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေကတော့ ကျောင်းမုန့်ဆိုင်တွေမှာ လောလောဆယ်ကို ကျွန်တော်တို့ မုန့်တွေကို ချက်ချင်းကို ကျွန်တော်တို့ ဒီ ဓာတုဗေဒ ဆိုးဆေးတွေနဲ့ စိမ်ပြီးတော့ အမျိုးမျိုး ကလေးတွေကို သူကရောင်းတာ။ ဒါတွေကိုပဲ ကလေးတွေက နေ့စဉ်နဲ့အမျှ ကျွန်တော်တို့ ကလေးတွေက ဝယ်ယူစားသုံးနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ ဈေးကွက်တွေထဲမှာ ကျွန်တော်တို့ မျှစ်ကိုလတ်တလော ကျွန်တော်တို့ ဒီအရောင်တင်ဆေးမှုန့်တွေနဲ့ဈေးကွက်ထဲမှာ ရောင်းနေတာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ပုစွန်ခြောက်ဆို ဆေးဆိုးထားတဲ့ ပုစွန်ခြောက်တွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုအနေအထားမျိုးတွေရှိနေတဲ့ အခြေအနေမျိုးတွေနဲ့ ပတ်သက်ပြီးတော့ကာ တကယ်တမ်းမြေပြင်အခြေအနေကို ကြည့်လိုက်တဲ့အခါကျတော့ မြို့နယ်မှာရှိတဲ့ အခြေခံအကျဆုံးဖြစ်တဲ့ အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ရေးကော်မတီတွေမှာ ဘဏ္ဍာငွေခွင့်ပြု - - - - - -

**ဥက္ကဋ္ဌ** ။ ။ ၂ မိနစ် အချိန်ပေးမယ်။

**ဦးအောင်ကြည်ညွန့် ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)** ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးချင်တဲ့ မေးခွန်းက သုံးခုပဲရှိပါတယ်။ (၁)FDA က တရားဝင်ပိတ်ပင်ထားပြီးဖြစ်တဲ့ မုန့်နဲ့ အစားအသောက်တွေကို ဈေးကွက်ထဲမှာ ဆက်လက်ပြီးတော့ တွင်ကျယ်စွာ ရောင်းချနေမှုကို တားမြစ်ရန် ဘယ်လိုစီစဉ်ဆောင်ရွက်နေတယ်။ ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် ဘယ်လိုဆက်လက်ဆောင်ရွက်မလဲဆိုတာကို လည်းကောင်း။ (၂)အထည်အလိပ်လုပ်ငန်းများမှာသုံးတဲ့ ဓာတုဆိုးဆေးတွေကို ဈေးကွက်မှာ အလွယ်တကူဝယ်ယူအသုံးပြုနိုင်ခြင်းကြောင့် အစားအသောက်လုပ်ငန်းများမှာ အသုံးပြုနေခြင်းကို တားမြစ်နိုင်ရန်အတွက် လက်တွေ့မှာ ဖြစ်နိုင်ခြေမရှိတဲ့အတွက် ဒီဆိုးဆေးတွေကို ထိန်းချုပ်ကုန်အဖြစ် စနစ်တကျ မှတ်ပုံတင်ရောင်းဝယ်ရမည့် ထိန်းချုပ်ကုန်စည်အဖြစ် သတ်မှတ်ထိန်းချုပ်ရန် အစီအစဉ်ရှိ၊ မရှိနဲ့ (၃) အမျိုးသားကျန်းမာရေးနဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတာနဲ့အမျှ အခြေခံအကျဆုံးလည်းဖြစ်တဲ့ မြို့နယ်အစားအသောက်နဲ့ဆေးဝါးကြီးကြပ်ရေးကော်မတီများ လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဘဏ္ဍာငွေသုံးစွဲမှုနဲ့တကွ ထိရောက်ထက်မြက်စွာဆောင်ရွက်နိုင်စေရေးအတွက် ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ **(သြဘာသံများ)**

**ဥက္ကဋ္ဌ** ။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး။ (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ မေးခွန်းများအနက် ပထမမေးခွန်းကိုတော့ အချိန်ပိုယူပါမယ်။ ကျန်တဲ့မေးခွန်းတွေကတော့ တိုပါတယ်။ အချိန်ပိုပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် ဦးအောင်ကြည်ညွန့်ရဲ့ မေးခွန်းဟာ တော်တော်လေး ကျယ်ပြန့်တဲ့ မေးခွန်းဖြစ်တဲ့အပြင် နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ သတ်မှတ်မယ်ဆိုရင် ဒါ National Emergency ပေါ့၊ အဲဒီလို အခြေအနေကို ဖြစ်ပါတယ်။ ဒီမေးခွန်းမေးတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ပါတယ်။ ပထမဆုံး ကျွန်တော် ဖြေမှာကတော့ ကျွန်တော်တို့ ဘာလုပ်နေလဲဆိုရင် Post Marketing Service ပေါ့၊ ဈေးကွက်အတွင်း ထောက်လှမ်းခြင်းကို လုပ်ပြီးတော့ တွေ့တဲ့ဟာတွေကို သိမ်းတယ်။ ဖျက်ဆီးတယ် လုပ်ပါတယ်။ နောက်ပြီးတော့ ထပ်ပြီးတော့ ထုတ်လုပ်တဲ့နေရာအထိ ကျွန်တော်တို့ သွားပါတယ်။ ထုတ်လုပ်တဲ့နေရာ ရောက်တဲ့အခါမှာ ကျွန်တော်တို့ဟာ နည်းနှစ်နည်းနဲ့လုပ်ပါတယ်။ ပထမတစ်နည်းက စီမံခန့်ခွဲရေး နည်းလမ်း၊ ဒုတိယတစ်နည်းကတော့ တရားစွဲဆိုခြင်းပေါ့။ စီမံခန့်ခွဲရေး နည်းလမ်းကတော့ ပထမဦးဆုံးသူတို့ကို ပညာပေးပါတယ်။ နောက်ပြီးတော့ ခံဝန်ကတိတွေ ထိုးခိုင်းပါတယ်။ ပြီးရင် မရရင် ရောင်းခွင့်ကို ပိတ်ပါတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ တရားစွဲပါတယ်။ ဒီနည်းနှစ်ခုနဲ့ ကျွန်တော်တို့ လုပ်နေပါတယ်။ ဒါကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ အစားအသောက်နှင့် ဆေးဝါးဥပဒေက ၁၉၉၇ ခုနှစ်က ထုတ်ထားတဲ့ ဥပဒေဖြစ်ပြီးတော့ ၂၀၁၃ ခုနှစ်မှာ ပြန်ပြင်ဆင်ထားပါတယ်။ ဒါပေမယ့် ဒါကိုကြည့်လိုက်တဲ့ အခါမှာလည်း လုံလောက်မှု မရှိပါဘူး။ ထိရောက်မှုတော်တော်နည်းတဲ့အတွက် ကျွန်တော်ဒီဟာကို ကျွန်တော်ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့ ရှေ့နေချုပ်ရုံးသို့ ရောက်နေပြီထင်ပါတယ်။ ဒီဥစ္စာကို ပြင်ပြီးရင်တော့ ကျွန်တော်တို့က ဒီဥပဒေဟာ နည်းနည်းပိုပြီးတော့ ထိရောက်လာမယ်ဆိုတာကို ပြောလိုပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဆက်ဖြေရမယ်ဆိုရင် အမှန်တရားကတော့ Root Cause ပေါ့၊ ပင်ရင်းဇာစ်မြစ်ကို ကျွန်တော်တို့က ကိုင်တွယ်မှုဖြစ်မယ်။ ဒီမှာ ဆေးဆိုးတဲ့ ဆေးဆိုးပါတဲ့ အစားအသောက် ဒီဟာတွေကို လုပ်မယ်ဆိုရင် ပြည်တွင်းမှာ ရောင်းတဲ့အစားအသောက်ရှိတယ်။ အခြားနိုင်ငံက ဝင်တဲ့ အစားအသောက်ရှိပါတယ်။ အခြားနိုင်ငံကဝင်တဲ့ ဒီဆေးဆိုးပါတာ၊ မထည့်သင့်တဲ့အရာ ထည့်ထားတာ ကိုလုပ်ဖို့ရာ ကျွန်တော်တို့ တာဝန်မဟုတ်ပါဘူး။ Custom Department ဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

Custom Department က အရမ်းတင်းကျပ်ပြီး ပိတ်ပင်ဖမ်းဆီးလုပ်ရင် ဒါပြဿနာရှင်းသွားမယ်။ အဲဒီတော့ သူတို့ Custom Department က ပိတ်ပင်ရှင်းလင်းဖို့ရာအတွက်ကိုလည်း ကျွန်တော်တို့မှာ ဒီနယ်စပ်ဒေသရှိတဲ့ နေရာမှာ Lab တွေကို ကျွန်တော်တို့ ခုတ်ခွဲခန်းတွေကို အဆင့်မြှင့်ပြီး လုပ်ထားပြီးပါပြီ။ အဓိက ကတော့ Custom Department နဲ့ ကျွန်တော်တို့ နယ်စပ်မှာရှိတဲ့ ကျွန်တော်တို့ ရုံးပေါ့၊ အစားအသောက် FDA ရုံးတွေနဲ့ ပေါင်းပြီးလုပ်လို့ရှိရင် မရနိုင်စရာ အကြောင်းမရှိပါဘူး။ Custom Department က လွှတ်လိုက်လို့ရှိရင် ကျွန်တော်တို့ ဘာမှမတတ်နိုင်တော့ဘူး။ ဒီအစားအသောက်တွေက ဘယ်ကို ရောက်သွားသလဲ။ ဘယ်သူမှ Trace လို့လည်း မရနိုင်ဘူး။ အဲဒါရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်အနေနဲ့ကတော့ ဝန်ကြီးဌာနနှစ်ခုဟာ လုံးဝပေါင်းရမယ်။ ပေါင်းခြင်းဆိုတာ ဒါတော်တော်ကို အရေးကြီးပါတယ်။ National Emergency ဖြစ်ပါတယ်။ တစ်ပြည်လုံး ဒုက္ခရောက်မှာပါ။ လမ်းပေါ်မှာ လျှောက်တဲ့သူကအစ ကျွန်တော်တို့ ထိပ်ဆုံးအထိ၊ နိုင်ငံတော်သမ္မတ အထိကို အကုန်လုံးက ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးများ အပါအဝင် စားနေတာ အကုန်လုံးက။ ဒါတွေဟာ နေ့စဉ် ဒုက္ခရောက်နေတာပါ။ ဒါကို ကျွန်တော်အနေနဲ့လည်း ဆက်ပြီးလုပ်ဖို့ အများကြီးရှိပါတယ်။ ကျွန်တော် တင်ပြပါမယ်နော်။

နောက်တစ်ချက်ကတော့ ဇာစ်မြစ်ကို လုပ်မယ်ဆိုရင် ကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမတွေက ကျောင်းသားတွေကို ပြောရမယ်။ ပြောလည်းပြောပါတယ်။ ဒါပေမယ့် ပိုပြီး ထိရောက်ဖို့လိုတယ်။ တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ၊ ဒီအစားအသောက်တွေ စားရင် ဘာဖြစ်နိုင်မယ်။ ဒါကျွန်တော်တို့ဘက်က ကျောင်းကျန်းမာရေးအဖွဲ့ ၈၀ ကျော်ရှိပါတယ်။ ဒါနဲ့ပေါင်းပြီးလုပ်ရမယ်၊ ဒါကလည်း ပညာရေးဝန်ကြီးဌာနနဲ့ စီမံချက်ချပြီးလုပ်မှုဖြစ်မယ်။ လုပ်တဲ့ကျောင်းက လုပ်တယ်။ မလုပ်တဲ့ကျောင်းက မလုပ်လို့ မရပါဘူး။ ပညာရေးဝန်ကြီးနဲ့ ကျွန်တော်ထိုင်ပြီးတော့ ဘယ်လိုလုပ်မလဲ တစ်ပြည်လုံးမှာကို ကျွန်တော့်မှာ ကျောင်းကျန်းမာရေးအဖွဲ့တွေ ရှိတယ်။ မြို့နယ် ဆရာဝန်တွေ ရှိတယ်။ ကျန်းမာရေးမှူးတွေ ရှိတယ်။ ဘယ်လိုလုပ်မလဲ။ တစ်လတစ်ခါ သို့မဟုတ် နှစ်လတစ်ခါ အနည်းဆုံး။ မဟုတ်ရင် သုံးလတစ်ခါ အခြေအနေကို ကြည့်ပြီးတော့ မလုပ်လို့မရပါဘူး။ ဆိုတော့ ဒီကျောင်းသားတွေသည် ဒါကိုစားရင် အန္တရာယ်ရှိတယ်ဆိုတာကို သူတို့သိရင် မဝယ်တော့ဘူး။ မစားတော့ဘူး။ သူတို့မဝယ်၊ မစားဘူးဆိုရင် ဈေးရောင်းတဲ့သူတွေက ရောင်းလို့မရတော့ဘူး။ သူတို့ မရောင်းတော့ဘူး။ ကျောင်းသားတွေ စားသမျှကာလပတ်လုံး သူတို့က ရောင်းမှာပဲ။ အဓိက ကတော့ ဘာလဲဆိုတော့ ကျွန်တော်တို့ Health Literacy ပေါ့။ ကျောင်းသားတွေမှာ Health Literacy ကျန်းမာရေးအသိပညာ၊ အစားအသောက်နဲ့ ဟာတွေကို ယခုထက် ပိုမိုပြီးလုပ်ရမယ်။ ပုံမှန်အေးအေးဆေးဆေးလုပ်လို့မရဘူး။ ဒါ National အမျိုးသားအဆင့်ကို အရေးကြီးနေပါပြီ။ မဟုတ်ရင် ဒီကလေးတွေက အခုမဖြစ်ဘူး။ နောက်ကြာလို့ရှိရင် အသည်းကင်ဆာ ဖြစ်မယ်၊ Kindney ကျောက်ကပ်၊ အသည်း၊ နောက် ဦးနှောက် ဒါတွေက အဓိကရေးထားတယ်။ အစာအိမ်လမ်းကြောင်း တစ်လျှောက်မှာ ရောဂါတွေရမယ်။ ဖြစ်လာမှ ရောဂါရရင် ကျွန်တော်တို့ ဘာမှလုပ်လို့ မရတော့ဘူး။

အဲဒီတော့ မဖြစ်ခင်က လုပ်ဖို့ဆိုတာက အခုမကြာခင် ဒါကို ကျွန်တော်တို့ ပြန်တွေ့ဖို့ လုပ်မယ်။ ကျွန်တော်တို့ လုပ်နေပါတယ်။ FDA ကတော့ တော်တော် လုပ်နေပါတယ်။ သို့သော်လည်း ကျွန်တော်တို့လုပ်တာကို ဒီပညာရေးဝန်ကြီးဌာနတို့ Custom တို့ကပေါ့၊ ပြည်ထဲရေးသူတို့က ပံ့ပိုးရမယ်။ ကျွန်တော်တို့က တရားစွဲတယ်။ တရားစွဲတာ အမှုက တစ်လလောက်၊ ၁၀ လလောက် ကြာနေပြီ။ ဘာမှမဖြစ်ဘူး။ အဲဒီတော့ ဒီလိုကိစ္စမျိုးမှာတရားစွဲပြီး အမှုချမယ်ဆိုရင် တစ်လအတွင်း အမှုကို တရားသူကြီးက အမိန့်ချမှတ်ရမယ်။ ဒါမှဖြစ်မယ်။ ဒီတရားရေးကိစ္စမှာ ခုနစ်လ၊ ရှစ်လ၊ တစ်နှစ်မပြီးဘူး။ ဒီကြားထဲမှာ အများကြီး ဖြစ်နေတယ်ဆိုတာလည်း အကုန်သိပါတယ်။ အဲဒီလို သွားလို့ကတော့ မရပါဘူး။ ကျွန်တော်တို့ နိုင်ငံက ဒုံရင်းဒုံရင်းပဲ ဖြစ်မယ်။ အဲဒါကိုတော့ ပြတ်ပြတ်သားသားလုပ်ဖို့ လိုပါတယ်။

နောက်တစ်ချက်က အခုကျွန်တော်ပြောတဲ့ ပညာပေးတွေ လုပ်ဖို့အတွက် ကျွန်တော်တို့က အကြီးအကျယ်လုပ်နေပါတယ်။ ဒီစက်တင်ဘာလ ၂၃ ရက်နေ့ ကျွန်တော်တို့ Standardize Health Message ဆိုတဲ့ စာအုပ်ကြီးကို Range လုပ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း သဝဏ်လွှာပို့ပါတယ်။ ဒီစာအုပ်ကြီးက ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ၂၀၀၀၀ ကျော်သော Basic Health Services Program ကျန်းမာရေးမှူးတွေ၊ $BHS_1$၊ $BHS_2$ ပြည်သူ့ကျန်းမာရေးလုပ်သား တစ်နှစ်၊ နှစ်နှစ်၊ သားဖွားဆရာမတွေ အကုန်လုံးကိုင်ပါတယ်။ ကိုင်ပြီးတော့ အိမ်တိုင်ရာရောက်ပါ။ သူတို့အလုပ်က အိမ်တိုင်ရာရောက်ပါ သွားတဲ့အလုပ်ပါပဲ။ အဲဒီမှာ တွေ့ရင် သူတို့က ပညာပေးမယ်။ အဲဒါတစ်ခုပဲရှိပါတယ်။ အဲဒီစာအုပ်ကြီးမှာ ကျွန်တော်က မြန်မြန်ထုတ်လိုက်တဲ့အတွက် သုံးခုကျန်သွားပါတယ်။ အစားအသောက် ကျန်သွားတယ်။ တိုင်းရင်းဆေးကျန်သွားတယ်။ အားကစား။ အခုလုပ်နေပါပြီ။ လာမယ့် တစ်လအတွင်း ဒုတိယတွဲထွက်မှာပါ။ အဲဒါဆိုလို့ရှိရင် အစားအသောက်နဲ့ဟာတွေ အကုန်ပါတယ်။ ဘယ်အစားအသောက်အန္တရာယ်ရှိတယ်။ အကုန်လုံးပါတယ်။

အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်လို့လည်း ဒီစာအုပ်ကြီးက ဒီလောက်လောက်ထူပါတယ်။ သူတို့ သယ်ဖို့အစက ရည်ရွယ်တော့၊ သယ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အတွက် ကျွန်တော် Tablets တွေကို အခု ၃၀၀၀ ဝယ်မယ်။ နောက်လာမယ့် ခြောက်လအတွင်းကို ၁၅၀၀၀ ဝယ်မယ်။ သူတို့ Tablets နဲ့ပဲ ပေးတော့မယ်။ အကုန်လုံးကို။ သူတို့က ဒါလေးတွေကိုင်သွားမယ်။ အကုန်နှိပ်လိုက်ရင် အကုန်ပေါ်မယ်။ ဒီ Tablets ပေးခြင်းအားဖြင့် ခုန ကျွန်တော်ထပ်ပြီးတော့ ပညာပေးတာတွေကို ဒီက Electronic Keys ကနေ ဆက်ထည့်ပေးလို့ရတယ်။ App တွေ ထည့်ထားတယ်။ အဲဒီတော့ ဒီလိုလုပ်မှသာလျှင် ကျွန်တော်တို့ နိုင်ငံက ကျန်းမာရေးတိုးတက်မယ်။ ကျန်းမာရေး



**FDA က စားသုံးရန်မသင့် ထုတ်ပြန်ထားသည့် ကလေးငယ်များ စားသုံးသောဂျယ်လီနှင့် မီးဖိုချောင်သုံး အရောင်တင်မှုန့်။**

တိုးတက်ဖို့ဆိုတာ ကျန်းမာရေး အသိပညာကောင်းမှ တက်မယ်။ ကျန်တာတွေ လျှောက်လုပ်လို့ ဘယ်လိုမှမရဘူး။ ကျွန်တော်ဆိုလို့ရှိရင် အစားအသောက်ဝယ်လို့ရှိရင် Expire Date ကို ကြည့်လိုက်တယ်။ ထုတ်လုပ်တဲ့ ကုမ္ပဏီ ပါလား၊ တယ်လီဖုန်းနံပါတ်၊ ဒါမှ ကျွန်တော်ဝယ်တယ်။ ဒါမှမဟုတ်ရင် လုံးဝမစားဘူး။ အလားတူစွာ ပြည်သူများအားလုံး၊ အခု ကျောင်းတွေမှာရှိတဲ့ ကျောင်းသားများအားလုံးက ဒီလိုလုပ်မှ ဖြစ်မယ်။ ဒီလိုလုပ်မှဖြစ်မယ်ဆိုတော့ ကျောင်းတွေမှာကြည့်ရင် ကျွန်တော်တို့က ကျောင်းကျန်းမာရေး ဆရာဝန်က သွားပြီးတော့ ဟောပြောမယ်။ ကိုယ်က ဟောပြောလို့မရပါဘူး။ Peer Group ပါ လုပ်ရမယ်။ ကျောင်းသားတွေကို ပြန်ပြောခိုင်းရမယ်။ ကျောင်းသားဆိုတာ အချင်းချင်းပြောတာကို ပိုပြီး နားထောင်တယ်။ ပိုလည်း လေးစားတယ်။ အဲဒီတော့ အဲဒါကိုလည်း ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနနဲ့ပေါင်းပြီးတော့ ကျွန်တော်တို့လုပ်ဖို့ရှိတယ်။ မဟုတ်လို့ရှိရင်တော့ မရပါဘူး။

နောက်တစ်ချက်က ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးမှာ Basic Plan ရှိပါတယ်။ Agent Host Environment ဆိုတော့၊ ရောင်းတဲ့သူတွေကိုလည်း ပညာပေးရမယ်။ ရောင်းတဲ့လူကိုပဲ ပညာပေးတယ်ဆိုတာ ကျင့်ဝတ်။ ခင်ဗျားတို့ အမြတ်တစ်ခုတည်းကိုပဲ မကြည့်ပါနဲ့။ ခင်ဗျားတို့ ဒီဟာကို ရောင်းခြင်းအားဖြင့် ခင်ဗျားတို့ ကလေးတွေကလည်း အခြားကျောင်းတွေမှာ ရှိမှာပါပဲ။ စားမှာ ပါပဲ။ ရေရှည်မှာ ဒုက္ခရောက်မယ်။ ဒီဟာတွေကို လုပ်ရမယ်။ အဓိကကတော့ ပညာပေးလုပ်ငန်းတွေကို လုပ်ရမှာပေါ့နော်။ အကောင်းဆုံးနဲ့ အထိရောက်ဆုံး ငွေကြေးအသက်သာဆုံးကတော့ ခုနက ကျန်းမာရေးပညာ (Health Literacy Level) ကို ကျွန်တော်တို့က လုံးဝမြှင့်ရမယ်။ ဒါ အရမ်းအရေးကြီးပါတယ်။ ကျွန်တော်တို့ ဒါတွေလည်း လုပ်နေပါတယ်။ လုပ်နေပေမယ့် အခုဆိုလို့ရှိရင် ပထမဆုံး သတင်းစာထဲမှာလွှတ်တော်ကိုယ်စားလှယ်များတွေ့မှာပါ။ စစ်ကိုင်းတိုင်းမှာ စပြီးလုပ်ပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် ကြွရောက်ပါတယ်။ လူမှုရေးဝန်ကြီး ကြွပါတယ်။ Standardize Health Message ဆိုတဲ့ စာအုပ်ကြီးကို Range လုပ်တာပါ။ တိုင်းနဲ့ပြည်နယ် အကုန်လုံး တစ်ခုပြီးတစ်ခု သွားမှာပါ ကျွန်တော်တို့က စလုပ်နေပါတယ်။ စစ်ကိုင်းတိုင်းမှာ စလုပ်တယ်။

ဒီဥစ္စာကတော့ ကျွန်တော်ဆိုလိုတာ အခုမလုပ်လို့ရှိရင် ရေတိုမှာ ဒုက္ခရောက်မယ်။ ဝမ်းလျှောမယ်။ ရေရှည်မှာတော့ ခုနပြောတဲ့ အသည်းကင်ဆာအစ ကျောက်ကပ် အကုန်လုံးသွားမှာပါ။ လုပ်တဲ့အခါမှာ ကျွန်တော်တို့က ဒီနေရာမှာပဲ တင်ပြချင်တာက FDA တစ်ခုတည်း လုပ်လို့မရဘူး။ ကျောင်းကျန်းမာရေး၊ ကျောင်းဆရာလုပ်လို့ မရဘူး။ မြန်မာနိုင်ငံစားသုံးသူများအသင်းကလည်း ပါဝင်မယ်။ သူတို့က တစ်ပြည်လုံးမှာရှိတယ်။ ပြီးခဲ့တဲ့ စောစောတုန်းက ဦးဘအုန်းပေါ့၊ ဦးဘအုန်းနဲ့ ကျွန်တော်တွေ့ပြီးပါပြီ။ ဘယ်လိုလုပ်မယ် ကျွန်တော်တို့ စဉ်းစားနေပါတယ်။ နောက်တစ်ခါ ပြည်တွင်းမှာရှိတဲ့ NGO တွေ အများကြီးရှိပါတယ်။ ဒီ NGO တွေကိုလည်း ကျွန်တော်က ပညာပေးပြီး၊ သူတို့သွားတဲ့အခါမှာ အကုန်ပညာပေးရမယ်။ နောက်တစ်ချက်က ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာတော့ FDA က ပေးမယ်။ Lab တွေ ပေးမယ်။ နောက် Media တွေ ပါရမယ်။ ဒီဟာပေါင်းလုပ်မှုရမယ်။ ကျွန်တော် FDA က တစ်နေ့ကို ၄၈ ယောက်လောက် လုပ်တာတောင် မရနိုင်ပါဘူး။ Media က အရမ်းအရေးကြီးပါတယ်။ ဒါတွေအကုန်ပါရမယ် ဖြစ်တဲ့အပြင် အဓိက ကတော့ ကျောင်းပဲ။ ကျောင်းသား၊ မိဘ၊ ဆရာအသင်းတွေပါရမယ်။ ဆေးဆိုင်တွေပါအကုန်၊ ကျွန်တော်တို့က မန္တလေးမှာဆိုရင် ဒီလိုလုပ်ပါတယ်။ ဒီ ဓာတုဆိုးဆေးကင်းစင်တဲ့ဟာကို Approve လုပ်တယ်။ ဒါကပ်ပေးလိုက်တယ်။ အကယ်၍ ကပ်ပေးပြီးသား တစ်သက်လုံးမဟုတ်ဘူး။ ရံဖန်ရံခါ စစ်လို့တွေ့ရင် ဒါကို ပြန်ဖြုတ်မယ် ကျွန်တော်၊ ဒါတွေ ဆိုင်တွေကလည်း ဂုဏ်ယူတယ်။ သူ့ဆိုင်ရှေ့မှာ ဒါကပ်လို့ရှိရင် လူတော်တော်များများက သူ့ဆိုင်မှာ လာဝယ်တော့မယ်။ ဒါ မန္တလေးမှာ ကျွန်တော်တို့ စလုပ်တာပါ။ နောက်ပိုင်းလည်း ကျွန်တော်တို့ လုပ်ဖို့ရှိပါတယ်။

ဒါတွေက Project တင်ဒါတွေက ကျွန်တော် မပြောတော့ပါဘူး။ အများကြီး ရှိပါတယ်။ နောက်တစ်ချက်က မည်သို့ စီစဉ်ဆောင်ရွက်နေသည်ဆိုတာကတော့ ကျွန်တော်တို့က ၂၀၁၇ ခုနှစ်ကို ကျွန်တော်တို့က The Year of Post Market Surveillance ဈေးကွက်ထောက်လှမ်းရေးကို ပိုပြီးလုပ်တဲ့နှစ်လို့ သတ်မှတ်ထားပြီး ဒါ ကနဦးနှစ်ပေါ့၊ ဆက်တိုက် ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ကျွန်တော်တို့ သွားတော့မယ်။ Post Marketing Service ဆိုတာ အရမ်းအရေးကြီးပါတယ်။ ရံဖန်ရံခါ ရှောင်တခင်ဝင်စစ်၊ စစ်ပြီးတော့ တွေ့တာကို အရေးယူ၊ ဒါတွေကို ကျွန်တော်တို့ လုပ်ပါတယ်။ အကြောင်းကြားမယ်။ ရှောင်တခင်ဝင်စစ်မယ်။ အဲဒီတော့ ဌာနပေါင်းစုံဖြစ်တဲ့အတွက် ကျွန်တော်တို့ စစ်တဲ့အခါမှာလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်က မြင်တယ်။ ကျွန်တော်တို့ FDA က ယူနီဖောင်းလေးတွေနဲ့ ဦးထုပ်နဲ့ ဒါတော်တော်လေး သေသေသပ်သပ်ဖြစ်ပါတယ်။ ဒါ တော်တော်ကောင်းတဲ့ဟာ ဖြစ်ပါတယ်။ ကျွန်တော်စစ်တာတွေကတော့ မပြောတော့ပါဘူး။ ၂၀၁၇ ခုနှစ်မှာဆိုရင် အစားအသောက်၊ ကျောင်းတွေက နမူနာပေါင်း ၁၁၃၄၀ ရှိပြီး၊ ၁၀၈၄ ခုဟာ စားသုံးရန်မသင့်ဘူးတွေ့ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ်ကတည်းက ၂၀၁၅-၂၀၁၆ မှာလည်း စစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာဆိုရင်လည်း နမူနာ တိုင်းနဲ့ပြည်နယ် အကုန်ပြည့်သွားပါပြီ။ အကုန်လုံးစစ်တာ။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ အစားအသောက်နမူနာ ၂၂၇၈ ခု စစ်တဲ့အခါမှာ နည်းနည်းတော့ လျော့လာပြီး ၂၅ မျိုးမှာပဲ တွေ့တော့တယ်။ ဒါ တဖြည်းဖြည်း ဆက်ပြီးတော့ ထိန်းဖို့လိုပါတယ်။ အဲဒါလေးတွေ ကျွန်တော်တို့ လုပ်ပါတယ်။ လုပ်တဲ့အခါမှာ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ နောက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီနဲ့ အကုန်ပေါင်းပြီး လုပ်ပါတယ်။ ဒါတစ်ချက်ပါ။

နောက်တစ်ချက်က ဒုတိယအချက်အနေနဲ့ကတော့ နိုင်ငံခြားဘာသာသတ်သတ်ဖြင့် ရေးသားထားသော အစားအသောက်များနဲ့ စပ်လျဉ်း၍ မြန်မာဘာသာနဲ့ ရေးသားဖော်ပြရမည်ဆိုတာကတော့ ကျွန်တော်တို့မှာ ဥပဒေမရှိသေးပါဘူး။ ဒါက အရေးကြီးတဲ့ ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်ယောက်တည်း လုပ်လို့မရပါဘူး။ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရော၊ အခြား သက်ဆိုင်ရာ ခုနအသင်းအဖွဲ့တွေကလည်း အကြံဉာဏ်ပေးပြီးမှ ဒါဘယ်လိုလုပ်သင့်တယ်ဆိုတာကို စဉ်းစားဖို့လိုပါတယ်။ အဲဒါလေးရှိပါတယ်။ နောက် နေပြည်တော်မှာလည်း ကျွန်တော်တို့ လုပ်ပါတယ်။ ဒါတွေမပြောတော့ပါဘူး။ အခု ကျောင်းတွေအများကြီးစစ်ပါတယ်။ နောက်တစ်ခုက ခုနပြောတဲ့ အထည်အလိပ် ဓာတုဆိုးဆေးမှာ ဈေးကွက်အတွင်း အလွယ်တကူ သုံးစွဲနိုင်ခြင်းဆိုတာကတော့ နိုင်ငံတကာမှာ ဒါကို ထိန်းချုပ်ထားတာ မရှိပါဘူး။ လွတ်လပ်စွာ ရောင်းလို့ရပါတယ်။ အဲဒီတော့ ဒီဟာကို လွတ်လပ်စွာရောင်းလို့မရအောင်ဆိုလို့ရှိရင် ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ ကျွန်တော်တို့ ဘယ်သူ့ကိုပဲ ရောင်းရမယ်ဆိုတာကို သီးသန့်လုပ်ရင်ရပါတယ်။ လာဝယ်တဲ့သူသည် ဆိုးဆေးလုပ်တဲ့ ဒီဆေးဆိုးပန်းရိုက်လူတွေကိုပဲ ရောင်းရမယ်။ ကျန်တဲ့လူတွေ လာဝယ်လို့ရှိရင် မရောင်းရဘူးဆိုတာကိုတော့ ဥပဒေနဲ့ လုပ်လို့ရပါတယ်။ ကျွန်တော်တို့ လုပ်လို့မရပါဘူး။ တရားရေးဘက်က အကုန်လုံးပေါင်းပြီးတော့ လုပ်ရမှာ၊ လွှတ်တော်လည်းပါမယ်၊ တရားရေးလည်းပါမယ်။ ဘယ်လိုလုပ်မလဲ။ ဒါ အရမ်းအရေးကြီးပါတယ်။ မဟုတ်လို့ရှိရင် လက်လွတ်စပယ်နဲ့ ဒီမှာလည်း ပိုအရေးကြီးတာက နယ်စပ်မှာရှိတဲ့ Custom မှာ ဒါကို သိမ်းရမယ်။ ဝင်လာလို့ရှိရင် ဘယ်ကိုပေးမှာလဲ။ ပေးမယ့်လူမရှိဘူး သူရောင်းတော့မယ်ဆိုရင် ဒါကို သိမ်းကို သိမ်းပစ်ရမယ်။ ရောင်းတာက တကယ့် ကျွန်တော်တို့ အစိုးရမှတ်ပုံတင်ထားတဲ့ ဒီဓာတုဆိုးဆေးတွေကို ရောင်းခွင့်ပေးတဲ့လူကိုပဲ သွင်းခွင့်ပေးရမယ်။

မဟုတ်လို့ရှိရင် ဒီဟာ Custom က ကျော်ဖြတ်တာနဲ့ ဘယ်ရောက်သွားမလဲ ကျွန်တော်တို့ မသိဘူး။ မသိရင် အကုန်လုံးဝယ်တော့မယ်။ အဲဒါက အရင် အဲဒါက ကျွန်တော်တို့က Custom နဲ့လုပ်ဖို့လိုပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ တတိယမေးခွန်းဖြစ်တဲ့ Township Food and drug Supervising ကော်မတီပေါ့။ *စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၆ မှ*

တောင်တန်းဒေသ၏ သဘောထားကို မေးမြန်းရမည်ဆိုသည့်အချက်ဖြင့် ၁၉၄၇ ခုနှစ်တွင် ပင်လုံညီလာခံကို ခေါ်ယူကျင်းပခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ တိုင်းရင်းသားကိုယ်စားလှယ်များက လူမျိုးစုအဖွဲ့အလိုက် အချင်းချင်းပူးပေါင်းကာ ပဏာမဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းတို့ ပင်လုံသို့ ရောက်ရှိလာသည်။ ပင်လုံညီလာခံသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ခင်မောင်ကလေး၊ ဝန်ကြီးများဖြစ်သည့် ဦးအောင်ဇံဝေနှင့် ဦးတင်ထွဋ်၊ ဖဆပလ ကိုယ်စားလှယ်များဖြစ်သည့် ဦးဖေခင်နှင့် သခင်ဝတင် အပါအဝင် စသော ကိုယ်စားလှယ်များ၊ ဗိုလ်မှူးအောင်၊ ဗိုလ်မင်းလွင်၊ ဗိုလ်ထွန်းလှ စသော ပြည်သူ့ရဲဘော်ကိုယ်စားလှယ်များ၊ သတင်းထောက်အသင်းမှ ဦးကိုကိုလေး၊ ကျောင်းသားထုကိုယ်စားလှယ် ကိုစိန်မြမောင်၊ ကိုသန်းကြွယ်တို့နှင့် သတင်းစာတိုက်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ရှမ်းစော်ဘွားများ၊ ရှမ်းပြည်လူထုကိုယ်စားလှယ်များနှင့် အခြားတိုင်းရင်းသားအသီးသီးတို့၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဗြိတိသျှအစိုးရကိုယ်စား **"ဒိုမီနီယံ"**၊ အတွင်းဝန်ကလေးဘော်တွမ်လေနှင့် တောင်တန်းဒေသဆိုင်ရာ ဗြိတိသျှအရာရှိ အချို့လည်း လေ့လာသူအဖြစ် တက်ရောက်ကြသည်။

**ပင်လုံသမိုင်းဝင်စာချုပ်**

ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် တိုင်းရင်းသားကိုယ်စားလှယ်တို့ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ပြီး တောင်တန်းနှင့် မြေပြန့်တစ်ပေါင်းတည်း လွတ်လပ်ရေးရယူမည်ဟု ဆုံးဖြတ်ချက်နှင့်အတူ ပင်လုံစာချုပ်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပင်လုံ စာချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသသည့် သမိုင်းဝင်စာချုပ်ကြီးပင် ဖြစ်သည်။

**ပြည်ထောင်စုကြီး၏ အကျိုးစီးပွား သယ်ပိုးဆောင်ရွက်**

နယ်ချဲ့ဗြိတိသျှတို့က မသမာသော နည်းအမျိုးမျိုးသုံးကာ သွေးခွဲခဲ့သည့် ကြားမှပင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ လ ၁၂ ရက်နေ့ကို အစွဲပြု၍ ထိုနေ့ကို **"ပြည်ထောင်စုနေ့"** ဟု သတ်မှတ်ခဲ့ပြီး ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် နိုင်ငံတော်ကကြီးမှူး၍ နှစ်စဉ်ကျင်းပခဲ့သည်။ အရေးကြီးက သွေးနီးကြမဲဖြစ်သည့် အစဉ်အလာကောင်းများနှင့်အတူ နိုင်ငံတော်အပေါ် ကျရောက်လာသည့် အန္တရာယ်ရန်စွယ်ဟူသမျှတို့ကို အတူတကွ တွန်းလှန်ကာကွယ်ခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားကို ပြသနိုင်ခဲ့သည်။ စည်းလုံးခြင်းသည် ခွန်အားကိုဖြစ်စေသည်နှင့်အညီ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အပါအဝင် တိုင်းရင်းသားလူမျိုးများဖြင့် စုစည်းတည်ထောင်ထားသည့် အမိ မြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြသော သွေးချင်းသားချင်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအချင်းချင်း ကူညီရိုင်းပင်းကာ ဥမကွဲသိုက်မပျက် အေးအတူပူအမျှ အတူတကွနေထိုင်ကြရင်း မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်တို့နှင့်အတူ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်ထောင်စုကြီး၏ အကျိုးစီးပွားကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆတက်တိုး၍ သယ်ပိုးရွက်ဆောင်နိုင်ကြစေကြောင်း ဆန္ဒပြုလျက် **"(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့"** ကို ကြိုဆိုဂုဏ်ပြုပါသည်။

# ရခိုင်ပြည်နယ်သတင်းများ

## မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး

**မောင်တော ဖေဖော်ဝါရီ ၃**

ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ကျော်ဇံ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်း ဝန်ကြီး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့တွင် မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဦးကျော်လွင်နှင့် အဖွဲ့သည် အေးရှားဝေါဖောင်ဒေးရှင်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အင္ဂူမော်-မောင်တော လမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာ ဦးအောင်စိန်က လမ်းအဆင့်မြှင့်တင်ရာတွင် အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်း လက်ရှိ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို အကြံပြုပြောကြားသည်။

UEHRD စီမံကိန်းလက်အောက်ရှိ Task Force ကိုးခုအနက် တစ်ခုဖြစ်သည့် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အေးရှားဝေါဖောင်ဒေးရှင်းသည် အင္ဂူမော်-မောင်တောလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ လယ်ကပင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လမ်းအကျယ် ၁၈ ပေ၊ အမြင့်ကိုးလက်မ၊ ကွန်ကရစ်လမ်း အမျိုးအစားဖြစ်ပြီး ၄၉ မိုင် ၆ ဖာလုံရှည်လျားကာ လုပ်ငန်းခွင်တွင် စက်ယန္တရား ၂၀၀ နီးပါးနှင့် လုပ်သားဦးရေ ၁၅၀၀ နီးပါးအသုံးပြု၍ တစ်နေ့လျှင် အလုပ်ချိန် နှစ်ချိန်ခွဲ၍ နေ့၊ ည အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် အင္ဂူမော်-မောင်တောလမ်းခင်းကျင်းမှု ဆောင်ရွက်နိုင်ရန်အတွက် Batching Plant ကွန်ကရစ်ဖျော်သည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ယင်းနောက် မြင်းလွတ်ကျေးရွာသို့ ရောက်ရှိကြပြီး မြေနေရာရှင်းလင်းနေမှု အခြေအနေများနှင့် ကင်းချောင်းကျေးရွာအတွင်းရှိ ARG ဆန်စက်၏ ဆန်ခွဲကြိတ်မှု လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် နေရပ်စွန့်ခွာသူများအား ယာယီနေရာချထားမည့် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြရာ စခန်းတာဝန်ရှိသူတစ်ဦးက တစ်ဆောင်လျှင် ခြောက်ဦးနေထိုင်နိုင်သည့် ရှစ်ခန်းတွဲ အဆောက်အအုံ ၁၅၉ လုံး တည်ဆောက်နေသည့် အခြေအနေ၊ ယာယီတဲ အပါအဝင် အဆောက်အအုံ တည်ဆောက်ပြီးစီးနိုင်မှု အနေအထားအရ လာမည့်အပတ်တွင် လူဦးရေ ၈၀၀၀ ခန့် နေထိုင်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက လျှပ်စစ်သွယ်တန်းမှု အခြေအနေများ၊ လမ်းအခြေအနေများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

**အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ-အောင်မင်း**



## ပုဏ္ဏားကျွန်း-ရသေ့တောင် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်

**စစ်တွေ ဖေဖော်ဝါရီ ၃**

ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းသည် မင်းဘူး-အမ်း-စစ်တွေ ကားလမ်း ပုဏ္ဏားကျွန်းမြို့နယ် မိုင်တိုင်အမှတ် (၂၈/၂) မှ ရသေ့တောင်သို့ ခွဲထွက်သော လမ်းဖြစ်ပြီး ၂၂ မိုင် ၆ ဖာလုံ ရှိသည်။ ရခိုင်ပြည်နယ် ဖြစ်သော်လည်း ပထဝီအနေအထားအရ မြေပြန့်ပိုင်း ဖြစ်သည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်က တစ်မြောင်းထိုး မြေသားလမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့သော်လည်း ၃၁-၃-၂၀၁၇ ရက်အထိ ရှိနေသော လမ်းအနေအထားမှာ ကျောက်ချောလမ်း၊ ၄ မိုင် ၆ ဖာလုံ၊ အမာခံလမ်း ၁၈ မိုင်ဖြစ်ပြီး လမ်း တစ်လျှောက်တွင် ၁၈၀ အောက် ကွန်ကရစ်တံတား ၈၆ စင်း၊ ဘေလီတံတား နှစ်စင်း၊ ၁၈၀ နှင့်အထက် ပေ ၄၈၀ ရှိ သံမဏိကွန်ကရစ် တံတားတစ်စင်း၊ ပေ ၁၂၀ ရှိ တောဖျား တံတားတစ်စင်း၊ ပေ ၄၅၂ ပေရှိ ထွန်းရဝေ ဘေလီတံတား တစ်စင်း စုစုပေါင်းတံတား ၉၁ စင်း ရှိသည်။

အဆိုပါ လမ်းနှင့် တံတားများကို ရခိုင်ပြည်နယ်လမ်းဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်းခင်းခြင်းကို ၆ မိုင် ၇ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး တံတားလုပ်ငန်းတွင် ပေ ၈၈၀ ရှိ ရသေ့တောင်ချောင်း သံကူကွန်ကရစ်တံတားကြီး တစ်စင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်ပိုင်းတွင် အပြီးတည်ဆောက်ဖောက်လုပ်နိုင်မည်ဟု သိရသည်။ အဆိုပါ လမ်းနှင့် တံတားများပြီးစီးပါက ရခိုင်ပြည်နယ်အတွင်းရှိ ပုဏ္ဏားကျွန်းမှ ရသေ့တောင်သို့ ကားဖြင့် တိုက်ရိုက်သွားလာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**

*စာမျက်နှာ ၉ မှ*

အစားအသောက်ဆေးဝါးနှင့် မြို့နယ်ကြီးကြပ်ရေးကော်မတီက ကျွန်တော်တို့က အခုမှ ကျွန်တော်တို့က ခရိုင်အဆင့်အထိပဲ ရောက်ပါသေးတယ်၊ မြို့နယ်အဆင့် ကျွန်တော်တို့က Food and drug က မရောက်သေးပါဘူး၊ အဲဒီတော့ ခရိုင်အဆင့်က လူတွေကနေပြီးတော့ ဒါကိုကျွန်တော်တို့ဝင်ပြီးတော့ ကူညီပြီးလုပ်ပေးနေခြင်း ဖြစ်ပါတယ်။ အဲဒီကော်မတီက ရုံးတွေ မရှိသေးပါဘူး၊ အဲဒီတော့ ရုံးမရှိတဲ့အတွက် ကျွန်တော်တို့ ကော်မတီနဲ့စပြီးတော့ ဆက်လက်လုပ်နေခြင်းဖြစ်ပါတယ်၊ ကျွန်တော် ဒီကော်မတီမှာ ဆိုလို့ရှိရင် မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ Township Medicine Officer က ဥက္ကဋ္ဌ လုပ်ပါတယ်၊ လက်ထောက်ကျန်းမာရေးပါတယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး ပါတယ်၊ ပြည်သူ့ရဲပါတယ်၊ မြို့နယ်စည်ပင်ပါတယ်၊ မြို့နယ်မွေးမြူရေးအဖွဲ့ပါတယ်၊ တော်တော်တော့ ကောင်းပါတယ်၊ သူတို့လုပ်နေပါတယ်။

နောက်တစ်ချက် နိဂုံးချုပ်အနေနဲ့ကတော့ ဒီကိစ္စအတိုင်းအတာက တစ်နိုင်ငံလုံး ပြည်သူ့ကျန်းမာရေး ဒီအတိုင်းသာနေမယ်ဆိုရင် ကျွန်တော်တို့ တစ်နိုင်ငံလုံး ပြည်သူတွေရဲ့ ကျန်းမာရေးဟာ တဖြည်းဖြည်းကျဆင်းလာပြီး တစ်ချိန်ချိန်မှာတော့ ကျွန်တော်တို့ ကျန်းမာရေးနဲ့ အားကစားပညာ ဘယ်လောက်လုပ်လုပ် မကယ်တင်နိုင်တဲ့ အခြေအနေကို ရောက်လာနိုင်ပါတယ်၊ ရောဂါတွေမျိုးစုံ ဖြစ်ပြီးတော့၊ အဲဒါကြောင့် နောက်တစ်ချက်ကတော့ ကျွန်တော်တို့က ရောင်းတဲ့လူတွေနဲ့ ခုနကပြောတဲ့ ဆိုးဆေး Industry Dyes တွေကို ရောင်းတဲ့လူတွေနဲ့ ဒီအစားအသောက် ထုတ်လုပ်တဲ့သူတွေကိုတော့ ကျင့်ဝတ်နဲ့လုပ်ဖို့တော့ လိုပါမယ်၊ အမြတ်တစ်ခုတည်း မကြည့်ပါနဲ့၊ သူတို့သည် ဒါကို ရောင်းရင် တကယ့်တကယ်ကတော့ ဒါကိုရောင်းရင် အမှန်အတိုင်းပြောရင် လူသတ်တဲ့သဘောပဲ ဖြစ်ပါတယ်၊ Slow Killing ပေါ့၊ ဖြည်းဖြည်းချင်း လူသတ်တဲ့သဘောဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒီကိစ္စကို Top ပေါ့၊ ပထမဦးစားပေးအနေနဲ့ ဆက်လက်ပြီး ဒီလာမယ့် ၂၀၁၈ မှာ အဓိကထားပြီး လုပ်မယ်ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ဒါပထမဆုံးမေးခွန်း ဖြစ်ပါတယ်၊ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကျွန်တော်တို့ ပထမဆုံးဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကြည်ညွှန့် ရဲ့မေးခွန်းအပေါ်မှာ ပြည်ထောင်စုဝန်ကြီးက သေချာဖြေသွားပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါဝန်ကြီးရဲ့ ဖြေကြားချက်အရဆိုရင် ဒါအမျိုးသားကျန်းမာရေးနဲ့သက်ဆိုင်တယ်၊ သက်ဆိုင်တော့ ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းမဟုတ်ဘဲနဲ့ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ အနေအထားဖြစ်တယ်၊ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့လည်း သက်ဆိုင်တယ်၊ ဘာလို့လဲဆိုတော့ ကျောင်းတွေလည်း လိုတယ်၊ ဆရာ မိဘတွေ၊ ဆရာ ဆရာမတွေကိုပါ ပညာပေးမယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တာဝန်လည်းဖြစ်တယ်၊ ကိုယ့်မဲဆန္ဒနယ်မှာ ကိုယ်ပြန်ပြီးတော့ ကိုယ့်မိဘတွေ၊ ကျောင်းဆရာ ဆရာမတွေကို ဒီလိုစည်းရုံးနိုင်ဖို့ အနေအထားမျိုး လိုအပ်သွားတဲ့ အနေအထားမျိုးဖြစ်တယ်၊ ဒါကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ဒါမှတ်သားထားပေးပါ၊ ဒါဝန်ကြီးဖြေတာ တော်တော်ကောင်းပါတယ်၊ အမျိုးသားကျန်းမာရေးနဲ့ပတ်သက်လို့၊ အဲဒီတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့မဲဆန္ဒနယ်ပြန်ရောက်လျှင် ဒါခုနကဝန်ကြီး ပြောသွားသလိုပဲ ပညာပေးနိုင်ဖို့ ဆောင်ရွက်ပေးပါ၊ ကျွန်တော် ဝန်ကြီးကိုလည်း မေတ္တာရပ်ခံချင်တာက၊ ဝန်ကြီးတို့ရဲ့ ဆောင်ရွက်ချက်ကလေးတွေကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး တိတိကျကျလေး သိနိုင်အောင်ပေါ့၊ ဘယ်လိုလုပ်သင့်တယ်၊ ဝန်ကြီးတို့ဌာန ဘယ်လိုလုပ်တယ်ဆိုတာလေးကို လာပြီးတော့ ဟောပြောပွဲလေး တစ်ခုလောက် ပညာရှင်တွေ ဒါလေးကို လာလုပ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ။

## KIA လက်နက်ကိုင်အဖွဲ့က နယ်မြေလုံခြုံရေးစခန်းများအား လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

KIA လက်နက်ကိုင်အဖွဲ့က ဇန်နဝါရီ ၃၁ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် မိုးကောင်းမြို့နယ်အတွင်းရှိ တပ်ဌာနချုပ်များနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စခန်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဇန်နဝါရီ ၃၁ ရက် ည ၁၁ နာရီခွဲခန့်တွင် မိုးကောင်းမြို့ရှိ တပ်ဌာနချုပ်အား KIA လက်နက်ကိုင်အဖွဲ့က တပ်ဌာနချုပ်၏ အနောက်ဘက်မီတာ ၂၃၀၀ ခန့်အကွာမှ လက်နက်ကြီးဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ ဖြစ်စဉ်တွင် လူနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိဘဲ တပ်ဌာနချုပ်၏ အနောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ လယ်ကွင်းအတွင်း၌ ပေါက်ကွဲမှုမရှိသေးသည့် ၁၀၇ မမ ဒုံးသီး တစ်လုံးအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း **(ယာပုံ)**၊ ယနေ့နံနက် ၃ နာရီခွဲခန့်တွင် မိုးကောင်းမြို့ရှိ တပ်ရင်းဌာနချုပ်အား KIA လက်နက်ကိုင်အဖွဲ့အင်အား ၁၅ ဦးခန့်က တပ်ရင်းဌာနချုပ်၏ အရှေ့မြောက်ဘက် မီတာ ၅၀၀၀ အကွာမှ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ တပ်ရင်းဌာနချုပ်၏ တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာ နေရာ၌ ကျည်ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက် ၃ နာရီခွဲတွင် မိုးကောင်းမြို့နယ် လွယ်လိယန်ကျေးရွာအုပ်စု မရန်ကထောင်ကျေးရွာရှိ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်စခန်းအား KIA လက်နက်ကိုင်အဖွဲ့ အင်အား ၆၀ ခန့်က စခန်း၏ အရှေ့ဘက်မီတာ ၁၀၀ ခန့် အကွာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လည်းကောင်း၊ ယနေ့နံနက် ၄ နာရီ မိနစ် ၅၀ တွင် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု နန်ကျင်ကျေးရွာရှိ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်စခန်းအား KIA လက်နက်ကိုင်အဖွဲ့ အင်အား ၅၀ ခန့်က စခန်း၏ အနောက်ဘက်၊ အနောက်မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း၊ ဖြစ်စဉ်များတွင် စစ်သည်အချို့ထိခိုက် ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**



# နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစိတ်ဓာတ်ရှိမှသာ ပြည်ထောင်စုဆိုတဲ့ အဓိပ္ပာယ်က ပြည့်စုံမယ်လို့ ခံယူပါတယ်

**မောင်အဂွန်း(ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

"ရင်းနှီးတဲ့ နွေးထွေးတဲ့ အပြုံးများနဲ့ ဆုံတွေ့ကြတဲ့အခိုက်မှာ ကောင်းခြင်းတွေ အတူတူဝေမျှစို့" "အနီးလေးက အဝေးကြီးက သွေးချင်းများဆုံတွေ့ကြတဲ့အခိုက်မှာကောင်းခြင်းတွေ အတူတူပိုင်ကြစို့" ဆိုသည့် တေးသံရှင် နီနီခင်ဇော်၏ "ခိုင်မြဲသော ယုံကြည်ခြင်းခရီး" တေးသီချင်းနှင့် "ယုံကြည်မှုဟာ ... ငြိမ်းချမ်းရေးအတွက်... အလွန်အရေးကြီးတာ... ယုံကြည်မှုဟာ...ငြိမ်းချမ်းရေးအတွက်...အရေးကြီးတဲ့...တွန်းအားတစ်ရပ်ပါ...ယုံကြည်မှုဟာ...တိုးတက်ခြင်းအတွက်...အလွန်အရေးကြီးတာ..." ဆိုသည့် တေးသံရှင် မို့မို့လွင်၏ "ရွှေမြန်မာသာယာ ငြိမ်းချမ်း" တေးသီချင်းသံများက နေပြည်တော် မြို့တော်ခန်းမ လဟာပြင် ကဇာတ်ရုံ ပတ်ဝန်းကျင်နေရာ အနှံ့အပြားတွင် ပျံ့လွင့်နေသည်။



မောင်အဂွန်း



ခူးဘောရယ်



စောအောင်စိုးမိုး



မလျာကျင်းမွမ်းဟွဲ



ဦးခင်မောင်ဝင်း



မခင်စုလှိုင်

အဆိုပါ တေးသီချင်းများနှင့်အတူ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံတွင် ဖျော်ဖြေကြမည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ အဆို၊ အကများနှင့် ရိုးရာဓလေ့များ ဖော်ကျူးဇာတ်တိုက်လေ့ကျင့်မှုများကို မြင်တွေ့နေရသည်။

ထိုသို့ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲ အခမ်းအနားအပြီးတွင် ဖျော်ဖြေကြမည့် ပြည်ထောင်စုကြီး၏ နေရာအနှံ့အပြားမှ ရောက်ရှိနေကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် ရင်တွင်းစကားသံများမှာ-

**မောင်အဂွန်း**
**(ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့ အဖွဲ့မှာ ၂၈ ဦး ပါဝင်ပါတယ်၊ ဇန်နဝါရီလ ၃၁ ရက် မနက်ပိုင်းက နေပြည်တော် ရောက်ပါတယ်၊ တိုင်းရင်းသားအားလုံးကို တစ်နေရာတည်းမှာ တွေ့ရတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးမိပါတယ်၊ နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စိတ်ဓာတ်ရှိမှသာ ပြည်ထောင်စုဆိုတဲ့ အဓိပ္ပာယ်က ပြည့်စုံမယ်လို့ ခံယူပါတယ်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်၌ ဖေဖော်ဝါရီလ ၁၁ ရက်မှာ ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်၊ တိုင်းရင်းသားအားလုံးရဲ့ ဝတ်စားဆင်ယင်မှုနဲ့ နေထိုင်ပုံတွေကို အားလုံးကို ချပြခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။

**ခူးဘောရယ်(ကယားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့အဖွဲ့က ဖားစည်သီချင်းနဲ့ ဖျော်ဖြေမှာ ဖြစ်ပါတယ်၊ ပြည်ထောင်စုဆိုတာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို ဖော်ဆောင်တယ်လို့ မြင်ပါတယ်၊ ကျွန်တော်တို့ အကတိုက်ခဲ့တာက ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၅ ရက်စပြီး ၃၀ ရက်နေ့အထိ တိုက်ခဲ့ရပါတယ်၊ နေထိုင် စားသောက်ရေးအားလုံး အဆင်ပြေပါတယ်။

**ဦးနောက်ယူ**
**(ကယန်း ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကယန်းလူမျိုးစုအနေနဲ့ သွေးချင်းညီအစ်ကို သီချင်းနဲ့ သီဆိုဖျော်ဖြေမှာပါ၊ တိုင်းရင်းသားအားလုံး စိတ်ဓာတ်ညီညီ လက်တွဲချင်တယ်၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး အေးအတူပူအမျှ အတူတူ စုပေါင်းနေထိုင်မှုကို လိုချင်တယ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လုပ်နေတဲ့ ငြိမ်းချမ်းရေး အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

**စောအောင်စိုးမိုး(ကရင်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

"ပြည်တိုင်းဌာနေ စည်ပင်ဖို့ တို့တစ်တွေ ကြိုးပမ်းစို့" ဆိုတဲ့ သီချင်းနဲ့ဖျော်ဖြေမှာ ဖြစ်ပါတယ်၊ ပြည်ထောင်စုတိုင်းရင်းသားတွေအားလုံး ဥမကွဲ သိုက်မပျက် စည်းစည်းလုံးလုံး အတူရှိနေချင်ပါတယ်၊ နေပြည်တော်က ညီအစ်ကို မောင်နှမတွေနဲ့ တွေ့ရလို့ ပျော်ပါတယ်။

**မလျာကျင်းမွမ်းဟွဲ (ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့အဖွဲ့က ဂုဏ်ယူပျော်ရွှင်ဖွယ် ဒို့မြေကမ္ဘာသီချင်းနဲ့အတူ တိုင်းပြည်သာယာစေဖို့ ဆုတောင်းမေတ္တာပို့သထားတဲ့ တေးသီချင်းနဲ့ ဖျော်ဖြေမှာ ဖြစ်ပါတယ်၊ ကျွန်မတို့တိုင်းရင်းသားတွေ အကုန်လုံးက တစ်စည်းတစ်လုံးတည်းပါ၊ အားလုံးဟာ ညီအစ်ကို မောင်နှမတွေ ဖြစ်တယ်လို့လည်းမြင်ရပါတယ်၊ တိုင်းရင်းသား တစ်မျိုးနှင့်တစ်မျိုးက တွေ့ဆုံမှုနည်းတယ်၊ ပြည်ထောင်စုနေ့လုပ်တဲ့အခါမှာ တွေ့ဆုံရတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးအတွက်လည်း ကောင်းတယ်လို့ ထင်ပါတယ်။

**မောင်ဟိန်းကို၊ အမျိုးသားယဉ်ကျေးမှုနှင့်**
**အနုပညာတက္ကသိုလ်**
**သဘင်ပညာဌာန၊ တတိယနှစ်ကျောင်းသား**

ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုဖြစ်ပါတယ်၊ သီချင်းက ဆရာဓိရာမိုရ်ရေးစပ်သီကုံးထားတဲ့ တို့ပြည်ထောင်စုအတွက်ဆိုတဲ့ သီချင်းဖြစ်ပါတယ်၊ တစ်လလောက်နီးပါး အချိန်ယူပြီးတော့ အကတိုက်ခဲ့ရပါတယ်၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ ဆုံတွေ့ခွင့်ရတယ်၊ သူတို့ရဲ့ရိုးရာ အကအလှုတွေကို လေ့လာခွင့်ရတယ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အလွန်ကောင်းတယ်လို့ မြင်ပါတယ်။

**မခင်စုလှိုင်(ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့က ရခိုင်ရိုးရာယဉ်ကျေးမှု အကအနေနဲ့ကတော့ ရခိုင်လူမျိုးတို့ရဲ့ ယဉ်ကျေးမှုအရ ဓလေ့စရိုက်တွေကို ဖော်ပြထားတဲ့ ရခိုင်စာဂီထိန်းကတ်လီဆိုတဲ့ သီချင်းနဲ့ဖျော်ဖြေမှာ ဖြစ်ပါတယ်၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာက နိုင်ငံတစ်ဝန်းက ပြည်ထောင်စုသားအားလုံး စိတ်ဓာတ်တစ်ထပ်တည်း ကျပြီဆို အဲ့ဒါပြည်ထောင်စုစိတ်ဓာတ်လို့ ယူဆပါတယ်၊ တိုင်းရင်းသားပေါင်းစုံကို တစ်နေရာတည်းမှာ တွေ့ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။

**မနိုနိုထက်ကို၊ တတိယနှစ် ဓာတု**
**( မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ မွန်ပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့က သုဝဏ္ဏဘူမိဂုဏ်ရောင်ဆိုတဲ့ တေးသီချင်းနဲ့ ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်၊ နေ့ညမရွေး မနားတမ်းကြိုးစားပြီး အက တိုက်ခဲ့ပါတယ်၊ အခုလိုလာရောက် ဖျော်ဖြေရတဲ့အတွက် ဂုဏ်ယူကျေနပ်မိပါတယ်၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေနဲ့ တွေ့ဆုံရလို့လည်း ဝမ်းသာမိပါတယ်။

**နန်းစန်းသီတာထွေး (ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့)**

တောင်ကြီးမြို့မှာ အက ၁၀ ရက်တိုက်ခဲ့ပါတယ်၊ နေပြည်တော်ကို ဇန်နဝါရီလ ၃၁ ရက်မှာ ရောက်ပါတယ်၊ တိုင်းရင်းသားတွေရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဓလေ့စရိုက်တွေကို မြင်တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်၊ အခုလို စီစဉ်ပေးတဲ့ လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**နန်းမြစန္ဒာ (ပအိုဝ်းရိုးရာယဉ်ကျေးမှုအဖွဲ့)**

ပအိုဝ်းရဲ့ ယဉ်ကျေးမှုမှာ မိန်းကလေးတွေဆို ပလိုင်း၊ ယောကျ်ားလေးတွေဆို လွယ်အိတ် လွယ်ပါတယ်၊ တောင်ကြီးမှာ ၁၀ ရက်အက လေ့ကျင့်ခဲ့ရပါတယ်၊ အခုလို တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ခွင့်ရတဲ့အတွက် တစ်ယောက်နှင့်တစ်ယောက် မတူညီတဲ့ ဓလေ့ကို လေ့လာခွင့်ရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။

**ဦးခင်မောင်ဝင်း(ဒုတိယညွှန်ကြားရေးမှူး)**
**အနုပညာဦးစီးဌာန**

(၇၁)နှစ်မြောက်နေ့ ပြည်ထောင်စုနေ့မှာ ဖျော်ဖြေရေးအင်အား အမျိုးသား ၁၀၀၊ အမျိုးသမီး ၃၀၅ ဦးနဲ့ ဖျော်ဖြေသွားမှာပါ၊ စုစုပေါင်းအင်အား ၄၀၅ ဦး ရှိပါတယ်၊ တိုင်းရင်းသားအစုံအလင်နဲ့ မြန်မာ့ရိုးရာတွေကို အားလုံးပေါင်းစပ်ပြီးတော့ ဖျော်ဖြေတင်ဆက်ဖို့အတွက် လေ့ကျင့်ပြင်ဆင်နေကြပါတယ်၊ အနုပညာဦးစီးဌာနက မိန်းကလေး ၃၆ ဦးနဲ့အဖွင့် သီချင်းတစ်ပုဒ်ပါတယ်၊ ပြီးရင် သီချင်းကြီး သရုပ်ဖော်ထားတဲ့ လှည်းယဉ်ကြော့ကြော့ဆိုတဲ့ သရုပ်ဖော်ဇာတ်လမ်းလေး တစ်ခုလည်း ပါပါတယ်၊ နောက်ဆုံးအပိတ်က အနုပညာဦးစီးဌာနနဲ့ တိုင်းဒေသကြီးအားလုံး စုပေါင်းကတဲ့ စုပေါင်းယိမ်းတစ်ခုလည်းပါတယ်၊ တိုင်းဒေသကြီးတွေ ပြည်နယ်တွေနဲ့ပတ်သက်တဲ့ ရိုးရာသီချင်းတွေနဲ့ အကတွေကို လှုလှုပပလေး ဖျော်ဖြေဖို့အတွက် လေ့ကျင့်နေပါတယ်၊ ပြည်ထောင်စုနေ့မှာ ပါဝင်တဲ့ အင်အားနဲ့အတူ တိုင်းရင်းသားကျေးရွာမှာ (၈) နှစ်မြောက် အထိမ်းအမှတ်နဲ့ ၁၁ ရက်နေ့မှာ သွားရောက်ဖျော်ဖြေဖို့အတွက် ပေါင်းစပ်လေ့ကျင့်နေကြပါတယ်။

**သတင်း-မျိုးမြင့်၊ မွှေးကြူဇင်**
**ဓာတ်ပုံ-ထိန်နန်နေ>**

---

▲ ကျောဖုံးမှ

ကျွန်တော်တို့ မြန်မာပြည်သူ ပြည်သားတွေအတွက် အန္တရာယ်ကင်း အာနိသင်ရှိတဲ့ လုံခြုံစိတ်ချရတဲ့ ဆေးတွေကို ပြည်တွင်းမှာပဲ ထုတ်လုပ်ပြီး သုံးစွဲနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံအတွက် များစွာအကျိုးရှိပါတယ်" ဟု စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ပြောသည်။

**ဈေးနှုန်းချိုသာစွာထုတ်လုပ်**

အဆိုပါ ဆေးဝါးစက်ရုံ၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတကာအဆင့်မီ ဆေးဝါးများကို ဈေးနှုန်းချိုသာစွာ ထုတ်လုပ်၍ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ပေးရန်၊ နိုင်ငံတော်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုတွင် ပြည်တွင်းဆေးဝါး ဖူလုံရေးတွင် အရေးကြီး၍ ဆေးဝါးကောင်းများ ထုတ်လုပ်ခြင်းဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးရန်တို့ဖြစ်ပြီး ရည်မှန်းချက်သုံးရပ်အနေဖြင့် GMP Certified အဆင့်အတန်းမီ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းဖြစ်ရန်၊ ကျန်းမာရေးအတွက် အရည်အသွေးမီ စိတ်ချလုံခြုံမှုရှိသော ဆေးဝါးထုတ်လုပ်မှုကို ဦးစားပေးရန်နှင့် ပြည်သူများ ဝယ်ယူသုံးစွဲနိုင်မည့် သင့်တင့်သော ဈေးနှုန်းဖြင့် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဟူ၍ ရည်ညွှန်းကာ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။






အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်

**ဒေါ်လာ ၁၀ သန်း ရင်းနှီးမြှုပ်နှံ**

ယင်းဆေးဝါးစက်ရုံကို ပြည်တွင်းပုဂ္ဂလိကပိုင် Silver Shine International Co., Ltd. က အမေရိကန်ဒေါ်လာ ၁၀ သန်း ရင်းနှီးမြှုပ်နှံထားပြီး လတ်တလော အနေဖြင့် ဆေးနှစ်မျိုးကို ထုတ်လုပ်လျက်ရှိကာ FDA ၏ ခွင့်ပြုချက်ဖြင့် ဆေးအမယ်များကို ထပ်မံတိုးချဲ့ ထုတ်လုပ်ရန်လည်း ပြင်ဆင်လျက်ရှိသည်။ ယခုအခါ ပြည်တွင်းဆေးဝါး ထုတ်လုပ်မှု အနေဖြင့် လိုအပ်ချက်၏ ရာခိုင်နှုန်း ၂၀ ခန့်သာရှိသေး၍ ဆက်လက်ပြီး ဆေးဝါးစက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ရန် နိုင်ငံတော်၏ မူဝါဒနဲ့အညီ သက်ဆိုင်ရာဌာနများမှလည်း ဆက်လက် ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်သော SSI ဆေးဝါးစက်ရုံမှ အုပ်ချုပ်မှုဒါရိုက်တာ ကိုအောင်စိုးလှိုင်က "ကျွန်တော်တို့ ဆေးဝါးစက်ရုံအနေနဲ့ ပြည်သူအကျိုးရှိမယ့် ဆေးဝါးတွေကို ထုတ်လုပ်သွားမှာပါ၊ ကျွန်တော်တို့စက်ရုံက FDA ကိုတင်ထားတဲ့ ဆေးဝါးအမယ် ငါးမျိုးလောက်ရှိပါသေးတယ်၊ ခွင့်ပြုချက်ရတာနဲ့ ပြည်တွင်းမှာ ဈေးနှုန်းချိုချိုသာသာနဲ့ ပြည်သူတွေကြားမှာ ဖြန့်ဖြူးပေးနိုင်အောင် ဆက်လက်ထုတ်သွားမှာပါ၊ ဒါပေမယ့် ပြည်တွင်းကို အောက်လမ်းက ဝင်နေတဲ့ တရားမဝင်ဆေးဝါးတွေနဲ့တော့ ရင်ဆိုင်ရဖို့ ရှိပါတယ်၊ ဒါကလည်း ဆေးလောကရဲ့ စိန်ခေါ်မှုတစ်ရပ်ပါပဲ"ဟု ပြောကြားသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းဆေးဝါးစက်ရုံဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် Silver Shine International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဖေလှိုင်တို့ တက်ရောက်ပြီး အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**သတင်း-မောင်စိန်လွင်၊ ထင်ပေါ်ဝင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)၊မင်းထက်**

# မာန်အောင်မြို့နယ် ကမ်းခြေအနီး၌ ဝေလငါးအသေတစ်ကောင် တွေ့ရှိ



**မာန်အောင် ဖေဖော်ဝါရီ ၃**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မိမ္မကြွယ်ကျေးရွာအုပ်စု ကျူးကျေးရွာနှင့် ဘုတ်မျက်တောကျေးရွာ ကမ်းခြေအနီးတွင် ဝေလငါးအသေတစ်ကောင်ကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၅ နာရီခန့်က တွေ့ရှိရကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ သိရသည်။

အဆိုပါ သေဆုံးနေသော ဝေလငါးမှာ အလျား ၄၃ ပေခန့်၊ လုံးပတ် ၂၅ ပေခန့်နှင့် မေးရိုးအရှည် ၁၀ ပေခန့်ရှိ ဝေလငါးအသေတစ်ကောင်ကို တွေ့ရှိခဲ့ကြောင်း မာန်အောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးမှ သိရသည်။ ဇန်နဝါရီ ၁၀ ရက်ကလည်း ကံလက်ကျေးရွာ ကမ်းခြေအနီး၌ အရှည် ရှစ်တောင်ခန့်ရှိ သေဆုံးပျက်စီး နေသော ဝေလငါးတစ်ကောင်ကိုလည်း တွေ့ရှိခဲ့ရကြောင်း သိရသည်။ **(ယာပုံ)**

ယခုလို ကမ်းခြေအနီး၌ ဝေလငါးမျိုးစိတ်များ အသေကမ်းတင်လာခြင်းမှာ ရေထုညစ်ညမ်းလာမှုများကြောင့် ဖြစ်နိုင်၍ ဒေသခံရေလုပ်သားများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အကောက်ခွန်မဲ့စားသောက်ကုန်၊ တိရစ္ဆာန်အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၆ စီး၊ သွင်းကုန် ၉၆၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၆၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၆၂ သန်းခန့် စုစုပေါင်းတားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၆၃၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့်ခရီးသည်တင်ယာဉ် မှန်လုံယာဉ် သုံးစီး၊ ယာဉ်ငယ်တစ်စီးအား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ စားသောက်ကုန်၊ တိရစ္ဆာန်အစားအစာနှင့် လူသုံးကုန်ပစ္စည်းငါးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၆၃၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်အမျိုးသားနှင့်ယူရန် စည်းရုံးခေါ်ဆောင်သူများအား အမှုဖွင့်စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ပြည်ကြီးမျက်ရှင်ကားဝင်း အတွင်း ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီက တရုတ်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးတို့အား မသင်္ကာဖွယ် တွေ့ရ၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု-၁၁ မှ တပ်ဖွဲ့ဝင်များ၊ ညောင်ကွဲ အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ခေါ်ယူစစ်ဆေးခဲ့သည်။

အဆိုပါ အမျိုးသမီးမှာ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နေ မ----(၂၀နှစ်)ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လက အိမ်နီးချင်းဖြစ်သူ ဒေါ်ခင်စန်း(စိစစ်ဆဲ)နှင့် ၎င်း၏ သားဖြစ်သူ အားဖူ(ခ) သိန်းရင်ထွေး (စိစစ်ဆဲ)တို့က မ----၏ မိခင်ဖြစ်သူ ဒေါ်သန်းဌေးနှင့် တွေ့ဆုံ၍ မြန်မာပြည်တွင် ကုမ္ပဏီထူထောင်မည့် တရုတ်လူမျိုးတစ်ဦးက မ----(၂၀ နှစ်)အား လက်ထပ်လိုကြောင်းနှင့် လုပ်ငန်းများအား နာမည်လွှဲပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးသဖြင့် ၎င်းနှင့် မိခင်ဖြစ်သူတို့က သဘောတူခဲ့ကြကြောင်း။

တစ်ပတ်ခန့်အကြာတွင် ဒေါ်ခင်စန်းနှင့် အားဖူတို့က ကျယ်ကျန်းပြည်နယ် လင်းဟူမြို့နယ်၊ စဲကျုံရွာနေ Mr.Xu Ming Qiang (ခ)ရှိမင်ကျန်း(၄၈ နှစ်) (ပတ်စ်ပို့အမှတ် PPE 29508689၊ ဗီဇာအမှတ် D197523)ကိုင်ဆောင်သူအား ခေါ်ဆောင်လာကာ ၎င်း၏မိခင်ဖြစ်သူနှင့် တွေ့ပေးခဲ့ကြောင်း၊ ထို့နောက် ၎င်းနှင့် မိဘများအား ရန်ကုန်သို့ ခေါ်ဆောင်သွားကာ ရန်ကုန်တွင် ဒေါ်ခင်နှင်းဝေလှိုင်(စိစစ်ဆဲ)က ဦးဆောင်ပြီး ကျမ်းကျိန်လွှာ၊ လက်ထပ်စာချုပ်၊ ပတ်စ်ပို့၊ ဗီဇာများပြုလုပ်၍ စာချုပ်ချုပ်ဆိုပြီးနောက် Mr.Xu Ming Qiang (ခ)ရှိမင်ကျန်းက ၎င်း၏ မိဘများအား ငွေကျပ် သိန်း ၆၀ နှင့် အားဖူအား ငွေကျပ် သိန်း ၂၀ ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့အပြင် ၂၀၁၇ ခုနှစ်အတွင်းက ကျောက်မဲမြို့နယ်နေသူများ ဖြစ်ကြသည့် အမျိုးသမီးငယ်သုံးဦးတို့အား လက်ထပ်စာချုပ်၊ ပတ်စ်ပို့၊ ဗီဇာများပြုလုပ်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ အမျိုးသမီးနှစ်ဦးအား တရုတ်အမျိုးသားနှင့်ယူရန် ဒေါ်ခင်စန်းက စည်းရုံး၍ ခေါ်ဆောင်သွားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် Mr. Xu Ming Qiang (ခ) ရှိမင်ကျန်း၊ ဒေါ်ခင်စန်းနှင့် အားဖူ(ခ)သိန်းရင်ထွေးတို့ သုံးဦးကို မဟာအောင်မြေမြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မြစ်ကြီးနား၌ လျှပ်စစ်ဝိုင်ယာကြိုးဟောင်း ရှော့ဖြစ်၍ မီးလောင်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် နယ်မြေ-၁၄ တွင် ဖေဖော်ဝါရီ ၂ ရက် ည ၁၁ နာရီ ၄၅ မိနစ်က လျှပ်စစ်ဝိုင်ယာကြိုးဟောင်း ရှော့ဖြစ်၍ မီးလောင်မှုကြောင့် ဆိုင်ခန်း ခြောက်ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် နယ်မြေ-၁၄ နေ ဦးတိုးအောင်(စိန် ကားပစ္စည်းဆိုင်)တွင် တပ်ဆင်အသုံးပြုထားသည့် လျှပ်စစ်ဝိုင်ယာကြိုးဟောင်းများ အပူလွန်ကဲကာ ရှော့ဖြစ်မီးလောင်ရာမှ ဦးနောင်နောင်၊ ဦးဇော်ဝင်း၊ ဦးဇော်မျိုးလွင်၊ ဦးအောင်လွင်၊ ဒေါ်သန္တာမိုးတို့၏ ဆိုင်ခန်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကာ ဦးတိုးအောင်မှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

မီးလောင်ရာသို့ ပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးကျော်စိုးသန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က မီးငြှိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ်ခြောက်စီးဖြင့် ငြှိမ်းသတ်ခဲ့ရာ နံနက် ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ ထွက်ပြေးတိမ်းရှောင်နေသူ ဦးတိုးအောင်အား မြစ်ကြီးနားနယ်မြေရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# နတ်တလင်းမြို့နယ်၌ တရားမဝင်ကျွန်းသစ်များ ဖမ်းမိ

**နတ်တလင်း ဖေဖော်ဝါရီ ၃**

နတ်တလင်းမြို့နယ် သရက်ကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၁ ရက်က တရားမဝင်ကျွန်းသစ် ၅ ဒသမ ၂၀ တန် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နတ်တလင်းမြို့မရဲစခန်းမှ ရဲအုပ်ထွန်းထွန်း ဦးစီးသောတပ်ဖွဲ့ဝင်များသည် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးကျော်တင်ဦးတို့နှင့်အတူ သတင်းပေးတိုင်ကြားချက်အရ သွားရောက်စစ်ဆေးခဲ့ရာ သရက်ကုန်းကျေးရွာအနီး ဦးမြင့်သန်း၊ ဦးချစ်ဖွယ်နှင့် ဦးထိန်လင်းတို့ ပိုင်ဆိုင်သော တရားမဝင်ကျွန်းသစ် စုစုပေါင်း ၅ ဒသမ ၂၀ တန်အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်သစ်များ လက်ဝယ်တွေ့ရှိသူ သုံးဦးကို ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# လှိုင်သာယာမြို့နယ်အတွင်း ပြစ်မှုကျူးလွန်သူများကို လင်းယုန်စီမံချက်အရ ဖမ်းဆီးအရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အစီအမံဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံချက်အရ ခိုး၊ ဆိုး၊ လု၊ နှိုက်မှု ကျူးလွန်တတ်သူများ၊ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသုံးစွဲသူများ၊ ပြည်သူလူထုအပေါ်အနိုင်ကျင့်ဗိုလ်ကျ အုပ်စုဖွဲ့ကျူးလွန်သူ လူဆိုး လူမိုက်များ၊ ဒုစရိုက်မှုများ၊ ပြေးလေးပြေးများကို ဖော်ထုတ်ဖမ်းဆီးအရေးယူလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် အင်အားပြည့်ပိတ်ဆို့ဖမ်းဆီး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက် ည ၁၀ နာရီ ၄၅ မိနစ်က လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်-၇ ရပ်ကွက်ရှိ -------ကာရာအိုကေဆိုင်အတွင်း တုတ်၊ ဓားလက်နက်များ သိုလှောင်ထားကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ကာရာအိုကေဆိုင်၏ မန်နေဂျာ ဂျင်မေဟိန်း (ခ) ဖိုးခွား(၃၁ နှစ်)နှင့် ဆိုင်အလုပ်သမားများဖြစ်သည့် လှိုင်သာယာမြို့နယ်နေ ထိန်လင်းစိုး (၂၈နှစ်)၊ ပြည့်ဖြိုးအောင် (၂၈ နှစ်)၊ မြတ်ကို(၂၉ နှစ်)၊ ကျော်ဌေး(ခ) မှုံကြီး(၃၅ နှစ်)၊ ဇော်မင်းထွန်း(၃၆ နှစ်)၊ အာကာ(ခ)နေဆန်း(၂၃ နှစ်)၊ ကျော်လင်းဌေး(၂၃ နှစ်)၊ ချစ်မောင်ဇင်(၂၆ နှစ်)၊ ဌေးဝင်း(၂၈ နှစ်)၊ စိုးကို(၂၅ နှစ်)၊ မောင်မောင်(၂၄ နှစ်)၊ ဇင်မျိုး(၂၅ နှစ်)၊ ကျော်လင်းထွေး(၂၉ နှစ်)နှင့် နိုင်လင်းထက်(၂၀ နှစ်)တို့ကို တုတ်၊ ဓားလက်နက်များနှင့်အတူ ဖမ်းဆီးရမိအရေးယူခဲ့သည်။

လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ လင်းယုန်စီမံချက်စတင်သည့် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ လက်နက်များအက်ဥပဒေအရအရေးယူမှု ၃၁ မှု၊ လောင်းကစားဥပဒေအရ အရေးယူမှု လေးမှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူမှု ကိုးမှု၊ ၁၉၆၁ ခုနှစ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ အရေးယူမှု ၆၀၊ ကျင့်ထုံးပုဒ်မ ၅၄ အရ အရေးယူမှု ၈၀ မှု၊ ရဲအက်ဥပဒေအရ အရေးယူမှု ၉၆ မှု၊ ယစ်မျိုးဥပဒေအရ အရေးယူမှု ၁၄ မှု၊ ဗီဒီယိုအက်ဥပဒေအရ အရေးယူမှု တစ်မှု၊ မော်တော်ယာဉ်ဥပဒေအရ အရေးယူမှု တစ်မှု စုစုပေါင်း ၂၉၆ မှုနှင့် ပြေးလေးပြေး လေးဦးတို့အား ဖမ်းဆီးရမိအရေးယူခဲ့ပြီး လင်းယုန် စီမံချက်ကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညောင်တုန်း၌ တရားမဝင် ဝင်ရောက်လာသူ ၂၁ ဦး တင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီး ဖမ်းမိ

**ညောင်တုန်း ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း အသင်းစုကျေးရွာအနီး၌ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က တရားမဝင် ဝင်ရောက်လာသူ ၂၁ ဦးပါ ကုန်တင်ယာဉ်အား ဖမ်းမိခဲ့သည်။

ဖြစ်စဉ်မှာ ရဲအုပ်သူရိန်လင်းသည် ဆားမလောက်ရဲကင်းရဲစခန်း၌ စခန်းမှူးတာဝန် ဆောင်ရွက်နေစဉ် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် ၂၉/၅ နှင့် ၂၉/၆ အကြား အသင်းစုကျေးရွာအနီး ရန်ကုန်အတက်ကားလမ်းဘေးတွင် ရပ်တန့်ထားသော ကုန်တင်ယာဉ်တစ်စီးပေါ်တွင် မသင်္ကာဖွယ်ရာလူများ တင်ဆောင်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တင်ထွန်းအောင်မောင်းနှင်ပြီး ထွန်းထွန်းနိုင်(ခ)သားသား လိုက်ပါလာသည့် ယာဉ်အမှတ် 9I/---- Foton အမျိုးအစား ကုန်တင်ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသည့် တရားမဝင် ဝင်ရောက်လာသူ ၂၁ ဦးအား တွေ့ရှိရ၍ ညောင်တုန်းမြို့နယ် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်စစ်ဆေးဆောင်ရွက်ခဲ့ရာ ယာဉ်မောင်း တင်ထွန်းအောင်က အဆိုပါ တရားမဝင် ဝင်ရောက်လာသူ ၂၁ ဦးအား ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ ရန်ကုန်မြို့သို့ အခကြေးငွေရယူကာ ပို့ဆောင်ပေးရန် သယ်ဆောင်လာခြင်းဖြစ်ပြီး ထွန်းထွန်းနိုင်(ခ)သားသားကလည်း ပို့ဆောင်ရာတွင် လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ဝင်ရောက်လာသူ ၂၁ ဦးအား ညောင်တုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူးက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ် သံတွဲမြို့မှ ရန်ကုန်မြို့သို့ အခကြေးငွေယူကာ ပို့ဆောင်ခဲ့သူ ယာဉ်မောင်း တင်ထွန်းအောင်နှင့် ပို့ဆောင်ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သူ ထွန်းထွန်းနိုင်(ခ) သားသားတို့ကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တူရကီနယ်စပ်ဒုံးကျည်များဖြင့် တိုက်ခိုက်ခံရသောကြောင့် လူများသေဆုံး




**အန်ကာရာ ဖေဖော်ဝါရီ ၃**

တူရကီနိုင်ငံအစိုးရတပ်ဖွဲ့သည် အဖရင်ဒေသကို လွန်ခဲ့သောလက စစ်ဆင်ရေး ဆောင်ရွက်မှုများ စတင်ပြုလုပ်ခဲ့ပြီးနောက် တူရကီနိုင်ငံ အရှေ့တောင်ပိုင်း နယ်စပ်ပြည်နယ်များဖြစ်သော ဟာတေးပြည်နယ်နှင့် ကီးလ်ပြည်နယ်တို့ကို ဆီးရီးယားနယ်နိမိတ်အတွင်းမှ ဒုံးကျည် ၈၂ စင်းဖြင့် ပစ်ခတ်ခဲ့ရာ လူ ငါးဦးသေဆုံးခဲ့ပြီး ၁၀၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း တူရကီနိုင်ငံဝန်ကြီးချုပ် ဘီနာလီရယ်ဒမ်က မကြာသေးမီတွင် ပြောခဲ့သည်။

တူရကီနိုင်ငံအနေဖြင့် ဆီးရီးယားကာ့ဒ် လက်နက်ကိုင်အဖွဲ့အစည်းစခန်းများရှိရန်သူများ လုံးဝပျောက်ကွယ်သွားသည်အထိ တိုက်ခိုက်ချေမှုန်းသွားမည် ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်က ပြောခဲ့သည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ဆောင်ရွက်ခဲ့သော တူရကီတို့၏ စစ်ဆင်ရေးတွင် လက်နက်ကိုင်အဖွဲ့အစည်းမှ အဖွဲ့ဝင်ပေါင်း ၈၂၃ ဦးကို ရှင်းလင်းနိုင်ခဲ့ကာ ၎င်းတို့အနက် အိုင်အက်စ်အစွန်းရောက်အဖွဲ့ဝင်များလည်း သုတ်သင်ခံခဲ့ရကြောင်း သိရသည်။

တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံမြောက်ပိုင်းဒေသများ၌ ဆောင်ရွက်နေသော စစ်ရေးဆောင်ရွက်မှုများအပေါ် ဆီးရီးယားအစိုးရက ပြင်းထန်စွာပြစ်တင်ဝေဖန်ခဲ့ပြီး အဆိုပါ စစ်ဆင်ရေးများသည် ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးကျူးလွန်ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

## ဥရောပသို့ တရားမဝင်ကူးဖြတ်ရန်ကြိုးပမ်းခဲ့သော လူမှောင်ခိုလှေတစ်စင်း တိမ်းမှောက်ခဲ့ရာ လူ ၉၀ ထက်မနည်းသေဆုံး

**ဂျီနီဗာ ဖေဖော်ဝါရီ ၃**

ယမန်နေ့က လစ်ဗျားနိုင်ငံကမ်းခြေတစ်ခုမှ မြေထဲပင်လယ်ကိုဖြတ်ကျော်ကာ ဥရောပနိုင်ငံသို့ တရားမဝင်ကူးပြောင်းရန် ကြိုးပမ်းခဲ့သော လူမှောင်ခိုလှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူပေါင်းအနည်းဆုံး ၉၀ သေဆုံးခဲ့ပြီး သုံးဦးသာ အသက်ရှင်ကျန်ရစ်ကြောင်း အပြည်ပြည်ဆိုင်ရာ လူဝင်မှုကြီးကြပ် ရေးအဖွဲ့အစည်းက သတင်းထုတ်ပြန်ခဲ့သည်။

သတင်းထုတ်ပြန်ချက်တွင် သေဆုံးခဲ့သည့် ရုပ်အလောင်း ဆယ်လောင်းသည် လစ်ဗျားနိုင်ငံ ကမ်းခြေသို့ မျောပါလာခဲ့ကြောင်း ဖော်ပြခဲ့ပြီး ၎င်းတို့အနက် နှစ်ဦးမှာ လစ်ဗျားနိုင်ငံသားများဖြစ်ကာ ကျန် ရှစ်ဦးမှာ ပါကစ္စတန်နိုင်ငံသားများဖြစ်ကြောင်း ဖော်ပြခဲ့သည်။ လှေပေါ်တွင် လိုက်ပါလာခဲ့သူနှစ်ဦးမှာ ကမ်းခြေသို့ ရေကူးရောက်ရှိကာ လွတ်မြောက်ခဲ့ပြီး အခြားတစ်ဦးကို ငါးဖမ်းသင်္ဘောမှ ကယ်ဆယ်နိုင်ခဲ့ကြောင်း စသည်ဖြင့် သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြခဲ့သည်။

ယခုနှစ် ဇန်နဝါရီလတွင် တရားမဝင်ကူးပြောင်းသူပေါင်း ၂၄၆ ဦး မြေထဲပင်လယ်တွင် သေဆုံးခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်မှစတင်ကာ နှစ်စဉ်အနည်းဆုံး လူပေါင်း ၃၀၀၀ မြေထဲပင်လယ်တွင် သေဆုံးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးအဖွဲ့အစည်း၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီ ၂၈ ရက်ထိ ရွှေ့ပြောင်းအခြေချသူ ၆၆၂၄ဦး မြေထဲပင်လယ်မှ ဥရောပသို့ ကူးပြောင်းရောက်ရှိခဲ့ကြောင်း သိရပြီး လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ဥရောပသို့ ကူးပြောင်းရောက်ရှိခဲ့သူအရေအတွက် တိုးမြင့် လာကြောင်း သိရသည်။ လွန်ခဲ့သောနှစ် ယခုလိုအချိန်ကာလတွင် စုစုပေါင်း ရွှေ့ပြောင်းအခြေချသူဦးရေမှာ ၅၉၈၃ ဦးသာရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဝတ်ပြုဆုတောင်းသူများကြား ဗင်ကားဖြင့် ဝင်တိုက်ခဲ့သူ ဗြိတိသျှအမျိုးသားတစ်ဦး ထောင်ဒဏ် ၄၃ နှစ် ချမှတ်ခံရ

**လန်ဒန် ဖေဖော်ဝါရီ ၃**

လွန်ခဲ့သော ဇွန်လက လန်ဒန်ဘာသာရေး အဆောက်အအုံအပြင်ဘက်ရှိ ဘာသာရေး ဝတ်ပြုဆုတောင်းသူများ ကြားထဲသို့ ဗင်ကားတစ်စီးဖြင့် ဝင်ရောက် တိုက်မှုဖြစ်ပွားခဲ့သူ ဗြိတိသျှအမျိုးသားတစ်ဦးမှာ လူသတ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ထောင်ဒဏ် ၄၃ နှစ် ချမှတ်ခံလိုက်ရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လူအုပ်ထဲသို့ ကားဖြင့် ဝင်တိုက်မှုကြောင့် အနည်းဆုံး တစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဗြိတိသျှ-ပါကစ္စတန် ကပြားအမျိုးသားများပါဝင်သည့် ကလေးတစ်ဦး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည့် ဘီဘီစီ ရုပ်မြင်သံကြားဇာတ်လမ်းတစ်ခုကိုကြည့်ရှုပြီးနောက် အယူသီးစွဲလမ်းမှုဖြစ်ကာ ကားဖြင့် ထိုသို့ဝင်တိုက်သည့် ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကားဖြင့်ဝင်တိုက်သည့် ဗြိတိသျှ အမျိုးသားမှာ အသက် ၄၈ နှစ်ရှိ ဒါရန်အော့စ်ဘွန်းဆိုသူဖြစ်ပြီး လူအုပ်ထဲကားဖြင့် ဝင်တိုက်မှုကြောင့် အသက် ၅၁ နှစ်ရှိ မက်ခ်ရမ်ဆိုသူသေဆုံးခဲ့ကာ အခြား ၁၂ ဦးလည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။ **ရိုက်တာ**

## မြေငလျင်ရှေ့ပြေးလက္ခဏာများကို လေ့လာနိုင်ရေးအတွက် ပထမဦးဆုံး မြေငလျင်-လျှပ်စစ်သံလိုက်ဂြိုဟ်တုကို တရုတ် လွှတ်တင်



**ပေကျင်း ဖေဖော်ဝါရီ ၃**

တရုတ်နိုင်ငံသည် မြေငလျင်ရှေ့ပြေးလက္ခဏာများကို လေ့လာနိုင်ရေးအတွက် ၎င်း၏ ပထမဦးဆုံး မြေငလျင်-လျှပ်စစ်သံလိုက်ဂြိုဟ်တုတစ်လုံးကို ယမန်နေ့က လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ အဆိုပါဂြိုဟ်တုသည် အနာဂတ်တွင် မြေငလျင်စောင့်ကြည့်မှုများနှင့် မြေငလျင်လှုပ်ခတ်နိုင်သည့်လမ်းကြောင်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်မည့် မြေပြင်ငလျင်စောင့်ကြည့်ရေးလုပ်ငန်း၌ ကူညီမှုများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂိုဘီသဲကန္တာရရှိ ဂျူကွမ်ဒုံးလွှတ်စင်မှ လောင်းမာ့ချ်-၂ ဒီဒုံးပျံဖြင့် ဒေသစံတော်ချိန် ၁၅ နာရီ ၅၁ မိနစ်တွင် လွှတ်တင်လိုက်ခြင်း ဖြစ်သည်။

မြေငလျင်-လျှပ်စစ်သံလိုက်ဂြိုဟ်တုသည် ၇၃၀ ကီလိုဂရမ်လေးပြီး ယင်းဂြိုဟ်တုကို ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ကီလိုမီတာ ၅၀၀ခန့်အရောက်တွင် ဂြိုဟ်ပတ်လမ်းထဲသို့ အချိန်ကိုက်ထည့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဇန်ဟန်-၁ဟုအမည်ပေးထားသော အဆိုပါဂြိုဟ်တုသည် လျှပ်စစ်သံလိုက်စက်ကွင်း၊ သီးခြားအိုင်းယွန် အဏုမြူများအဖြစ်တည်ရှိသော ကမ္ဘာ့မြေပြင်မှ ကီလိုမီတာ ၆၀ မှ ၁၀၀၀ အမြင့်ရှိ လေထု၊ စွမ်းအားမြင့် အမှုန်များကို စောင့်ကြည့်သည့်ဖြစ်စဉ်များတွင် သိပ္ပံပညာရှင်များကို ကူညီပေးသွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအဖွဲ့မှ အဆင့်မြင့် အရာရှိတစ်ဦးဖြစ်သူ ကျောင်ဂျန်က ပြောခဲ့သည်။ **ဆင်ဟွာ**



## တောင်ဆူဒန်သို့ လက်နက်နှင့်ကာကွယ်ရေးပစ္စည်းများ တင်ပို့မှု အမေရိကန် ရပ်ဆိုင်း

**ဝါရှင်တန်ဒီစီ ဖေဖော်ဝါရီ ၃**

အမေရိကန်ပြည်ထောင်စုအနေဖြင့် တောင်ဆူဒန်သို့ လက်နက်နှင့် ကာကွယ်ရေးဆက်စပ်ပစ္စည်းများတင်ပို့နေမှုကို ယမန်နေ့က တားမြစ်လိုက်ကြောင်း၊ ထိုသို့ပြုလုပ်လိုက်ခြင်းသည် နိုင်ငံတွင်းဖြစ်ပွားနေသည့် လေးနှစ်ကြာ ပြည်တွင်းစစ်ကို အဆုံးသတ်ရန် သမ္မတဆာဗာကားရ်ကို ဖိအားပေးလိုခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တောင်ဆူဒန်သို့ အဆိုပါ လက်နက်များတင်ပို့မှုဆိုင်ရာ တားမြစ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနော့ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် တောင်ဆူဒန်သို့ လက်နက်ရောင်းချခြင်းမပြုတော့သည့်အတွက် အမေရိကန်နိုင်ငံ၏ မည်သည့်ကုမ္ပဏီမဆို သို့မဟုတ် မည်သည့် နိုင်ငံသားမဆို တောင်ဆူဒန်နိုင်ငံ၏လက်နက်ဆိုင်ရာ ဂိုဏ်းဂဏကွဲမှုကိုဖြစ်စေမည့် ကာကွယ်ရေးဆိုင်ရာဆက်စပ်ပစ္စည်းများ တစ်နည်းမဟုတ်တစ်နည်း ထောက်ပံ့မှုကိုလည်း တားဆီးသွားမည် ဖြစ်သည်။

တောင်ဆူဒန်ခေါင်းဆောင်အနေဖြင့် အပစ်ရပ်စဲရေး သဘောတူညီချက်ကို မကြာခဏချိုးဖောက်မှုများဖြစ်ပွားပြီးနောက် အမေရိကန်နိုင်ငံအနေဖြင့် တောင်ဆူဒန်သို့ လက်နက်ရောင်းချမှုရပ်ဆိုင်းလိုက်ခြင်းသည် တောင်ဆူဒန်အပေါ် စိတ်မရှည်တော့ကြောင်းပြသသည့် နောက်ထပ်အချက်တစ်ချက်လည်း ဖြစ်ပေသည်။

သို့သော်လည်း တောင်ဆူဒန်မြို့တော် ဂျူဘားတွင် ကားရ်၏ ပြောရေးဆိုခွင့်ရှိသူ အတီနီဝက်ခ်က အဆိုပါပြောကြားချက်များအပေါ် ငြင်းဆိုလိုက်ကြောင်း သိရသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်အစိုးရက နိုင်ငံတွင်း ပဋိပက္ခကိုဖြစ်အောင်သွေးထိုးလှုံ့ဆော်ပေးနေသည့် တောင်ဆူဒန်အရာရှိများကို ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် အိမ်နီးချင်းနိုင်ငံများနှင့် အာဖရိကန်အုပ်စုများကို တိုက်တွန်းခဲ့ကြောင်း သိရသည်။ **ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### လာမည့်ရက်သတ္တပတ်တွင် မိုက်ပန့်စ် ဂျပန်သို့သွားရောက်မည်

**တိုကျို ဖေဖော်ဝါရီ ၃**

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်သည် ဂျပန်သို့လာမည့် ရက်သတ္တပတ်တွင် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန် ထိပ်တန်းအစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ယင်းခရီးစဉ်သည် ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ခိုင်မာသည့် မဟာမိတ်ဆက်ဆံရေးကို လေးနက်စေမည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှီဟီဒီစူဂါက လာမည့်အင်္ဂါနေ့မှ ကြာသပတေးနေ့အထိ ပန့်စ်သည်ဂျပန်၌ ရှိနေမည်ဖြစ်ကြောင်း သောကြာနေ့တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

စူဂါက မြောက်ကိုရီးယားနိုင်ငံ၏ အခြေအနေကဲ့သို့ ဒေသတွင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများပြင်းထန်လာနေချိန်တွင် ပန့်စ်၏ ခရီးစဉ်ပေါ်ပေါက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

ယင်းအလည်အပတ်ခရီးစဉ်အတွင်း နှစ်နိုင်ငံအတွေးအမြင်များဖလှယ်ကြရန်နှင့် မူဝါဒဆိုင်ရာများ ညှိနှိုင်းဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### တောင်အာဖရိကၡ မိုင်းတွင်းလုပ်သား ၉၀၀ခန့် မြေအောက်တွင်ပိတ်မိနေ

**ဂျိုဟန်နက်စ်ဘာ့ဂ် ဖေဖော်ဝါရီ ၃**

တောင်အာဖရိကမြောက်ပိုင်းရှိ ဘိထရစ်မိုင်းတွင်း၌ မိုင်းတွင်းအလုပ်သမား ၉၀၀ ခန့် မြေအောက်တွင် ပိတ်မိနေကြောင်း တောင်အာဖရိကကုန်သွယ်မှုသမဂ္ဂဆိုင်ရာ ကွန်ဂရက်က ကြာသပတေးနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

မိုင်းတွင်းလုပ်သားများအဖွဲ့နှင့် ဆောက်လုပ်ရေးသမဂ္ဂဥက္ကဋ္ဌ ဂျိုးဆက်မာသွန်ဂျဝါက ယင်းမတော်တဆဖြစ်ပွားမှုကို အတည်ပြုခဲ့သည်။

မိုးကြိုးပစ်၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုက အလုပ်သမား ၉၄၀ ကျော်တို့ကို မြေအောက်တွင် ပိတ်မိစေခဲ့ကြောင်း သိရသည်။

ထို့နောက် မိုင်းတွင်းလုပ်သား ၄၀ တို့ကို ကယ်ဆယ်ခဲ့ပြီး နောက်ထပ်မိုင်းတွင်းလုပ်သား ၉၀၀ ကို ကယ်ဆယ်ရန် ကျန်ရှိနေသေးကြောင်း သိရသည်။


တောင်အာဖရိက ကုန်သွယ်မှုသမဂ္ဂဆိုင်ရာကွန်ဂရက်အဖွဲ့က ၎င်းတို့အနေဖြင့် ယင်းဖြစ်ရပ်ဖြစ်ပွားရခြင်းကို အစိုးရက စုံစမ်းစစ်ဆေးစေလိုကြောင်း ပြောကြားခဲ့သည်။

ပိတ်မိနေကြသည့် မိုင်းတွင်းလုပ်သားများအား ကယ်ဆယ်နိုင်ရေး အင်အားဖြည့်တင်းရန်အတွက် အရေးပေါ်ဝန်ဆောင်မှုအဖွဲ့များကိုလည်း အကူအညီတောင်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖွံ့ဖြိုးတိုးတက်မှု စာမျက်နှာသစ်ကို ဖွင့်လှစ်မည့် ဝန်ကြီးချုပ် မေ၏ တရုတ်ခရီးစဉ်

**ကလျာမိုးမြင့်**



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ၂၀၁၆ ခုနှစ်ကစတင်ပြီး ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံကို အလည်အပတ်ရောက်ရှိလို့လာခဲ့ပါတယ်။ ဒီခရီးစဉ်ဟာ တရုတ်နဲ့ ဗြိတိန် နှစ်နိုင်ငံလုံးအတွက် ရွှေခေတ်ဆီသို့ ရောက်ရှိစေမယ့် တောက်ပခမ်းနားမှုအသစ်တွေကို ဆောင်ယူလာမယ့် ခရီးစဉ်တစ်ခု ဖြစ်လာလိမ့်မယ်လို့ သက်ဆိုင်ရာပုဂ္ဂိုလ်များက မျှော်လင့်လျက်ရှိနေပါတယ်။

ဒီခရီးစဉ်ဟာဆိုရင်ဖြင့် ၂၀၁၅ ခုနှစ်မှာ တရုတ်သမ္မတ ရှီကျင့်ဖျင် ဗြိတိန်ကို အလည်အပတ်ခရီးစဉ် လာရောက်ခဲ့ချိန်ကစပြီး ဗြိတိန်ဝန်ကြီးချုပ်က တရုတ်နိုင်ငံကို ပထမဆုံးအကြိမ် ခရီးစဉ်လာရောက်ခြင်းလည်းပဲ ဖြစ်ပါတယ်။ သောကြာနေ့မှာ ပြီးဆုံးတဲ့ သုံးရက်ကြာ အလည်အပတ်ခရီးစဉ်ဟာ ရွှေရောင်ထွန်းပမယ့် ကောင်းကျိုးရလဒ်အသီးအပွင့်တွေကို ဖြစ်ထွန်းလာစေဖို့ အားလုံးက ယုံကြည်နေပါတယ်။ ပိုးလမ်းမကြီးတည်ဆောက်မှု၊ ဘဏ္ဍာရေး၊ ဆန်းသစ်ပြောင်းလဲမှု၊ စိုက်ပျိုးရေးနဲ့ နည်းပညာကဏ္ဍတွေမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံတန်ဖိုးခန့် (ပေါင်ငွေ ၉ ဘီလီယံ တန်ဖိုးခန့်)ရှိတဲ့ စာချုပ်အများအပြားကို လက်မှတ်ရေးထိုးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**စံနမူနာကောင်းတစ်ခုဖြစ်**

တရုတ်နဲ့ ဗြိတိန်ဆက်ဆံရေးဟာ မတူကွဲပြားမှုတွေကို လေးစားလိုက်နာပြီး နှစ်ဖက်စလုံးက လက်ခံတဲ့ ဘုံသဘောတူညီမှုကို ရှာဖွေရာမှာ တရုတ်နဲ့ အနောက်နိုင်ငံတွေ ရင်းနှီးဆက်ဆံမှုရဲ့ စံနမူနာကောင်းတစ်ခုဖြစ်တယ်လို့ အချိန်ကာလကြာမြင့်စွာ မှတ်ယူခြင်းခံခဲ့ရပါတယ်။ ဗြိတိန်နိုင်ငံဟာ တရုတ်က ကမ်းလှမ်းတဲ့ အာဆီယံ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်မှာ တည်ထောင်သူအဖွဲ့ဝင်အဖြစ်နဲ့ ပထမဆုံးပူးပေါင်းဆောင်ရွက်လာတဲ့ ပထမဆုံးသော အနောက်နိုင်ငံကြီးတစ်ခုပါ။

ဒါ့အပြင် ဥရောပသမဂ္ဂအတွင်းမှာဆိုရင် ဗြိတိန်ဟာ တရုတ်နိုင်ငံရဲ့ ဒုတိယမြောက် အကြီးဆုံးကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပြီး တရုတ်ဟာ ဗြိတိန်ရဲ့ ဒုတိယအကြီးဆုံး ဥရောပသမဂ္ဂအဖွဲ့ဝင် မဟုတ်သော ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံတစ်ခုပါပဲ။ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏဟာ ၂၀၁၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၇၉ ဘီလီယံရှိခဲ့ပြီး ပြီးခဲ့တဲ့နှစ်ကထက် ၆ ဒသမ ၂ ရာခိုင်နှုန်းနီးပါးလောက် မြင့်တက်လာခဲ့ပါတယ်။ ဗြိတိန်ကနေ တရုတ်ကို တင်ပို့မှု ကတော့ ၁၉ ဒသမ ၄ ရာခိုင်နှုန်းတိုးပွား လာပါတယ်။

အခုဆိုရင် တရုတ်နဲ့ ဗြိတိန်ဟာ ရွှေခေတ်ရောက်ဖို့ အဝင်တံခါးဝမှာ ရပ်နေကြပြီလို့ ဆိုရတော့မှာဖြစ်ပါတယ်။ ဝန်ကြီးချုပ်မေနဲ့ တရုတ်သမ္မတရှီတို့ ကျောက်ယုထိုင် ဧည့်ခန်းမဆောင်မှာ တွေ့ဆုံခဲ့ကြချိန်မှာ သမ္မတရှီက ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ နှစ်ဖက်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုဟာ အချိန်ကာလတစ်ခုရဲ့ ခေတ်ရေစီးကြောင်းဖြစ်လာခဲ့ပြီလို့ ပြောကြားခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ခေတ်သစ်မှာ ကြံ့ခိုင်ပြီး တည်ငြိမ်တဲ့ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သွားဖို့အတွက် ဗြိတိန်နဲ့ အတူတကွ လက်တွဲသွားဖို့ ဆန္ဒရှိကြောင်းကိုလည်း သမ္မတရှီက ပြောခဲ့ပါတယ်။ နှစ်နိုင်ငံဆက်ဆံမှုဟာ အနာဂတ်ကာလမှာ ဒီထက်ပိုပြီး တိုးတက်စေဖို့ အဆိုပြုချက် လေးချက်ကိုလည်း ရှီက အကြံပြုလိုက်ပါတယ်။

**အဆိုပြုချက်လေးချက်**

ပထမအဆိုပြုချက်ကတော့ မဟာဗျူဟာကျတဲ့ မြင့်မားမှုနဲ့ ကျယ်ပြန့်တဲ့ နည်းလမ်းတွေကနေ နှစ်နိုင်ငံဆက်ဆံရေးကို အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်အောင် ထည့်သွင်းစဉ်းစားပြီး ပုံစံရေးဆွဲသွားဖို့ဖြစ်ပါတယ်။ နည်းဗျူဟာ၊ ဘဏ္ဍာရေးနဲ့ ပြည်သူအချင်းချင်း အပြန်အလှန်ဆက်ဆံမှု နယ်ပယ်တွေမှာ အဆင့်မြင့်ဆွေးနွေးပွဲတွေကို ဆက်လက်ပြီး လက်ခံကျင်းပသွားဖို့နဲ့ ဥပဒေပြုအဖွဲ့အစည်းတွေ၊ နိုင်ငံရေး ပါတီတွေနဲ့ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတွေအတွင်းမှာ အပြန်အလှန်ဆက်ဆံမှုတွေကို ခိုင်မာအောင် လုပ်ဆောင်သွားဖို့ သမ္မတရှီက တိုက်တွန်းထားပါတယ်။ နှစ်နိုင်ငံ အပြန်အလှန်နားလည်မှု၊ လေးစားမှုကို မြှင့်တင်ဖို့နဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံရဲ့ အဓိကကျတဲ့ အကြောင်းအရာတွေနဲ့ စိန်ခေါ်မှုတွေကို ထည့်သွင်း စဉ်းစားဖို့၊ အကဲဆတ်တဲ့ ကိစ္စရပ်တွေမှာ အပြုသဘောဆောင်တဲ့ နည်းလမ်းတွေနဲ့ ကိုင်တွယ်ဆောင်ရွက်သွားဖို့ တရုတ်သမ္မတက အလိုရှိနေပါတယ်။

ဒုတိယအချက်ကတော့ နှစ်ဖက်စလုံးဟာ နှစ်နိုင်ငံစီးပွားရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဖို့ အတူတကွ အလုပ်လုပ်သွားသင့်တယ်ဆိုတဲ့ အဆိုပြုချက်ပါ။ ဘဏ္ဍာရေး၊ နျူကလီးယားစွမ်းအင်၊ ရင်းနှီးမြှုပ်နှံမှုတွေမှာ နည်းဗျူဟာတွေ မြှုပ်နှံဖို့နဲ့ ပူးပေါင်းမှုကို မြှင့်တင်ဖို့နဲ့၊ ဉာဏ်ရည်တုနည်းပညာ၊ အစိမ်းရောင်စွမ်းအင်၊ ဒီဂျစ်တယ်စီးပွားရေးနဲ့ စီးပွားဆိုင်ရာ မျှဝေမှုလိုမျိုး ခေတ်သစ်မှာ ပေါ်ပေါက်လာမယ့် ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားဖို့ကိုပါ တိုက်တွန်းခဲ့ပါတယ်။

တတိယအဆိုပြုချက်မှာ တရုတ်နဲ့ ဗြိတိန်ဟာ ရာသီဥတုပြောင်းလဲမှု အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ကုလသမဂ္ဂ၊ ဂျီ ၂၀ နဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းတွေလိုမျိုး နိုင်ငံများစွာပါဝင်တဲ့ အဖွဲ့အစည်းတွေအတွင်းမှာ ပူးပေါင်းပါဝင်ဖို့နဲ့ အသိအမြင်တွေ ပိုမိုဖလှယ်သွားသင့်တယ်လို့ အကြံပြုခဲ့ပါတယ်။ စတုတ္ထအချက်အနေနဲ့ကတော့ နှစ်နိုင်ငံဟာ အရှေ့နဲ့ အနောက်နိုင်ငံတွေကြား အပြန်အလှန် နားလည်သဘောပေါက်မှုဆိုင်ရာ စည်းချက်ညီညွတ်မှုနဲ့ အတူတကွတည်ရှိမှု စံနမူနာတစ်ခုကို ပြသနိုင်ဖို့အတွက် ပြည်သူအချင်းချင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာ မျှဝေမှုတွေကို ပိုမိုအားဖြည့်ဆောင်ရွက်သွားသင့်တယ်လို့ အဆိုပြုထားတာ ဖြစ်ပါတယ်။

**တရုတ်နိုင်ငံရဲ့အခန်းကဏ္ဍကို တန်ဖိုးထား**

ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဗြိတိန်ဝန်ကြီးချုပ်မေကလည်း ၂၀၁၅ ခုနှစ်မှာ တရုတ်သမ္မတရှီ ဗြိတိန်သို့ အလည်အပတ် လာရောက်ခဲ့မှုဟာ နယ်ပယ်ကဏ္ဍများစွာတို့မှာ နှစ်နိုင်ငံ ရင်းနှီးဆက်ဆံမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေ ပိုမိုလေးနက်ခိုင်မာစေခဲ့ကြောင်း ပြန်ပြောင်းပြောဆိုခဲ့ပါတယ်။ များစွာသော ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်တွေမှာ ဗြိတိန်နဲ့ တရုတ်နိုင်ငံတို့ဟာ တူညီတဲ့ သဘောထားအမြင်တွေကို မျှဝေခဲ့ကြပြီး နိုင်ငံတကာအရေးကိစ္စတွေမှာ တရုတ်နိုင်ငံရဲ့ အခန်းကဏ္ဍကို တန်ဖိုးထားကြောင်း ၎င်းက ဖော်ပြခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ သမ္မတရှီ ပြောကြားခဲ့တဲ့ မိန့်ခွန်းကို နိုင်ငံတကာအဖွဲ့အစည်းက နွေးထွေးစွာကြိုဆိုကြောင်းကိုလည်း ဝန်ကြီးချုပ်မေက ဖြည့်စွက်ပြောကြားပါတယ်။ Belt and Road စီမံကိန်းကြီးပမ်းဆောင်ရွက်မှုဟာဆိုရင် တစ်ကမ္ဘာလုံးကို လွှမ်းမိုးလာနေပြီဖြစ်သလို ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်ဖို့အတွက်လည်း ဗြိတိန်နဲ့ တရုတ်တို့ ပူးပေါင်းဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်မိကြောင်း မေက ဖွင့်ဟ ပြောဆိုခဲ့ပါတယ်။


လွတ်လပ်စွာကုန်သွယ်မှုကို ခုခံကာကွယ်သူတစ်ဦးအနေနဲ့ ဗြိတိန်ဟာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနဲ့ နည်းပညာ၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနဲ့ အင်တာနက် စတဲ့နယ်ပယ်တွေမှာ တရုတ်နဲ့အတူ ပူးပေါင်းဖို့ လိုလိုလားလားရှိနေပြီး ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ အရေးကြီးကိစ္စရပ်တွေမှာ ပူးပေါင်းမှုအရှိန်အဟုန်ကို မြှင့်တင်သွားလိုတယ်ဆိုတဲ့ ဗြိတိန်နိုင်ငံရဲ့ဆန္ဒကို ဖော်ပြခဲ့ပါတယ်။


ဝန်ကြီးချုပ်မေရဲ့အလည်အပတ်ခရီးစဉ်အရ တရုတ်နဲ့ ဗြိတိန်တို့ဟာ ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှု၊ ရာသီဥတုပြောင်းလဲမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ အကြမ်းဖက်မှုကို ဆန့်ကျင်တိုက်ဖျက်ရာမှာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်တော့မယ့် အလားအလာတွေကို တွေ့မြင်နိုင်ပြီး ဥရောပသမဂ္ဂကနေ နုတ်ထွက်လိုက်ပြီဖြစ်တဲ့ ဗြိတိန်ဟာဆိုရင်လည်း ကုလသမဂ္ဂနဲ့ ဂျီ ၂၀ လို ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတွေမှာ ပိုမိုအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာတော့မယ့် ချဉ်းကပ်မှုတွေကို တွေ့မြင်လာရတော့မှာ ဖြစ်ပါတယ်။


နှစ်နိုင်ငံလုံးဟာ လွတ်လပ်စွာကုန်သွယ်ရေးနဲ့ ကမ္ဘာ့အနှံ့ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တွေကိုလည်း ဖော်ဆောင်သွားကြဖို့ ကတိပြုထားကြတာဖြစ်တဲ့အတွက် နှစ်နိုင်ငံရင်းနှီးဆက်ဆံမှုမှသည် ရွှေခေတ်တစ်ခေတ်ကို ထူထောင်နိုင်တော့မယ့် အတိတ်နိမိတ်ကောင်း၊ အလားအလာကောင်းတွေကို အားလုံးက ကမ်းလင့်ကြိုဆိုလျက်ရှိနေပါတယ်။ ။


**ကိုးကား- ဆင်ဟွာ**


> "လွတ်လပ်စွာကုန်သွယ်မှုကို ခုခံကာကွယ်သူတစ်ဦးအနေနဲ့ ဗြိတိန်ဟာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနဲ့နည်းပညာ၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနဲ့ အင်တာနက်စတဲ့ နယ်ပယ်တွေမှာ တရုတ်နဲ့အတူပူးပေါင်းဖို့ လိုလိုလားလားရှိနေပြီး ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ အရေးကြီးကိစ္စရပ်တွေမှာ ပူးပေါင်းမှုအရှိန်အဟုန်ကို မြှင့်တင် သွားလိုတယ်ဆိုတဲ့ ဗြိတိန်နိုင်ငံရဲ့ဆန္ဒကို ဖော်ပြခဲ့"














# ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာ ချိုဝင်း၊ ပါမောက္ခ၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့်စာမေးပွဲဖြေဆိုရာတွင် မှန်ကန်သောနည်းစနစ်များ၊ မှန်ကန်သော အတွေးအခေါ်အယူအဆများကို အခြေခံ၍ စနစ်တကျ တွက်ချက်ရေးသား ဖြေဆိုတတ်စေရန်၊ မှားတတ်သောအမှားများကို သတိပြုရှောင်ကြဉ်နိုင်ကြစေရန်နှင့် စာမေးပွဲ ဖြေဆိုရာတွင် သတိပြုရမည့်အချက်အလက်များကို သိရှိကြစေရန် ရည်ရွယ်ရေးသား ဆွေးနွေးပါမည်။**

တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းကောင်းရရှိရန် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးအပြင် သင်ခန်းစာတစ်ခုချင်းနှင့်ဆက်နွယ်သော ဉာဏ်စမ်းပုစ္ဆာများကိုလည်း တွက်ချက်လေ့ကျင့်ထားရန်အကြံပြုလိုပါသည်။ သို့မှသာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သင်္ချာဘာသာရပ်နှင့် နီးနွယ်သော အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၊ ဘာသာရပ်အထူးပြု ထူးချွန်သင်တန်းများနှင့် သင်္ချာဘာသာရပ်အထူးပြု ထူးချွန်သင်တန်းများ တက်ရောက်ရာတွင် အထောက်အကူများ ရရှိနိုင်မည်ဖြစ်ပါသည်။

ပထမဦးစွာ သင်္ချာဘာသာရပ် မေးခွန်းလွှာပုံစံကို တင်ပြပါမည်။ မေးခွန်းလွှာမှာ Section (A), Section (B), Section (C) အပိုင်း (၃) ပိုင်းပါဝင်ပြီး၊ ဖြေဆိုချိန်မှာ (၃) နာရီဖြစ်ပါသည်။ Section (A) ၌ (၁)မှတ်တန် Multiple choice question (၂၅) ပုဒ် မေးထားပြီး၊ **မေးခွန်းအားလုံး**ဖြေဆိုရပါမည်။ Section (B) ၌ (၃) မှတ်တန် (၅)ပုဒ် မေးထားပြီး၊ **မေးခွန်းအားလုံး**ဖြေဆိုရပါမည်။ မေးခွန်း No. 2 ၌ (OR) ခံ၍ choice ပေးထားပြီး၊ အလားတူ မေးခွန်း No. 3 ၌ (OR) ခံ၍ choice ပေးထားသည်။ **ကြိုက်နှစ်သက်ရာမေးခွန်း(၁)ပုဒ်** ကိုသာ မေးခွန်းနံပါတ်တပ်၍ ဖြေဆိုရပါမည်။ Section (C) ၌ (၁၀)မှတ်တန် မေးခွန်း(၉) ပုဒ် မေးထားပြီး **ကြိုက်နှစ်သက်ရာမေးခွန်း (၆)ပုဒ်** ကိုသာ ရွေးချယ်ဖြေဆိုရပါမည်။ မေးခွန်း (၁)ပုဒ်စီမှာ အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍ (၅) မှတ်တန် မေးခွန်း (၂) ပုဒ် မေးပါမည်။

ဖြေဆိုချိန်များကို အကြံပြုလိုသည်မှာ Section (A) ကို မိနစ်(၄၀)ခန့် အများဆုံးထား၍လည်းကောင်း၊ Section (B) ကို မိနစ် (၃၀)ခန့် အများဆုံးထား၍ လည်းကောင်း၊ Section (C) ကို မိနစ် (၉၀)ခန့် အများဆုံးထား၍လည်းကောင်း၊ ပြီးအောင် ဖြေဆိုလေ့ကျင့်သင့်ပါသည်။ အကြမ်းအားဖြင့် ထိုသို့ဖြေဆိုနိုင်မှသာ ဖြေဆိုပြီးသား အဖြေများကို ပြန်လည်စစ်ဆေးရန် အနည်းဆုံး မိနစ်(၂၀)ခန့် အချိန်ရပါမည်။ ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းကောင်းရရှိရန် မေးခွန်းလွှာများကို အချိန်နှင့် လေ့ကျင့်ဖြေဆိုသင့်ပါသည်။

မေးခွန်းလွှာ၏ Section တစ်ခုချင်းစီ၌ ကျောင်းသား ကျောင်းသူများ မှားတတ်သောအချက်များကို ဆွေးနွေးတင်ပြပါမည်။ Section (A) မေးခွန်း No. 1 မှာ Multiple choice question (၂၅) ပုဒ်မေးထားပြီး၊ မေးခွန်း (၁) ပုဒ်စီမှာ A, B, C, D, E အဖြေ (၅) ခု ပေးထားပါမည်။ အဖြေ (၅) ခု အနက် အဖြေမှန် (၁) ခုကိုသာ ရွေးချယ်ပြီး မေးခွန်းနံပါတ်နှင့်တွဲ၍ A (သို့မဟုတ်) B (သို့မဟုတ်) C (သို့မဟုတ်) D (သို့မဟုတ်) E ဟု ထင်ရှားပီသစွာ ရေးသားဖော်ပြရပါမည်။ ဤသို့ရေးရာတွင် Capital letter A, B, C, D, E ဖြင့် ရေးသားဖော်ပြရမှာ ဖြစ်ပြီး စာလုံးတစ်လုံးပေါ်မှာ နောက်ထပ်တစ်လုံးထပ်ရေးခြင်း၊ small letter a, b, c, d, e ဖြင့် ရေးခြင်း၊ မေးခွန်းနံပါတ်နှင့် အဖြေချည်းသက်သက် တွဲရေးခြင်းများ မပြုလုပ်သင့်ပါ။ ဥပမာ 1.(1) A. 1 only ဟု ရေးပါက မေးခွန်းလွှာတွင် A. 2 only ဖြစ်နေလျှင် အမှတ်ရမည် မဟုတ်ပါ။ အပုဒ်ခွဲ (၁) မှ (၂၅) အထိ အစဉ်လိုက် ဖြေဆိုသင့်ပါသည်။ Section (B) မှာ မေးခွန်း No. 2 မှ No. 6 အထိ မေးခွန်း (၅)ပုဒ် ပါဝင်ပြီး Section (C) မှာ မေးခွန်း No. 7 မှ No. 15 အထိ မေးခွန်း (၉)ပုဒ် ပါဝင်ပြီး ကြိုက်နှစ်သက်ရာ မေးခွန်း (၆) ပုဒ်ကို ရွေးချယ် ဖြေဆိုရပါမည်။ မေးခွန်း (၁) ပုဒ်စီမှာ ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) ကို ဆက်တိုက်ဖြေဆိုရန် မလိုအပ်ပါ။ ဥပမာ No. 7.(a) ဖြေပြီး 7.(b) ကို မဖြေဆိုနိုင်သေးပါက ဆက်တိုက် ဖြေဆိုရန် မလိုအပ်ပါ။ ထိုပုစ္ဆာကို ချန်ထား၍ ရနိုင်သည့်ပုစ္ဆာများကိုသာ အရင်ဖြေဆိုသင့်ပါသည်။ သို့သော် အပုဒ်ခွဲ (b) ကို ဖြေဆိုတိုင်း (b) တစ်ခုတည်း မရေးသင့်ပါ။ မေးခွန်းနံပါတ်နှင့် (b) ကို တွဲရေးရန် လိုအပ်ပါသည်။ ဖြေဆိုခွင့်ရှိသော ကြိုက်နှစ်သက်ရာ မေးခွန်း (၆) ပုဒ်ထက် ပိုဖြေသော်လည်း အမှတ်ပိုရမည် မဟုတ်ပါ။ ပုဒ်ရေ ပိုဖြေထားခြင်း မရှိစေရန် ဖြေဆိုပြီးတိုင်း စစ်ဆေးသင့်ပါသည်။ ဖြေဆိုရာတွင် Section (A) ပြီးမှ Section (B)၊ Section (B) ပြီးမှ Section (C) အစဉ်လိုက် ဖြေဆိုရန် မလိုအပ်ပါ။ ကြိုက်နှစ်သက်ရာ မေးခွန်းကို နံပါတ်တပ်၍ ဖြေဆိုနိုင်ပါသည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆောင်ရန် ရှောင်ရန် သတိပြုရန် အချက်များကို ဆွေးနွေးရှင်းလင်းပါမည်။

**Chapter (1) Functions** အခန်းတွင် ဖန်ရှင်တစ်ခု၏ domain, range, image, composition of functions, inverse functions, binary operations စသည်တို့ကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာထားရန် လိုအပ်ပါသည်။ ဖန်ရှင်ဆိုင်ရာ သင်္ကေတများ မှန်ကန်စွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။ f နှင့် g ဖန်ရှင်နှစ်ခု ပေါင်းစပ်၍ရသော ဖန်ရှင်ဖြစ်သည့် composite of f and g ကို သင်္ကေတ $f\circ g$ ဖြင့် ရေးပြီး $f\circ g$ ၏ formula ကို

$(f\circ g)(x) = f(g(x))$ ဟု မှန်ကန်စွာရေးတတ်ရမည်။

$(f\circ g)(x) = f(g(x)$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ် ဝိုက်ကွင်း တစ်ခုကျန်နေခြင်း) (သို့မဟုတ်)

$(f\circ g)(x) = f(g(x)))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ် ဝိုက်ကွင်းတစ်ခုပိုနေခြင်း) (သို့မဟုတ်)

$f\circ g(x) = f(g(x))$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် ကွင်းပိတ်ဝိုက်ကွင်း နှစ်ခုလိုနေခြင်း) (သို့မဟုတ်)

$(f\circ g)(x) = f\circ(g(x))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် $\circ$ ပိုနေခြင်း) မဖြစ်စေရန် သတိပြုရမည်။

အစုနှစ်ခုကြား ဆက်သွယ်နေသော ဖန်ရှင်တစ်ခု f သည် one-to-one correspondence ဖြစ်လျှင်နှင့် ဖြစ်မှသာလျှင် ၎င်း၏ inverse function တည်ရှိပြီး inverse function သင်္ကေတကို $f^{-1}$ ဟု ရေးသည်။ ကျောင်းသား ကျောင်းသူအများစု မှားတတ်သောအမှားမှာ inverse function သင်္ကေတ $f^{-1}$ အစား $f'$ (သို့မဟုတ်) $f^{-}$ သင်္ကေတများ ရေးသားခြင်းဖြစ်သည်။ ထိုသို့ မှားယွင်းမရေးသားမိစေရန် သတိပြုရပါမည်။

A သည် အစုတစ်ခုဖြစ်ပြီး product set A x A ၏ အစုဝင်တစ်ခု (x, y) အား ဖန်ရှင်တစ်ခု $\odot$ ဖြင့် ဆက်သွယ်၍ရရှိသော Image ကို သင်္ကေတ $x \odot y$ ဖြင့် ပြလေ့ရှိသည်။ image ဖြစ်သော $x \odot y$ တိုင်း codomain A ထဲတွင် ရှိလျှင် $\odot$ ကို binary operation ဟုခေါ်သည်။ Image ဖြစ်သော $x \odot y$ တိုင်း codomain A ထဲတွင် ရှိခြင်းကို closure law ဟု ခေါ်ဆိုလေ့ရှိသည်။ အကြမ်းအားဖြင့် ဖြေဆိုသူများအတွက် နားလည်အောင် ပြောလိုသည်မှာ binary operation ဖြစ်ကြောင်း သက်သေပြတိုင်း ကိန်းရှင် x, y, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure ဖြစ်ကြောင်း သက်သေပြရမည်။ binary operation မဖြစ်ကြောင်း သက်သေပြတိုင်း ကိန်းသေ 1, 2, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure မဖြစ်ကြောင်း သက်သေပြရမည်။ အလားတူ ဖလှယ်ရ ဥပဒေသ(commutative law) နှင့် ဖက်စပ်ရ ဥပဒေသ (associative law) များ မှန်ကန်ကြောင်း သက်သေပြလိုလျှင် မည်သည့်အစုဝင်အတွက်မဆို ဥပဒေသ မှန်ကန်ကြောင်း သက်သေပြရန် လိုအပ်ပါသည်။ အစုဝင် အချို့အတွက်သာ ဆင်ခြင်ပြီး ဥပဒေသ မှန်ကန်ကြောင်း သက်သေပြချက်သည် ပြီးပြည့်စုံသော အဖြေမဟုတ်ကြောင်း သတိပြုရပါမည်။

**Chapter (2) The Remainder Theorem and The Factor Theorem** အခန်းမှာ Remainder theorem နှင့် Factor theorem နှစ်ခုပါဝင်ပြီး x ပါဝင်သော polynomial များကို f(x), g(x), h(x) သင်္ကေတများဖြင့် ဖော်ပြလေ့ရှိသည်။ ဖြေဆိုသူ အချို့သည် Remainder Theorem နှင့် Factor Theorem ဆိုင်ရာ ပုစ္ဆာများ ဖြေဆိုရာတွင် မေးထားသော မေးခွန်းကို သေချာစွာမဖတ်ခြင်းကြောင့် အဖြေများလိုနေခြင်း ပိုနေခြင်းများ တွေ့ရပါသည်။

ဥပမာ။ Find the remainder when the polynomial $x^8 + 2x - 5$ is divided by $x - 1$.

အထက်ပါပုစ္ဆာ၏ အဖြေမှာ

Let $f(x) = x^8 + 2x - 5$

When f(x) is divided by $x - 1$,

the remainder $= f(1) = 1 + 2 - 5 = -2$ ဖြစ်သည်။

ဤနေရာတွင် မေးခွန်း၌ Find the remainder ဟု မေးထားသောကြောင့် အဖြေတွင် the remainder စာသား ပါရမည်။ ၎င်းပြင် find the factors, find the other factors, solve the equation, factorize the polynomial completely စသည်တို့ပါဝင်သော မေးခွန်းများကိုလည်း ဖြေဆိုမှုမှန်ကန်အောင် သေချာစွာနားလည်အောင် လေ့ကျင့်သင့်ပါသည်။ ဥပမာ factorize the polynomial completely ဆိုသည့် မေးခွန်းကို ဖြေဆိုရာတွင် ရလာသော factor များ၏ မြှောက်ခြင်း၌သာ ဖြေဆိုမှုကို အဆုံးသတ်ရမည်ဖြစ်ပြီး ဆက်လက်ဖြေဆိုခြင်းမှာ မေးထားသော မေးခွန်းကို နားမလည်ရာရောက်ပါသည်။ အလားတူ find the other factors ဟု မေးထားသော မေးခွန်းကို ဖြေဆိုရာတွင်လည်း ကျန်သော factor များကိုသာ ဖော်ပြရေးသားရမှာဖြစ်ပြီး factor အားလုံး ဖော်ပြရေးသားရန် မလိုအပ်ပါ။

**Chapter (3) The Binomial Theorem** အခန်းမှ အက္ခရာကိန်းတွဲ (binomial) များအကြောင်းကို ဆွေးနွေးတင်ပြပါမည်။ ပုစ္ဆာများဖြေရှင်းရာတွင် binomial expansion (သို့မဟုတ်) (r + 1)th term formula ကို အဆင်ပြေသလို အသုံးပြုနိုင်သည်။ ဥပမာအားဖြင့် $x + (\frac{1}{x})^n$ အကျယ်ဖွင့်မှ (r + 1) အကြိမ်မြောက် ကိန်းလုံးရေးသားရာတွင်

$(r + 1)\text{th term} = {}^nC_r\, x^{n-r} (\frac{1}{x})^r$ ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရန် လိုအပ်ပါသည်။

(r + 1) အကြိမ်မြောက် ကိန်းလုံးကို (r + 1)th term ဆိုသည့် စကားလုံးမပါဘဲ $(x + \frac{1}{x})^n = {}^nC_r\, x^{n-r} (\frac{1}{x})^r$ ဟု ရေးသားခြင်း (သို့မဟုတ်)

$(r + 1)\text{th term} = {}^nC_r\, x^{n-r}\ \frac{1}{x}^{\ r}$ ဟု ရေးသားခြင်းတွင် ညီမျှခြင်း၏ လက်ယာဘက်တွင် $\frac{1}{x}$ ကို ဝိုက်ကွင်း မခတ်ဘဲ ရေးသားခြင်းများ မဖြစ်စေရန် ဂရုပြုရမည်ဖြစ်သည်။ အကယ်၍ $(x + \frac{1}{x})^n$ ကို ပထမကိန်းသုံးလုံး အကျယ်ဖွင့်ပုံစံဖြင့် ရေးမည်ဆိုလျှင်

$(x + \frac{1}{x})^n = {}^nC_0\, x^n + {}^nC_1\, x^{n-1}(\frac{1}{x}) + {}^nC_2\, x^{n-2}(\frac{1}{x})^2 + \ldots$ ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရမည်။ သို့သော် n ထပ်အကျယ်ဖွင့်မှာ ကိန်းလုံးရေပေါင်း (n + 1) လုံး ရှိသဖြင့် ပထမကိန်းသုံးလုံး အကျယ်ဖွင့်ပုံစံကို $(x + \frac{1}{x})^n = {}^nC_0\, x^n + {}^nC_1\, x^{n-1}(\frac{1}{x}) + {}^nC_2\, x^{n-2}(\frac{1}{x})^2 +$ ဟု ရေးသားခြင်းသည် ကိန်းသုံးလုံးတည်းကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် ပြည့်စုံလုံလောက်မှုမရှိပါ။ အကျယ်ဖွင့် တွင်ပါဝင်သော " . . . " ၏ သဘောမှာ ပထမကိန်းသုံးလုံး၏ နောက်တွင် လက်ကျန်ကိန်းများ ရှိနေသေးသည့်သဘောကို ဆောင်ပါသည်။ find the coefficient of $x^2$ ဟု မေးထားသောမေးခွန်းကို ဖြေဆိုမည်ဆိုလျှင် $x^2$ ၏ မြှောက်ဖော်ကိန်းဟု မေးထားသဖြင့် အဖြေ၌ $x^2$ မပါဝင်ရန် လိုအပ်ပါသည်။ အလားတူ find the term independent of x, find the constant term ဟု မေးထားသော မေးခွန်းများကို အဖြေ၌ ကိန်းရှင် x မပါဝင်ရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ $(2x + 3)^5$ ၏ အကျယ်ဖွင့်မှာ

$$(2 + 3x)^5 = 2^5 + 5(2)^4 (3x) + 10(2)^3 (3x)^2 + \ldots$$
$$= 32 + 240\, x + 720\, x^2 + \ldots$$

ဖြစ်သည့်အတွက် $x^2$ ၏ မြှောက်ဖော်ကိန်း (the coefficient of $x^2$) မှာ 720 ဖြစ်သည်။ $x^2$ ၏ မြှောက်ဖော်ကိန်း (the coefficient of $x^2$) မှာ $720\, x^2$ ဟု ဖြေလျှင် မှားပါသည်။ $x^2$ ပါသောကိန်း (the term in $x^2$) ရှာပါဟု မေးခဲ့လျှင် $720\, x^2$ ဟု ဖြေဆိုရပါမည်။

**Chapter (4) Inequations** အခန်းမှာ x ပါဝင်သော နှစ်ထပ်ကိန်းမညီမျှခြင်း (quadratic inequation) များ၏ solution set ကို method နှစ်ခုဖြင့် ဖြေရှင်းခြင်းဖြစ်သည်။ မေးခွန်းလွှာတွင် သတ်မှတ်ပေးထားသော method ဖြင့်သာ ဖြေရှင်းရမည်ဖြစ်သည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးလျှင် algebraic method ကိုသာ အသုံးပြု၍ တွက်ရမည်။ graphical method ကို အသုံးပြု၍ တွက်ပါဟု မေးလျှင် graphical method ကိုသာ အသုံးပြု၍ တွက်ရမည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးထားသော မေးခွန်းကို graphical method ကို အသုံးပြု၍ ဖြေဆိုခြင်းသည် မေးခွန်းတွင် သတ်မှတ်ပေးထားသော method ကို ဆန့်ကျင်ရာရောက်ပါသည်။ မည်သည့် method ကို အသုံးပြု၍ တွက်ပါဟူသော စာသားမပါလျှင် ကြိုက်ရာ method ကို အသုံးပြု၍ တွက်နိုင်သည်။ ကျောင်းသားကျောင်းသူများအနေဖြင့် quadratic inequation တိုင်းကို method နှစ်ခုစလုံးဖြင့် တွက်တတ်အောင် လေ့ကျင့်ထားသင့်သည်။ algebraic method ဖြင့် ဖြေရှင်းရာတွင် and နှင့် or ကို သူ့နေရာနှင့်သူ ဆီလျော်အောင် အသုံးပြုတတ်ရန် လိုအပ်ပါသည်။ graphical method ဖြင့် ဖြေရှင်းရာတွင်လည်း မျဉ်းကွေးပုံကို သတ်မှတ်ချက်ပြည့်စုံအောင် ဆွဲသားရန် လိုအပ်ပါသည်။

**Chapter (5) Sequences and Series** အခန်းမှာ A.P., G.P. တို့၏ nth term "$u_n$", sum of the first n terms "$S_n$", A.M, G.M နှင့် sum to infinity "S" ပုံသေနည်းများ သိထားရန် လိုအပ်ပါသည်။ ဖြေဆိုသူ အများစုမှာ $u_n$ နှင့် $S_n$ ပုံသေနည်းများကို လွဲမှားစွာ အသုံးပြုတတ်သည်။ ထို့အတူ A.P. ပုံသေနည်းများနှင့် G.P. ပုံသေနည်းများ မရောထွေးရန် လိုအပ်ပါသည်။ အထူးသဖြင့် sum to infinity ပုံသေနည်း "S" အစား "$S_\infty$" ဖြင့် ကိုယ့်သဘောနှင့် ကိုယ် ပြုပြင်မရေးမိစေရန် သတိထားရမည်။ ဥပမာ the sum of the first 8 terms of the A.P. ကို ပထမဦးစွာ ပေါင်းလဒ်ပုံသေနည်း

$S_n = \frac{n}{2}\{2a + (n-1)d\}$ ဟု ရေးပြီး နောက်တစ်ကြောင်းတွင်

$= \frac{8}{2}\{2a + (8-1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "$S_8$"မပါဘဲ ရေးခြင်း)

(သို့မဟုတ်) $S_n = \frac{8}{2}\{2a + (8-1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "$S_8$" အစား "$S_n$" ဟုရေးခြင်း) စသည်တို့ မပြုလုပ်မိအောင် ဂရုစိုက်ရမည်။

**Chapter (6) Matrices** အခန်းတွင် matrix နှစ်ခု တူညီခြင်း၊ အခြေခံ လုပ်ထုံးများ ဖြစ်သော matrix နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း၊ matrix တစ်ခုကို scalar ဖြင့် မြှောက်ခြင်း၊ matrix နှစ်ခု မြှောက်ခြင်း စသည်တို့ကို ကျွမ်းကျင်စွာ တတ်ထားရပါမည်။ order 2x2 ရှိသော matrix တစ်ခု A ၏ determinant of $A = 0$ ဖြစ်လျှင် A ကို singular matrix ဟု ခေါ်ပြီး $A^{-1}$ မရှိပါ။ အကယ်၍ determinant of $A \neq 0$ ဖြစ်လျှင် A ကို nonsingular matrix ဟု ခေါ်ပြီး $A^{-1}$ ရှိသည်ဟု သိထားရမည်။ သို့မှသာ order 2x2 ရှိသော matrix တစ်ခု၏ inverse ကို အသုံးပြုပြီး မသိကိန်းနှစ်ခုပါ တစ်ပြိုင်နက်ညီမျှခြင်းစနစ်ကို ဖြေရှင်းတတ်မှာ ဖြစ်ပါသည်။ ထို့အပြင် transpose matrix of A ကို " $A'$ " နှင့် inverse matrix of A ကို " $A^{-1}$" ဟု မှန်ကန်စွာ ရေးသားရမည်။ အထူးသတိပြုရမည်မှာ matrix နှစ်ခု မြှောက်ခြင်း AB ကို $A \times B$ (သို့မဟုတ်) $A \cdot B$ ဟု ရေးသားခြင်းများ မပြုလုပ်သင့်ပါ။

**Chapter (7) Introduction to Probability** အခန်းတွင် ဖြစ်ရပ်တစ်ခု၏ ဖြစ်နိုင်ခြေ (probability of an event) ကို တွက်ချက်ရန် ပေးထားသော စမ်းသပ်ချက်မှ ကန့်သတ်မှုရှိသော possible outcomes အရေအတွက်ကို ရှာတတ်ရမှာဖြစ်ပြီး မေးထားသော မေးခွန်း၏ favourable outcomes အရေအတွက်ကိုလည်း ရှာတတ်ရမည်။ မည်သည့်ဖြစ်ရပ်(event) A အတွက်မဆို ဖြစ်နိုင်ခြေတန်ဖိုး P(A) သည် $0 \leq P(A) \leq 1$ ဖြစ်သည်ကို မှတ်သားထားရမည်။ ထို့ပြင် ဖြစ်ရပ်A မဖြစ်ပေါ်သော ဖြစ်နိုင်ခြေ $P(\text{not } A) = 1 - P(A)$ ဖြစ်ကြောင်းကို သိထားရမည်။ Random experiment တစ်ခု၏ possible outcomes များကို tree diagram ဆွဲ၍ သော်လည်းကောင်း၊ table(ဇယား) တည်ဆောက်၍ သော်လည်းကောင်း ရှာယူတတ်ရမည်။ tree diagram ဆွဲသားခြင်းနှင့် table (ဇယား) တည်ဆောက်ခြင်းတို့တွင် heading ပါရန် လိုအပ်ပါသည်။ ပြင်ပလောကနှင့် မတူသော သင်္ချာ အယူအဆတစ်ခုကို တင်ပြပါမည်။ ဥပမာ 025 ဆိုသည့် ကိန်းသည် ဆယ်ကိန်းတစ်ခုသာ ဖြစ်ပြီး ရာဂဏန်း(hundred digit) နေရာတွင် ရှိနေသော " 0 " ကို ရာဂဏန်း (hundred digit) အဖြစ် အသုံးပြု၍ မရပါ။

စာမျက်နှာ ၁၉ သို့



# မြန်မာသဒ္ဒါသင်ကြားရေး (၃၉)

မောင်ခင်မင်(ဓနုဖြူ)

"ဝါစင်္ဂခွဲတဲ့နေရာမှာ ပညာရှင်တွေ အယူအဆချင်းဘယ်လို တူတယ်၊ ဘယ်လိုကွဲတယ်ဆိုတာတော်တော်များများ ပြောပြီးကြပြီနော်၊ အခုမကြာခင်ကထွက်တဲ့ သဒ္ဒါစာအုပ်တစ်အုပ်ရဲ့ ဝါစင်္ဂခွဲပုံအကြောင်း ပြောပြီးရင် ဝါစင်္ဂအကြောင်း တစ်ကဏ္ဍ နားကြတာပေါ့"

"ဟုတ်ကဲ့၊ ပြောပါဆရာ၊ အဲဒီစာအုပ်က..."

"အဲဒီစာအုပ်က ၂၀၁၆ ခုနှစ်ကမှ ထွက်တာဆိုတော့ မကြာသေးဘူးပေါ့၊ စာအုပ်နာမည်က 'Burmese: A Comprehensive Grammar 'တဲ့ ပညာရှင်နှစ်ယောက်ပူးတွဲပြုစုထားတဲ့ စာအုပ်ပါ"

"ဘယ်သူတွေ ပါလိမ့်ဆရာ"

"တစ်ယောက်က Mathias Jenny မက်သိယာ့စ်ဂျင်နီတဲ့၊ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်တက္ကသိုလ်၊ အနှိုင်းဘာသာဗေဒဌာနက အကြီးတန်းကထိက၊ သုတေသီတစ်ယောက်ပေါ့၊ အထွေထွေဘာသာဗေဒနဲ့ 'အစဦးသင် မြန်မာစာ'ဆိုပါတော့၊ မြန်မာစာစသင်တဲ့ ကျောင်းသားတွေကို သင်တာလေ၊ အဲဒီဘာသာရပ်တွေကို ပို့ချပေးနေတယ်၊ အရှေ့တောင်အာရှဘာသာစကားတွေကို သုတေသနပြုနေတယ်၊ မွန်ဘာသာစကားကို သုတေသနပြုထားတဲ့ သုစာတမ်းတွေ တွေ့ဖူးတယ်"

"ဟုတ်ကဲ့၊ နောက်တစ်ယောက်ကရော ဆရာ"

"နောက်တစ်ယောက်က ဒေါ်စံစံနှင်းထွန်း. ..တဲ့၊ ပြင်သစ်နိုင်ငံက အင်နားကို့ Inalcu မှာ မြန်မာဘာသာစကား ပို့ချပေးနေတဲ့ သုတေသနပညာရှင်ပဲ၊ မြန်မာနိုင်ငံက သုတေသနစာတမ်းဖတ်ပွဲတွေမှာ မကြာခဏစာတမ်းဖတ်ပါတယ်၊ Colloquial Burmese ဆိုတဲ့ စာအုပ်လည်း ပြုစုထားတယ်"

"ဟုတ်ကဲ့၊ မြန်မာဘာသာစကားကို သုတေသနပြုနေတဲ့ ပညာရှင်တွေအကြောင်းသိရတာ ဝမ်းသာပါတယ်ဆရာ"

"စိတ်ဝင်စားရင် ရှာဖွေပြီး လေ့လာပေါ့ကွယ်၊ အသိအမြင်တိုးတာပေါ့၊ အဲဒီသဒ္ဒါစာအုပ်မှာ ဝါစင်္ဂအကြောင်း အခန်းတစ်ခန်း ပါတယ်၊ ဝါစင်္ဂခွဲရာမှာ နာမ်ဆိုင်ရာ စကားလုံးတွေ (Nominlas) ရယ်၊ ကြိယာတွေ (Verbs) ရယ်၊ ကြိယာဝိသေသနတွေ (Adverbs) ရယ်၊ ပြီးတော့ ပစ္စည်းတွေ (Markers and Particles) ရယ်ဆိုပြီး လေးမျိုးခွဲထားတယ်ကွယ့်"

"ဝါစင်္ဂလေးမျိုး အယူအဆလို့ခေါ်နိုင်တာပေါ့နော် ဆရာ"

"ခေါ်နိုင်ပါတယ်၊ အဲဒီလေးမျိုးကို မူတည်ပြီး တစ်မျိုးစီကို အသေးစိတ်ထပ်ခွဲတယ်"

"ပြောပြပါ ဆရာ"

နာမ်ဆိုင်ရာစကားလုံးတွေကို နာမ်ရယ်၊ နာမ်စားရယ်၊ အတိုင်းအတာပမာဏပြရယ်၊ မျိုးပြရယ်ဆိုပြီးထပ်ခွဲထား တယ်"

"သြော်..."

"အသေးစိတ်တော့ မပြောတော့ပါဘူး၊ နောက်တော့ အေးအေးဆေးဆေး လေ့လာကြည့်ကြပေါ့၊ သတိပြုစရာကလေးတွေတော့ ပြောပြမယ်၊ နာမ်မှာအများဆိုင်နာမ်တွေကို ရေတွက်လို့ရတဲ့ နာမ်နဲ့ရေတွက်လို့မရတဲ့နာမ်လို့ ခွဲတယ်၊ ရေတွက်လို့ရတဲ့နာမ်အဖြစ် ရည်ညွှန်းတဲ့အရာဝတ္ထုတွေ၊ 'ကား' တို့၊ 'သစ်ပင်' တို့လိုဟာမျိုးတွေပေါ့၊ အဲဒီအရာဝတ္ထုတွေကို ထပ်ပြီးခွဲလိုက်၊ စိတ်လိုက်ရင် အဲဒီနာမည်နဲ့ ခေါ်လို့မရတော့ဘူးတဲ့"

"ဘယ်လိုပါလဲဆရာ"

"သြော်... ကားကို ခွဲစိတ်လိုက်ရင် ဘီးတို့၊ စက်တို့၊ ကားကိုယ်ထည်တို့၊ အစိတ်အပိုင်းတွေ ဖြစ်သွားရောမဟုတ်လား၊ အဲဒီလိုပဲ သစ်ပင်ကိုခွဲစိတ်လိုက်ရင် အကိုင်း၊ အခက်၊ အရွက်တွေ ဖြစ်သွားမှာပေါ့၊ အဲဒီအစိတ်အပိုင်းတွေကို ကားလို့မခေါ်နိုင်တော့ဘူး၊ သစ်ပင်လို့လည်း မခေါ်နိုင်တော့ဘူး အဲဒီသဘောကို ရှင်းပြထားတာလေ"

"ဟုတ်ကဲ့၊ နားလည်ပါပြီဆရာ"

"ဒါပေမယ့် ရေတွက်လို့မရတဲ့ နာမ်အဖြစ်ရည်ညွှန်းတဲ့ 'ရေ'တို့၊ 'ဆန်' တို့ဆိုပါစို့၊ အဲဒါတွေကို အစိတ်အပိုင်းပေါင်းများစွာနဲ့ ခွဲကြည့်လိုက်ရင်၊ နောက်ဆုံး ဆန်တစ်စေ့စီပဲ ဖြစ်သွားသွား၊ ရေတစ်စက်စီပဲ ဖြစ်သွားသွား၊ အဲဒါတွေကို ဆန်လို့ပဲခေါ်တယ်၊ ရေလို့ပဲခေါ်တယ် မဟုတ်လား"

"သဘောပေါက်ပါပြီ ဆရာ"

"ဝါစင်္ဂတွေကို သဒ္ဒါအရရော အနက်အဓိပ္ပာယ်အရရော ခွဲကြည့်ထားတာလေ၊ နောက်မှတ်သားစရာတစ်ခုက နာမ်တွေဟာ အဖွင့်အမျိုးအစား (open class) စကားလုံးတွေပဲ၊ ဆိုလိုတာက နာမ်စကားလုံးတွေ၊ အသစ်အသစ်ဝင်လာနိုင်အောင် တံခါးဖွင့်ပေးထားတာမို့ နာမ်အသစ်တွေ အမြဲတိုးပွားနေတယ်လို့ ဆိုလိုတာပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ 'ကွန်ပျူတာ' တို့၊ 'အင်တာနက်' တို့လို မွေးစားနာမ်တွေရော 'မီးအားမြှင့်စက်' တို့လို၊ 'တာလတ်ပစ်ဒုံးပျံ' တို့လို ဘာသာပြန်နာမ်တွေရော၊ 'ရေသန့်ဘူး' တို့၊ 'ရှုရပ်' တို့လို အသစ်တွဲစပ်တဲ့နာမ်တွေရော အများကြီးတိုးပွား လာတာ၊ ကျွန်တော်လည်း စိတ်ဝင်စားလို့ သတိထားမိပါတယ် ဆရာ"

"ဟုတ်ပ၊ ဒါကြောင့် အဖွင့်အမျိုးအစားလို့ ခေါ်တာပေါ့၊ နောက်လည်း နာမ်စကားလုံးအသစ်တွေတိုးနေဦးမှာပဲလေ"

"နာမ်စားကတော့အပိတ်အမျိုးအစား (Closed Class) လို့ခေါ်တယ်။ 'ငါ'တို့၊ 'သူ'တို့၊ 'ဒါ'တို့စသည်ဖြင့်ပေါ့။ အဲဒီလို နာမ်စားတွေက အရေအတွက်လည်းမများလှဘူး။ အသစ်လည်း တိုးမလာတော့ဘူး။ နာမ်စားစစ် စစ်တွေပေါ့"

"နာမ်စားစစ်စစ်တွေထဲမှာ 'သင်'တို့၊ 'မင်း'တို့၊ 'နင်'တို့ လည်းပါမှာပေါ့နော်"

"ခုပြောနေတဲ့ သဒ္ဒါစာအုပ်မှာတော့ သာဓကထင်ရှားရုံ လောက်ပဲပြတာပါ၊ ရှေ့ကသုံးတဲ့ 'ထို'၊ 'ဤ'အခုသုံးတဲ့ 'ဟို'၊ 'ဒီ'ဆိုတာမျိုးတွေ လည်းပါတာပေါ့"

"ဆရာ 'ကျွန်တော်'တို့၊ 'ကျွန်မ'တို့ရော နာမ်စားပဲ မဟုတ်လား"

"နာမ်စားစစ်စစ်တော့ မဟုတ်ဘူးကွဲ့၊ 'ငါ'တို့၊ 'နင်'တို့လို အရင်းခံမကျဘူးလေ၊ နောက်မှပေါ်လာ တဲ့နာမ်စား သာဓကသဘော သက်ရောက်တဲ့ စကားလုံးတွေပါ 'တပည့်တော်'တို့၊ 'အရှင်ဘုရား'တို့လည်း အတူတူပေါ့၊ နာမ်စားစစ်စစ်တွေကတော့ အသစ်မတိုးတော့ပါဘူး၊ တံခါးပိတ်ထားပြီးပါပြီ၊ ဒါပေမယ့် နာမ်စားသဘောမျိုးသုံးတဲ့ စကားလုံးတွေ၊ ပညာရှင် တချို့က pronominal reference လို့ခေါ်တယ်၊ အဲဒီလို စကားလုံးတွေကတော့ အသစ်အသစ်တွေဝင်လာတာမို့ တံခါးဖွင့်နေတယ်လို့ ပြောရမှာပဲလေ"

"ဟုတ်ကဲ့ပါ၊ အခုဆိုရင် 'သမီး'တို့၊ 'သား'တို့ကိုလည်း နာမ်စားလိုသုံးနေကြပြီလို့ ပြောနိုင်မှာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်၊ စောစောပိုင်းကတော့ မိန်းကလေးတွေက ကိုယ့်ကိုယ်ကိုယ်ပြောသူနာမ်စားအဖြစ်လည်း 'သမီး'လို့ပြောလာကြတယ်၊ နာသူနာမ်စားအဖြစ်လည်း 'သမီး'လို့သုံးလာကြတယ်၊ အခုနောက်ပိုင်းတော့ ယောကျာ်းလေးတွေလည်း 'သား'လို့သုံးလာကြပြီလေ"

"ဟုတ်တယ်နော်ဆရာ"

"သားနဲ့သမီးလိုပဲ တခြားဆွေမျိုးစပ် စကားလုံးတွေကို နာမ်စားအဖြစ်သုံးနေကြတာကြာပါပြီ၊ 'သားကိုဖေဖေ ပြောချင်တာက'လို့ အဖေကပြောရင် 'ဖေဖေပြောမှာ သားသိနေပါတယ်'လို့ သားကပြန်ပြောတာမျိုးလေ၊ 'မေမေ၊ မမ၊ အစ်ကို၊ ကိုကို၊ ညီမ၊ ညီမလေး၊ အန်တီ၊ တီတီ၊ လေးလေး'ဆိုတာမျိုးတွေ အများကြီးပါပဲ၊ အဲဒီလိုပဲ 'ဆရာ၊ ဆရာမ'ဆိုတဲ့ အလုပ်အကိုင်ပြတဲ့ နာမ်တွေကိုလည်း ပြောသူနာမ်စားအဖြစ် ရော၊ နာသူနာမ်စားအဖြစ်ရော၊ အပြောနာမ်စားအဖြစ်ရော တွင်တွင်ကျယ်ကျယ်သုံးနေပါပြီ"

"ဆရာ၊ အခုနောက်ပိုင်းမှာ ကိုရီးယားရုပ်ရှင်တွေရဲ့ ဩဇာလားတော့ မသိဘူး၊ ဇနီးမောင်နှံချင်း 'မိန်းမရေ ယောကျာ်းပြောမယ်'၊ 'ယောကျာ်းရှေ့က စာအုပ်ကလေးမိန်းမဆီလှမ်းပေး လိုက်စမ်းပါ' ဆိုတာမျိုးတွေ တော်တော်ပြောလာကြပြီ"

"ဟုတ်မှာပေါ့၊ ဇနီးမောင်နှံတွေ အသက်ငယ်တုန်းက 'မောင်'တို့ 'ခင်'တို့ ချစ်စနိုးခေါ်ပေမယ့် အသက်ကြီးလာတော့ 'အဖေကြီး၊ အမေကြီး'၊ 'အဖေ၊ အမေ'လို့ ပြောင်းပြီး ခေါ်ကြတာတွေလည်း နာမ်စားသဘောသုံးတာတွေပါပဲ၊ 'သားတို့အဖေ'၊ 'သမီးတို့အမေ' ဆိုတာမျိုးတွေ 'အိမ်ကလူ' ဆိုတာမျိုးတွေလည်း ပါတာပေါ့"

"ဆရာ၊ ကျွန်တော်သတိထားမိတာတစ်ခုက 'ဗိုလ်ကြီးတို့၊ ဗိုလ်မှူးတို့၊ ဒီဂျီတို့၊ အမ်ဒီတို့၊ ရှေ့နေကြီးတို့၊ ဒေါက်တာတို့' ဆိုတဲ့ စကားတွေကို ကိုယ့်ကိုယ်ကိုယ် ရည်ညွှန်းပြီး ပြောသူနာမ်စားအဖြစ်သုံးတာ မကြားဖူးပေမယ့် နာသူနာမ်စားအဖြစ်တော့ တွင်တွင်ကျယ်ကျယ်သုံးနေကြတာ သတိထားမိပါတယ်"

"အေး... ဟုတ်တာပေါ့၊ ပြောသူက ကိုယ့်ကိုယ်ကိုယ် 'ဗိုလ်မှူးပြောမယ်၊ ဒီဂျီပြောမယ်' ဆိုတာမျိုးပြောလေ့မရှိပေမယ့် 'ဗိုလ်မှူးကိုတင်ပြပါမယ်၊ ဒေါက်တာရဲ့ဆေးခန်းကို ညနေလာခဲ့ပါ့မယ်' ဆိုတာမျိုး နာသူနာမ်စားအဖြစ် ပြောတာ တော်တော်တွင်ကျယ်နေပါပြီ"

"အခုပြောနေတဲ့ သဒ္ဒါစာအုပ်ထဲက ပညာရှင်တွေရဲ့အဆိုအမိန့်ကို မင်းတို့သဘောပေါက်အောင် သာဓကတွေနဲ့ ပြောရင် တော်တော်ရှည်သွားပြီနော်"

"စိတ်ဝင်စားစရာကောင်းပါတယ် ဆရာ"

"အတိုင်းအတာပမာဏကို ပြတဲ့စကားတွေက 'ပိဿာ၊ ခွက်၊ ပွဲ' ဆိုတဲ့စကားမျိုးတွေလို့ ပြထားတယ်၊ အဲဒီစကားလုံးတွေက ရေတွက်လို့မရတဲ့နာမ်တွေနဲ့ တွဲသုံးရတယ်၊ 'ဆီငါးပိဿာ၊ ဓာတ်ဆီသုံးဂါလန်၊ လက်ဖက်ရည်တစ်ခွက်၊ ဟင်းတစ်ပွဲ' ဆိုတဲ့ အသုံးအနှုန်းတွေပေါ့၊ ရေတွက်လို့မရတဲ့နာမ်အမျိုးမျိုးနဲ့ သုံးနိုင်တာမို့ အဖွင့်အမျိုးအစားလို့ သတ်မှတ်နိုင်တယ်၊ အဲ... မျိုးပြကတော့ အမျိုးအစားကို ပြတာမဟုတ်လား၊ ရဟန်း တစ်ပါး၊ လူတစ်ယောက်၊ နွားတစ်ကောင်၊ ကြက်ဥသုံးလုံး၊ ဖျာနှစ်ချပ်ဆိုတာမျိုးတွေပေါ့၊ 'ခု' ဆိုတဲ့ မျိုးပြကတော့ ယေဘုယျသုံးနိုင်တဲ့ မျိုးပြပဲ၊ မုန့်ငါးခု၊ ကစားစရာသုံးခု၊ ပစ္စည်းတစ်ခု ဆိုတာမျိုးပေါ့၊ ကိစ္စတစ်ခုရှိလို့၊ အခက်အခဲတစ်ခုကြောင့် ဆိုတာမျိုး အကောင်အထည်မရှိတဲ့ သဘောနဲ့လည်း သုံးလေ့ရှိပါတယ်၊ မြန်မာစကားမှာ မျိုးပြတွေ အင်မတန်ကြွယ်ဝတာ မင်းတို့ အသိပဲလေ၊ ထုံးတမ်းစဉ်လာအရမျိုးပြကို ပစ္စည်းအဖြစ် သတ်မှတ်ပေမယ့် အခုပြထားသလို နာမ်ထဲမှာ အကျုံးဝင်တဲ့ အမျိုးအစားတစ်ခုအဖြစ်လည်း မှတ်သားနိုင်တာပေါ့ကွယ်"

---

**စာမျက်နှာ (၁၈) မှ**

mutually exclusive events နှင့် independent events များ အကြောင်း ဆက်လက်ဆွေးနွေးပါမည်။ Random experiment တစ်ခုရှိ ဖြစ်ရပ်နှစ်ခု A နှင့် B တို့အနက် ဖြစ်ရပ် A (သို့မဟုတ်) ဖြစ်ရပ် B တစ်ခုသာဖြစ်နိုင်ပြီး ဖြစ်ရပ်နှစ်ခုလုံး တစ်ပြိုင်နက်မဖြစ်နိုင်သော ဖြစ်ရပ်များ ဖြစ်လျှင်၊ တစ်နည်းအားဖြင့် ဖြစ်ရပ်နှစ်ခု A နှင့် B တွင် ဘုံပါဝင်သော outcome များ မရှိလျှင် ဖြစ်ရပ်နှစ်ခု A နှင့် B တို့ကို mutually exclusive events ဟု ခေါ်ပြီး P(A or B) = P(A) + P(B) ဟု ရေးသည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B နှစ်ခုလုံး ဖြစ်နိုင်သော ဖြစ်ရပ်များဖြစ်လျှင်၊ တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် B တို့သည် ဖြစ်ရပ် တစ်ခုနှင့်တစ်ခု မမှီခိုသော ဖြစ်ရပ်များဖြစ်လျှင် ဖြစ်ရပ် A နှင့် B တို့ကို independent events ဟု ခေါ်ပြီး P(A and B) = P(A) x P(B) ဟု ရေးသည်။ အထူးသဖြင့် ကျောင်းသားကျောင်းသူ အများစုမှာ မေးထားသော probability ပုစ္ဆာများ၏ အဖြေကို စဉ်းစားရာတွင် mutually exclusive events နှင့် independent events တို့ကို မှားယွင်းဖြေဆိုတတ်ကြသည်။ အကြံပြုလိုသည်မှာ probability ပုစ္ဆာများကို မေးခွန်းနားလည်အောင် ဖတ်ပြီးမှ တွက်ချက်စေလိုပါသည်။

**Chapter (8) Circles** အခန်းမှာ အပိုင်းသုံးပိုင်း ပါဝင်ပြီး ပထမအပိုင်းတွင် စက်ဝိုင်းတစ်ခု၏ အဝန်းခံထောင့်များနှင့် ပတ်သက်သော သီအိုရမ်များ (Theorem 1 မှ Theorem 4 ထိ)၊ ဒုတိယအပိုင်းတွင် chord, tangent နှင့် secant segment တို့၏ product property များကို ဖော်ပြသော သီအိုရမ်များ(Theorem 5 မှ Theorem 6 ထိ)၊ တတိယအပိုင်းတွင် concyclic points နှင့် concyclic သီအိုရမ်များ (Theorem 7, Theorem 9, Theorem 10) ဖြစ်သည်။ geometry ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောပုံ ပါရမည်ဖြစ်ပြီး ဆွဲသားသောပုံသည် မှန်ကန်ရန် လိုအပ်ပါသည်။ အသုံးပြုသော ထောင့်သင်္ကေတများကိုလည်း ဆွဲသားသောပုံတွင် ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ သက်သေပြရာတွင် သင်ကြားပေးထားသည့်အတိုင်း အလွတ်ကျက်မှတ် ဖြေဆိုခြင်းများကို ရှောင်သင့်ပါသည်။ မေးထားသောပုစ္ဆာ၏ အဖြေအား စဉ်းစားသည့်အခါ မည်သည့်သီအိုရမ်ကို အသုံးပြု၍ ဖြေရှင်းနိုင်သည်ဟု ကြံဆတွေးတောနိုင်ရမည်။ သို့မှသာ geometry ပုစ္ဆာများကို ကြောက်ရွံ့မှု မရှိစွာ ဖြေရှင်းနိုင်လာမည်ဖြစ်သည်။

**Chapter (9) Areas of Similar Triangles** အခန်းမှာ နဝမတန်းတွင် သင်ကြားခဲ့ရသည့် တြိဂံနှစ်ခု သဏ္ဌာန်တူခြင်းဆိုင်ရာ သီအိုရမ်များကို ပြန်လည်သိထားရန်လိုအပ်ပါသည်။ ယခုအတန်းမှာ သဏ္ဌာန်တူတြိဂံနှစ်ခု၏ ဧရိယာများ အချိုးသည် လိုက်ဖက်အနားများ (သို့မဟုတ်) လိုက်ဖက်အမြင့်မျဉ်းများ (သို့မဟုတ်) လိုက်ဖက် အလယ်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်ထောင့်ထက်ဝက်ပိုင်းမျဉ်းများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည် ဟူသော အချက်များ သိထားရပါမည်။ တြိဂံနှစ်ခု သဏ္ဌာန်တူကြောင်း သက်သေပြပြီးတိုင်း မည်သည့်သီအိုရမ် မည်သည့် ကော်ရော်လာရီအရ သဏ္ဌာန်တူသည်ကို ထည့်သွင်းဖော်ပြပေးရန် လိုအပ်ပါသည်။ သဏ္ဌာန်တူခြင်း သင်္ကေတ " ~ " နှင့် ထပ်တူညီခြင်း သင်္ကေတ " ≅ " များ မှားယွင်းဖော်ပြခြင်း မပြုမိစေရန် သတိပြုရပါမည်။

**Chapter (10) Introduction to Vectors and Transformation Geometry** အခန်းမှာ geometric vector များ၏ ပေါင်းခြင်း၊ နုတ်ခြင်းနှင့် စကေလာဖြင့်မြှောက်ခြင်း စသည့် အခြေခံလုပ်ထုံးများအပြင် parallel vectors ဂုဏ်သတ္တိ၊ collinear ဂုဏ်သတ္တိများကိုလည်း သိထားရမည်။ ထို့ပြင် position vector, section formula နှင့် two dimensional vector များ အကြောင်းကိုလည်း သိထားသင့်ပါသည်။ Transformation geometry ဆိုင်ရာ matrix များ ဖြစ်သည့် reflection matrix, rotation matrix နှင့် translation matrix များကိုလည်း မှတ်သားထားရန် လိုအပ်ပါသည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် ဗက်တာသင်္ကေတမြား " → " မကျန်စေရန် သတိပြုရမည်။

**Chapter (11) Trigonometry** အခန်းမှာ နဝမတန်းတွင် သင်ကြားခဲ့ရသည့် ထောင့်မှန်တြိဂံတစ်ခု အတွင်းရှိ ထောင့်ကျဉ်းတစ်ခုမှ ရသော အခြေခံအချိုး (၆) ချိုးနှင့် အထူးထောင့်များဖြစ်သော 30°, 45°, 60° စသည်တို့၏ trigonometric ratio များကိုလည်း မှတ်ထားရမည်။ ထို့ပြင် general angle formulae, compound angle formulae, double angle formulae, half angle formulae, factor formulae စသည်များကိုလည်း သိထားသင့်ပါသည်။ သို့မှသာ ၎င်း formula ကို အသုံးပြု၍ trigonometric equation, trigonometric identity များကို ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ law of sines နှင့် law of cosines တို့ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်နှင့် လိုအပ်သော အနားများကို ရှာတတ်ရန်လည်း လိုအပ်ပါသည်။ အကြံပြုလိုသည်မှာ law of sines ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်များ ရှာရာတွင် အငယ်ဆုံး ထောင့်မှစ၍ ရှာသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှာသောထောင့်သည် ထောင့်ကျယ် ဖြစ်နေသော်လည်း law of sines ကို အသုံးပြု၍ တွက်ချက်လျှင် ထောင့်ကျဉ်းသာ ရလာပြီး ဖြေဆိုသူအနေဖြင့် အမှန်ဟုယူဆတတ်ပါသည်။ ညွှန်ထောင့်ပါသော ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောပုံ ပါရမည်ဖြစ်ပြီး ဆွဲသားသောပုံသည် မှန်ကန်ရမည့်အပြင် logarithm tables ဖြင့် အသုံးပြုတွက် ချက်သောဇယားကို ထည့်သွင်းဖြေဆိုရန် လိုအပ်ပါသည်။ ထောင့်များ၏ ဒီဂရီနှင့် မိနစ် သင်္ကေတများ မကျန်စေရန် သတိပြုပါ။

**Chapter (12) Calculus** အခန်းမှာ ပထမဦးစွာ ကျောင်းသားကျောင်းသူ အများစု limit ရှာသော ပုစ္ဆာများ တွက်ချက်ရာတွင် ဖြေဆိုပုံ လိုအပ်ချက်ကို တင်ပြပါမည်။ ဥပမာ Calculate $\lim_{x\to\infty}\frac{2x}{3x+4}$ ပုစ္ဆာကို တွက်ချက်ရာတွင်

$$\lim_{x\to\infty}\frac{2x}{3x+4} = \lim_{x\to\infty}\frac{2}{3+\frac{4}{x}}$$

$$= \frac{2}{3+0} \quad .......(*)$$

$$= \frac{2}{3}$$

ဟု မှန်ကန်စွာ ဖြေဆိုရမည်။ (*) ပြထားသော အဆင့်တွင် ပိုင်းခြေ၌ ပါဝင်နေသော " 0"သည် $\lim_{x\to\infty}\frac{4}{x} = 0$ ဆိုသည့် အဓိပ္ပာယ်ကို ဆောင်သည်။ ထို့ကြောင့် $\lim_{x\to\infty}\frac{2x}{3x+4} = \lim_{x\to\infty}\frac{2}{3+\frac{4}{x}} = \frac{2}{3}$ ဟု ဖြေဆိုခြင်းနှင့် $\lim_{x\to\infty}\frac{2x}{3x+4} = \lim_{x\to\infty}\frac{2}{3+\frac{4}{x}} = \lim_{x\to\infty}\frac{2}{3}$ ဟု ဖြေဆိုခြင်းများ မရှိစေရန် သတိထားရမည်။ ကိန်းရှင် x ၏တန်ဖိုး သေးငယ်သောပြောင်းလဲမှုပမာဏကို ဖော်ပြသည့် "$\delta x$" ကို $\delta$ နှင့် x မြှောက်ထားခြင်းဟု ယူဆပြီး $(\delta x)^2 = \delta^2 x^2$ နှင့် $2x\,\delta x = 2x^2\delta$ ဟူ၍ မှားယွင်းဖြေဆိုခြင်းများ ပြုလုပ်တတ်ပါသည်။ ဖြေဆိုသူများအနေဖြင့် some particular derived function, trigonometric function, logarithm function နှင့် exponential function တို့၏ derivative formula များ ကိုလည်း သိထားသင့်ပါသည်။ ထို့ပြင် tangent line equation, normal line equation, maximum, minimum နှင့် point of inflexion တို့နှင့် ဆိုင်သော ပုစ္ဆာများကိုလည်း လေ့ကျင့်ထားသင့်ပါသည်။

ဖြေဆိုသူအားလုံးအတွက် မှာကြားလိုသည့် အချက်များမှာ

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးရန်
- ပြန်လည်စစ်ဆေးချိန် ပိုမိုရရှိအောင် မေးခွန်းလွှာများကို အကြိမ်ကြိမ် လေ့ကျင့်ဖြေဆိုရန်
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုရန်
- ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသော အဆင့်များ မကျန်စေရန်
- မေးခွန်းတွင် အသုံးပြုရမည့်တွက်နည်း သတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုရန်
- ခန့်မှန်းမေးခွန်းများကိုသာ ရွေးချယ် လေ့ကျင့်ခြင်းကို ရှောင်ရန်
- သတ်မှတ်ထားသော ပုဒ်ရေထက် ပို၍ မဖြေဆိုမိစေရန်
- အခန်းတစ်ခုချင်းစီတွင် ပါဝင်သော အဓိပ္ပာယ်သတ်မှတ်ချက်များ၊ မှန်ကန်ချက်များ၊ ပုံသေနည်းများနှင့် သင်္ချာသဘောတရားများကို ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်အောင် လေ့ကျင့်ထားရန်တို့ ဖြစ်ပါသည်။

ယခုဆွေးနွေးခဲ့သော သိကောင်းစရာများနှင့် အကြံပြုချက်များသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူအားလုံး မိမိတို့၏ ကြိုးစားအားထုတ်မှုနှင့်အတူ ဂုဏ်ထူးမှတ် ရာပြည့်မှတ်များဖြင့် အောင်မြင်မှုများရရှိစေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

မြန် မာ့ ရိုး ရာ အား က စား

# နေပြည်တော်၏ ပထမဆုံးသော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့လက်ဝှေ့ချန်ပီယံပြိုင်ပွဲ

# ရိုးရာချစ်ပရိသတ်အား ဘယ်လောက်ထိညို့ငင်ဖမ်းစားနိုင်မည်လဲ

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)

**နှစ်သစ်အကူးအပြောင်းကာလနှင့်အတူ မြန်မာတို့၏ ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ စိန်ခေါ်ပွဲများသည် လတ်တလောအဆက်မပြတ်ကျင်းပဖြစ်နေသည်။ သုံးသပ်မိသည်က ကရင်နှစ်သစ်ကူးကာလများမှ အစပြုလာပြီး ဇန်နဝါရီလကုန်ပိုင်းမှ ဖေဖော်ဝါရီလဆန်းပိုင်းအထိ ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ပြည်တွင်းနေရာအချို့ဘုရားပွဲများတွင်လည်းကောင်း၊ ရိုးရာအစဉ်အလာအရလည်းကောင်းပြိုင်ပွဲများကျင်းပဖြစ်နေသည်မှာယခင်နှစ်များထက်ပင် ပိုမိုများပြားမည်ဖြစ်သည်။ ပြိုင်ပွဲများတွင် ပြည်ပပွဲစဉ်အချို့ကို အဓိက တွဲဆိုင်းအဖြစ် ထည့်သွင်းလာပြီး အထူးသဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံမှ မွေထိုင်းကစားသမားများကို ခေါ်ယူယှဉ်ပြိုင်နေမှုမှာ ပြိုင်ပွဲတိုင်းလိုလိုပင် ဖြစ်နေသည်။ ယင်းပြိုင်ပွဲများနှင့်အတူ တစ်ဖက်မှ ရိုးရာလက်ဝှေ့ပြန့်ပွားရေးနှင့် နိုင်ငံတကာထိုးဖောက်နိုင်ရေးကိုလည်း အဖွဲ့ချုပ်မှ မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကလပ်များကို နယ်စပ်ဒေသများပါမကျန် လိုက်လံဖွင့်လှစ်ပေးနေမှုများရှိနေကြောင်း ကြားသိရသည်။**



ဓာတ်ပုံ- မင်းထက်

WLC မစ်ဒယ်ဝိတ်တန်း လက်ရှိရွှေခါးပတ်ချန်ပီယံ တူးတူး

ယနေ့ ရိုးရာလက်ဝှေ့လောကသည် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ တိုးတက်ပြုပြင်ပြောင်းလဲမှုများနှင့်အတူ စိန်ခေါ်မှုဂယက်များ ရိုက်ခတ်ထွက်ပေါ်နေသည်။ပြောင်းလဲမှုတိုင်းမှာလောကဓံတရား၏ လှိုင်းပုတ်ခတ်သံများနှင့်အတူအဆိုး၊ အကောင်းဒွန်တွဲကာပြိုင်ဆိုင်မှုပြင်းထန်လာပြီးရေချိန်မြင့်တက်နေသည်ကယနေ့မြန်မာ့ရိုးရာလက်ဝှေ့လောကလို့ပြောလျှင် မှားမည်မဟုတ်။ နှစ်အနည်းငယ် ကာလအကူးအပြောင်းအတွင်း ရိုးရာလက်ဝှေ့လောကသို့ နယ်ပယ်အသီးသီး၊ ကဏ္ဍစုံမှ ပူးပေါင်းပါဝင်လာမှုကလည်း အရှိန်အဟုန် ရနေဆဲဖြစ်သည်။ ရည်ရွယ်ချက်မှာ မြန်မာတို့၏ ရိုးရာလက်ဝှေ့တည်တံ့ပြန့်ပွားစေရန်နှင့် နိုင်ငံတကာထိုးဖောက်နိုင်ရေးမှာ သဘောဆန္ဒအရ ဆုံမှတ်တူကြသည်။ သို့သော် လောက၏ မနုဿလူသားများဖြစ်ကြ၍ ပြုပြင်ပြောင်းလဲလာသည့် ဒီမိုကရေစီလမ်းကြောင်းအတိုင်း လွတ်လပ်စွာသဘောထားကွဲလွဲမှုများ၊ အငြင်းအခုံများကလည်း ပြင်းထန်ဆဲပင်ဖြစ်သည်။ စည်းလုံးချင်းဟာ အရာရာကိုအောင်မြင်စေနိုင်သော အချက်ဖြစ်သည်ကို အားလုံးသိကြသော်လည်း ဖလံပိုးမျိုး၊ မီးကိုတိုး ဆိုသောစကားပုံနှင့်အညီ အတ္တ၊ မောဟစိတ်များဖြင့် ငြင်းခုံမှုက ကောင်းဆဲဖြစ်သည်။ သို့သော် ယင်းသို့ပြိုင်ဆိုင်မှုများနှင့် စိန်ခေါ်မှုဂယက်များကြား ရှန်းကန်လှုပ်ရှားရင်း အဖြေထုတ်ရက်နီးလာသော မြန်မာလက်ခမောင်း၏ ကမ္ဘာ့လက်ဝှေ့ချန်ပီယံ World Lethwei Championship (WLC) ပြိုင်ပွဲ စတုတ္ထမြောက် ခြေလှမ်းစတင်တော့မည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ပြိုင်ဆိုင်မှုပြင်းထန်သော မြန်မာလက်ခမောင်း၏ World Lethwei Championship (WLC) စတုတ္ထခြေလှမ်းသစ် ချန်ပီယံခါးပတ်လုပြိုင်ပွဲကြီးကို မြန်မာနိုင်ငံအလယ်ပိုင်းမင်းနေပြည်တော်မှ ရိုးရာလက်ဝှေ့ချစ်ပြည်သူများ ရှုမြင်ခွင့်ရတော့မည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ကိုပုံစံသစ်၊ အသွင်သစ်များဖြင့် မှတ်တမ်းသစ်ရေးထိုးနေသော မြန်မာလက်ခမောင်း၏ ကမ္ဘာ့လက်ဝှေ့ချန်ပီယံစတုတ္ထအကြိမ်မြောက်ပြိုင်ပွဲကို လာမယ့်ဖေဖော်ဝါရီ ၁၇ ရက် (စနေနေ့)တွင် တစ်ကြိမ်တစ်ခါမှ ရိုးရာလက်ဝှေ့သမားများခြေမချခဲ့ဖူးသေးသော နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပတော့မည်ဖြစ်သည်။ ယခင် ရန်ကုန်မြို့သုဝဏ္ဏမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရန်စီစဉ်ခဲ့သော်လည်း ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းမှ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ အားပေးကြည့်ရှုနိုင်ရန် ရုံးအပေါင်းစိုက်ရာ မင်းနေပြည်တော်ကြီး၌ ကျင်းပခွင့်ရခဲ့ပြီဖြစ်သည်။

ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်၌ ကျင်းပမည့်မြန်မာလက်ခမောင်း၏ စတုတ္ထမြောက် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ (WLC) ပြိုင်ပွဲကြီးတွင် ပြည်တွင်း၊ ပြည်ပတွဲဆိုင်းခုနစ်ဆိုင်းပါဝင်မည်ဖြစ်ပြီး အဓိကတွဲဆိုင်းအနေဖြင့် ပြီးခဲ့သော WLC-3 ပြိုင်ပွဲ ၇၅ကီလို မစ်ဒယ်ဝိတ်တန်းတွင် ဩစတြေးလျနိုင်ငံသား မိုက်ကယ်ဘာဒါတိုကို အမှတ်ဖြင့်အနိုင်ရပြီး လက်ရှိမစ်ဒယ် ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ထားသော တူးတူး (မြန်မာ-နဂါးမာန်)နှင့် ဆိုရိုကင်(ယူကရိန်း)တို့ ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဒုတိယ Main ပွဲစဉ်အနေဖြင့် စောဘဦး (တောင်ကလေး)နှင့်သပြေညို (ရွှေဘားလား)၊ လိုက်ဝယ်တာ မြန်မာပြည်ချန်ပီယံဆီမီးဖိုင်နယ်ပွဲတွင် ဗထူးမောင် (ရတနာပုံ)နှင့် ကျော်ဇင်လတ် ( T&T သထုံ)၊မြန်မာပြည်ချန်ပီယံဆီမီးဖိုင်နယ်လိုက်ဝယ်တာ ဒုတိယပွဲစဉ်အဖြစ် စောဒါဝိတ် (တောင်ကလေး)နှင့် ပတ်ကျော်လင်းနိုင် (တိုက်ဂါး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ယင်းတွဲဆိုင်းနှစ်ဆိုင်းမှ အောင်နိုင်သူများက မြန်မာပြည်ချန်ပီယံလိုက်ဝယ်တာ ရွှေခါးပတ်ကို လုကြရမည်ဖြစ်သည်။ ထို့အပြင် ဖယ်သာဝိတ်တန်းတွင် အမျိုးသမီးအထူးပွဲစဉ်အနေဖြင့် ရွှေစင်မင်း (မြန်မာ)နှင့် ကမ္ဘောဒီးယားနိုင်ငံသူ Nor Srey Pov၊ လိုက်ဝိတ်တန်းတွင် ချစ်မောင်မောင် (တောင်ကလေး) နှင့် စည်သူ (T & T သထုံ)၊ လိုက်ဝယ်တာတန်းတွင် သွေးသစ်မောင် (အဖြူရောင်သွေးသစ်)နှင့် လက်သီးမိုး (T & T သထုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဓိက Main Fight ပွဲစဉ်အဖြစ် ရွှေခါးပတ်လုယှဉ်ပြိုင်ကစားမယ့် ဆိုရိုကင်(ယူကရိန်း) နှင့် ယှဉ်ပြိုင်ထိုးသတ်မယ့် တူးတူး (မြန်မာ- နဂါး မာန်)သည် ရိုးရာလက်ဝှေ့သမားဘဝ ပထမတန်းလက်ဝှေ့ကျော်ဖြစ်ပြီး WLC-1 တွင် ဩစတြေးလျနိုင်ငံသား အယ်ဒီဖာဒီရယ်ကို အမှတ်ဖြင့်အနိုင်ရခဲ့ပြီး WLC-2 ပြိုင်ပွဲတွင်လည်း ပြင်သစ်နိုင်ငံသား လက်ဝှေ့ကျော် ဂျမ်းဘီလ်နယ်ကို အမှတ်နဲ့ အနိုင်ခဲ့ကာပြီးခဲ့သော နိုဝင်ဘာ ၄ တွင် ယှဉ်ပြိုင်ကစားခဲ့သော WLC-3 တွင်လည်း ဘာဒါတို (ဩစတြေးလျ) ကို အမှတ်ဖြင့်နိုင်ပြီး လက်ရှိ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ကို လက်ဝယ်ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်သည်။ လက်ရှိချန်ပီယံတူးတူးမှာ တစ်ဖက်အားကစားသမားနှင့် ယှဉ်ပြိုင်ရာတွင် ကောင်တာပိုင်းဆိုင်ရာကို အားပြုကစားသော လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ပြိုင်ဘက်တိုင်းကို ပါဝါထည့် ကစားသည့်ရှုံးပွဲမရှိ စံချိန်တင်ထားသော ပြည်တွင်းလက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်။ ပြိုင်ဘက်အပေါ် နိုင်လိုစိတ်ပြင်းထန်သော်လည်း ပြိုင်ဘက်ယိုင်လဲရေးထက် မိမိပါဝါမကျရေး၊ ပြိုလဲမသွားရေးကိုသာ ဦးစားပေးယှဉ်ပြိုင်ကစားမှုကြောင့် ရိုးရာလက်ဝှေ့ချစ် ပရိသတ်အချို့က ပြိုင်ပွဲရလဒ်များအပေါ် အားရကျေနပ်မှု နည်းခဲ့သော်လည်း ကစားကွက်ပညာပိုင်းဆိုင်ရာအရ သတ်လုံး၊ သတ်ကွက်စုံလင်ကာ ထုတ်သုံးကစားတတ်မှုကြောင့် ပထမတန်းလက်ဝှေ့ကျော်တစ်ဦးအဖြစ် ယနေ့တိုင် ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များ၏ အားပေးမှုကိုခံနေရသော ပထမတန်းလက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်။

တူးတူးမွေးဖွားရာဇာတိမြေမှာ အထက်မြန်မာပြည် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဗူးကျွန်းကျေးရွာ ဖြစ်သည်။ ရိုးရာလက်ဝှေ့သမားဘဝ ယှဉ်ပြိုင်ထိုးသတ်ခဲ့သောပွဲပေါင်း ၄၉ ပွဲတွင် ၃၆ ပွဲနိုင်၊ ၁၃ ပွဲသရေ ရှုံးပွဲမရှိစံချိန်ဖြင့် ရပ်တည်နေပြီးဝိတ်တန်းအားဖြင့် ၇၅ ကီလို၊ အရပ် ၅ ပေ ၈ လက်မရှိကာလက်ရှိတွင် နည်းပြဆရာ ကိုကျော်စိုးဦးစီးသောနဂါးမာန် ရိုးရာလက်ဝှေ့ကလပ်တွင်လေ့ကျင့်သင်ကြားနေသော ကစားသမားတစ်ဦးဖြစ်သည်။ ရိုးရာလက်ဝှေ့လောက အောင်မြင်မှုမှတ်တမ်းအနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်၊ အာရှမွေထိုင်းပြိုင်ပွဲတွင်ရွှေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဒင်္ဂါးရွှေအောင်လံတို့ကို လက်ဝယ်ပိုင်ဆိုင်ထားသော ပထမတန်းလက်ဝှေ့ကျော်တစ်ဦးဖြစ်ကာရည်မှန်းချက်ပန်းတိုင်မှာ မြန်မာပြည်အလွတ်တန်းချန်ပီယံဖြစ်ရေးဟုဆိုသော်လည်း ယနေ့တိုင် အောင်မြင်မှုမရရှိသေးပေ။

တူးတူးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ယူကရိန်းနိုင်ငံသား ဆိုရိုကင်မှာ ဝိတ်တန်း ၇၃ ကီလို၊ အရပ်အားဖြင့် တူးတူးထက်မြင့်ပြီးအသက်မှာ ၁၉ နှစ်သာ ရှိသေးသော်လည်းတိုက်ခိုက်မှုပိုင်းမှာပညာအားဖြင့် စုံလင်သော တက်သစ်စလက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ကိုပထမဆုံးယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပြီး အထူးသဖြင့် လက်သီးပါဝါထက် ခြေကန်ချက်များနှင့် တံတောင်ရိုက်ချက်များမှာတစ်ဖက် ပြိုင်ဘက်အပေါ် စိုးမိုးနိုင်သော သူမတူလက်ဝှေ့ကျော်တစ်ဦးသည်။ အရပ်မြင့် အားကစားသမားများနှင့် တွေ့လျှင် ရုန်းကန်ရသောလက်ရှိချန်ပီယံတူးတူးအနေဖြင့် ယခုရွှေခါးပတ်လုပွဲသည် အမှတ်ဖြင့် ဆုံးဖြတ်မည်ဖြစ်၍ စတုတ္ထအကြိမ်မြောက်ကျင်းပမည့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံပြိုင်ပွဲမှာ ရိုးရာလက်ဝှေ့ချစ် ပရိသတ်များအား ဘယ်လောက်ထိ ညို့ငင်ဖမ်းစားနိုင်မည်ကို စောင့်မျှော်ကြည့်ရှုရတော့မည် ဖြစ်ပါကြောင်း။ ။



ဓာတ်ပုံ- မင်းထက်

လက်ရှိချန်ပီယံ တူးတူးကို စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မည့် ဆိုရိုကင်(ယူကရိန်း)

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ၀ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# အဓမ္မလုပ်အားစေခိုင်းမှုပပျောက်ရေး နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်းများအတိုင်းလုပ်ဆောင်နေ

**ခင်ရတနာ**



မြန်မာနိုင်ငံသည် စီးပွားရေး၊ နိုင်ငံရေးအခြေအနေများအရ လွန်ခဲ့သည့်ဆယ်စုနှစ်သုံးစုကတည်းက လုပ်သားအင်အား၊ လုပ်သားများ၏ စွမ်းအားကို အပြည့်အဝအသုံးချခြင်း၊ ပြည့်ဝသည့် လုပ်ခလစာပေးအပ်နိုင်မှုအားနည်းခြင်းများ ကြုံခဲ့ရသည်။ ယခုကဲ့သို့ ပြည်သူရွေးကောက်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရ လက်ထက်တွင် နိုင်ငံတွင်း အဓမ္မလုပ်အား စေခိုင်းမှုအား ရာနှုန်းပြည့်ပပျောက်စေရေး၊ အလုပ်သမားများ၏ အခွင့်အရေးများ ပိုမိုတိုးတက်ရရှိရေးနှင့် လုပ်သားများအား စွမ်းရည်မြင့်မားစေရေးကို ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့အနက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အလုပ်သမားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိုလည်း ပိုမိုနီးကပ်စွာ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရပြီးချိန်မှစတင်ကာ အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၅ခုနှစ် မတ်လတွင် မြန်မာနိုင်ငံရှိ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အဓမ္မလုပ်အားစေခိုင်းခြင်း၊ ညစောင့်အဖြစ် စေခိုင်းခြင်း၊ အထမ်းသမားများအဖြစ် စေခိုင်းခြင်း၊ လူသားဒိုင်းတို့အဖြစ် အသုံးပြုခြင်း၊ အသက်မပြည့်သေးသည့် ကလေးများအား တပ်သားအဖြစ် စုဆောင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်ရန် ကန့်သတ်တားမြစ်ချက်များ ချမှတ်ခဲ့သည်။

ထိုကဲ့သို့ ကန့်သတ်တားမြစ်ချက်များကို ပြန်လည်ရုပ်သိမ်းနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် အိုင်အယ်လ်အိုတို့အကြား ညှိနှိုင်းဆွေးနွေးမှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်ကို မြင်တွေ့ရပြီး ၂၀၀၂ခုနှစ်တွင် နားလည်မှုစာချွန်လွှာ တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ အဓမ္မစေခိုင်းမှု ပပျောက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအစိုးရကို အကူအညီပေးနိုင်ရန်အတွက် အိုင်အယ်လ်အိုမှ ဆက်သွယ်ရေးအရာရှိတစ်ဦးအား မြန်မာနိုင်ငံတွင် စတင်လက်ခံခဲ့ပြီး စုံစမ်းရေးကော်မရှင်၏ အကြံပြုချက်များအတိုင်း လုပ်ငန်းစဉ်များချမှတ်ကာ အကောင်အထည်ဖော်ခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာ၏ နောက်ဆက်တွဲနားလည်မှု စာချွန်လွှာကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်၍ စမ်းသပ်ကာလတစ်နှစ်ကို လက်မှတ်ရေးထိုးခဲ့ပြီး တိုင်ကြားမှုယန္တရားကို ထူထောင်ကာ အဓမ္မစေခိုင်းမှု တိုင်ကြားချက်များကို အိုင်အယ်လ်အို၏ ဆက်သွယ်ရေးအရာရှိက လက်ခံပြီး စစ်ဆေးစုံစမ်းမှုများ ပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ဖြေရှင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၇ နောက်ပိုင်းမှစတင်ကာ အဓမ္မစေခိုင်းမှုများကို အများအပြား တွန်းလှန်ပယ်ရှားနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အိုင်အယ်လ်အို၏ ဆက်သွယ်ရေးအရာရှိနှင့် ဌာနဆိုင်ရာ အရာရှိကြီးများ ပူးပေါင်းဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့သည် တိုင်ကြားလာသည့်အမှုများကို လက်ခံဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ယင်းအဖွဲ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပြီး ကျန်ဝန်ကြီးဌာနများကို ဆက်လက်ပေးပို့ပြီး အမှုကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာကို ၂၀၁၇ခုနှစ် ဒီဇင်ဘာလအထိ သက်တမ်းတိုး လက်မှတ်ရေးထိုးထားပြီး အိုင်အယ်လ်အို၏ ဆက်သွယ်ရေးအရာရှိအား ဆက်လက်ထားရှိစေခဲ့သည်။

အဓမ္မစေခိုင်းခြင်းခံရသူများသည် ယင်းတို့အနေဖြင့် မည် သည့်လက်တုံ့ပြန်မှုမျိုးကိုမျှ ခံရလိမ့်မည်မဟုတ်ဟု အပြည့်အဝယုံကြည်စွာဖြင့် တရားမျှတမှုကို ရှာဖွေစေနိုင်ရမည်ဟူသော အဆင့်မြင့်အဖွဲ့၏ ထောက်ခံချက်များကို ဂျီနီဗာမြို့၌ ကျင်းပသည့် ၂၈၂ကြိမ်မြောက် အစည်းအဝေး အစီရင်ခံစာနှင့်အညီ အဓမ္မစေခိုင်းခြင်းခံရသူများအား ယင်းတို့၏ တိုင်ကြားချက်များကို သက်ဆိုင်ရာဥပဒေနှင့် အဓမ္မစေခိုင်းမှုဆိုင်ရာ ကွန်ဗင်းရှင်း အမှတ် ၂၉(၁၉၃၀)တို့နှင့်အညီ ကုစားမှုများ ရရှိနိုင်ရန် ဆက်ဆံရေးအရာရှိမှတစ်ဆင့် အာဏာပိုင်များထံ ပေးနိုင်ခွင့် ရရှိရမည်ဖြစ်ကြောင်း အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည့် ဆက်သွယ်ရေးအရာရှိနှင့် နားလည်မှု ချုပ်ဆိုထားသည်။

အိုင်အယ်လ်အို၏ ဆက်သွယ်ရေးအရာရှိထံသို့ မြန်မာနိုင်ငံသား မည်သူမဆို အဓမ္မစေခိုင်းခြင်းခံရပါက ယင်းစွပ်စွဲချက်များကို သက်ဆိုင်ရာအထောက်အကူပြု သတင်းအချက်အလက်များနှင့်တကွ ဆက်ဆံရေးအရာရှိထံသို့ လွတ်လပ်စွာ တင်ပြခွင့်ရှိပြီး အဓမ္မစေခိုင်းမှု လုံးဝပပျောက်စေရေးအတွက် သက်ဆိုင်ရာ အစိုးရကလည်း အကူအညီပေးရေးဆိုင်ရာ အခန်းကဏ္ဍများကိုလည်း ကြိုးစားမြှင့်တင်လျက်ရှိကြောင်းသိရသည်။ အဓမ္မစေခိုင်းမှု လုံးဝပပျောက်စေရေးအတွက်လည်း တိုင်ကြားချက်များတွင် ပဏာမအကဲဖြတ်မှုများကို ဓမ္မဓိဋ္ဌာန်ကျစွာ ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ်ချက်များ အားလုံးကို အပြီးတိုင်ရုပ်သိမ်းနိုင်ရေးအတွက် အဓမ္မစေခိုင်းမှု ပပျောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် ၂၀၁၅ခုနှစ်တွင် အဓမ္မစေခိုင်းမှု လုံးဝပပျောက်ရေးပူးတွဲမဟာဗျူဟာဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။

မြန်မာနိုင်ငံသည် အဓမ္မစေခိုင်းမှုများကို တွန်းလှန်နိုင်ခဲ့ပြီး ပပျောက်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်အားကောင်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း ကတိကဝတ်များ ပြုနိုင်ခဲ့ခြင်းကြောင့် ၁၉၉၉ခုနှစ်နှင့် ၂၀၀၀ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံတွင် အိုင်အယ်လ်အိုမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားခဲ့သည့် ကန့်သတ်တားမြစ်ချက်အများစုကို လျှော့ချပေးခဲ့ပြီး ၂၀၁၂ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံတွင် ကန့်သတ်ချက်များ အားလုံးကို ပြန်လည်ရုပ်သိမ်းပေးခဲ့သည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရသည်။

ပူးတွဲမဟာဗျူဟာဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အဖွဲ့ဝင် ၁၄ ဦးဖြင့် အဓမ္မစေခိုင်းမှု လုံးဝပပျောက်ရေး ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ကော်မတီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနစသည့် ဌာနများမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် အိုင်အယ်လ်အို၏ ဆက်သွယ်ရေးအရာရှိတို့က ပူးပေါင်းကာ ၂၀၁၅ခုနှစ်မှစတင်၍ အဓမ္မစေခိုင်းမှု လုပ်ငန်းများ အလုံးစုံ ပပျောက်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ၂၀၁၆ ခုနှစ်မှစတင်ပြီး ကော်မတီကို ဖျက်သိမ်းကာ အဓမ္မစေခိုင်းမှု ပပျောက်ရေးအပါအဝင် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် ရည်ရွယ်၍ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စတင်ပြန်လည်ဖွဲ့စည်းခဲ့သည်။

အဓမ္မစေခိုင်းမှု ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေးနှင့် အခြားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်အဖွဲ့ဝင် ၂၂ ဦးတို့ဖြင့် အားသွန်ဆောင်ရွက်မှုများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။ ။

**"၂၀၁၅ ခုနှစ်မှစတင်၍ အဓမ္မစေခိုင်းမှု လုပ်ငန်းများ အလုံးစုံ ပပျောက်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ၂၀၁၆ ခုနှစ်မှစတင်ပြီး ကော်မတီကို ဖျက်သိမ်းကာ အဓမ္မစေခိုင်းမှု ပပျောက်ရေး အပါအဝင် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် ရည်ရွယ်၍ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စတင်ပြန်လည်ဖွဲ့စည်းခဲ့သည်"**

## မြို့နယ်သတင်းထောက်များသို့

မြန်မာနိုင်ငံအရပ်ရပ်ရှိ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များအားလုံး သတင်းထောက် အသိအမှတ်ပြုကတ်များ ပြန်လည်စိစစ်ရန်နှင့် အသစ်ထုတ်ပေးရန်အတွက် လည်းကောင်း၊ သတင်းစာမူခကိစ္စများအတွက်လည်းကောင်း ဦးကြည်ဝင်း (သုတေသနစာတည်း) ဖုန်းနံပါတ် ၀၉-၄၂၀၁၄၅၆၀၉၊ ၀၆၇-၃၆၁၄၅ တို့သို့ ဆက်သွယ်ကြပါရန်။

**မြန်မာ့အလင်းသတင်းစာတိုက်၊ ခရေပင်လမ်းခွဲ**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

## မိုးနဲ-ကင်တုံကျေးရွာသွားလမ်း ရေကျော်လမ်းပိုင်းအား ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ရေး ရန်ပုံငွေပေးအပ်

**မိုးနဲ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မိုးနဲမြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မိုးတွင်းကာလတွင် နှစ်စဉ်ရေကျော်ပြီးသွားလာရေးခက်ခဲသော မိုးနဲ-ကင်တုံကျေးရွာလမ်း ရေကျော်လမ်းပိုင်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ဒေသဖွံ့ဖြိုးရေးခွင့်ပြု ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနားကို မိုးနဲမြို့ကမ္ဘောဇခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်ညနေ ၄ နာရီကကျင်းပခဲ့သည်။ လင်းခေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်းဌေးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန်က ကွန်ကရစ်လမ်းခင်းခြင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေ ကျပ် ၂၇၆ သိန်းအား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက လက်ရောက်ပေးအပ်ရာ မိုးနဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးလှထွဋ်နှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ခွင့်ပြုရန်ပုံငွေနှင့် ရေကျော်လမ်းပိုင်းအရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေနှင့် ၉ လက်မထု ကွန်ကရစ်လမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**


SHWE TAUNG
Real Estate
Inspiring Lives. Sustaining Progress.
Congratulations
The Lucky Draw
Grand Prize Winner
Shwe Taung Real Estate Show Case 2018 တွင်ရတနာနှင်းဆီ အဆင့်မြင့်တိုက်ခန်း ကံထူးသွားသော ကံထူးရှင် ဦးကျော်ဇေယျအား Shwe Taung Real Estate မိသားစုမှ ဝမ်းမြောက်ဝုဏ်ယူစွာ မှတ်တမ်းတင်အပ်ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ရုံးသုံးမော်တော်ယာဉ် (၂)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) Toyota Mark ll (Saloon) - (၁)စီး
(ခ) Hyundai County (2008 Model) - (၁)စီး

၂။ **တင်ဒါပုံစံ/စည်းကမ်း ဝယ်ယူရမည့်ရက်** - ၂-၂-၂၀၁၈ ရက်မှ ၁၅-၂-၂၀၁၈ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ** - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၆-၂-၂၀၁၈ ရက် ညနေ ၁၆:၃၀ နာရီ နောက်ဆုံး

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၅၀၃၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## တောင်ငူတက္ကသိုလ်
## (၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ တောင်ငူတက္ကသိုလ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဘွဲ့ရရှိကြပြီးသူများအတွက် တောင်ငူတက္ကသိုလ်(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို တောင်ငူတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **၁၂-၅-၂၀၁၈ရက် (စနေနေ့) နံနက်ပိုင်း နံနက် (၀၉:၀၀) နာရီ**
မဟာသုတေသနဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ် (သမိုင်း၊ ရူပဗေဒ)
မဟာဥပဒေဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ် (ဥပဒေပညာ)
မဟာဝိဇ္ဇာဘွဲ့ (၂၀၁၆-၂၀၁၇) ပညာသင်နှစ် (အင်္ဂလိပ်စာ၊ သမိုင်း)
မဟာသိပ္ပံဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ် (ဓာတုဗေဒ)
ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၂၀၁၆-၂၀၁၇)ပညာသင်နှစ်(သမိုင်း)
သိပ္ပံဂုဏ်ထူးဘွဲ့ (၂၀၁၆-၂၀၁၇) ပညာသင်နှစ် (ဓာတုဗေဒ)
ဝိဇ္ဇာဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ်(သမိုင်း၊ ဒဿနိကဗေဒ)
သိပ္ပံဘွဲ့(၂၀၁၆-၂၀၁၇)ပညာသင်နှစ် (ဓာတုဗေဒ၊ ရူပဗေဒ)
**အစမ်းလေ့ကျင့်ရက် (၁၀-၅-၂၀၁၈) ကြာသပတေးနေ့**
**(နံနက် ၀၉:၀၀ နာရီ)**

(ခ) **၁၂-၅-၂၀၁၈ (စနေနေ့) မွန်းလွဲပိုင်း၊ မွန်းလွဲ ၁၃:၀၀ နာရီ**
မဟာသုတေသနဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ် (သင်္ချာ)
မဟာဝိဇ္ဇာဘွဲ့ (၂၀၁၆-၂၀၁၇) ပညာသင်နှစ် (ပထဝီဝင်)
မဟာသိပ္ပံဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ် (သင်္ချာ)
ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၂၀၁၆-၂၀၁၇)ပညာသင်နှစ် (ပထဝီဝင်)
သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၁၆-၂၀၁၇)ပညာသင်နှစ် (ရူပဗေဒ၊ ဘူမိဗေဒ)
ဥပဒေပညာဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ် (ဥပဒေပညာ)
ဝိဇ္ဇာဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ်(အင်္ဂလိပ်စာ၊ စိတ်ပညာ)
**အစမ်းလေ့ကျင့်ရက် (၁၀-၅-၂၀၁၈) ကြာသပတေးနေ့**
**(နံနက် ၀၉:၀၀ နာရီ)**
သိပ္ပံဘွဲ့(၂၀၁၆-၂၀၁၇)ပညာသင်နှစ် (သင်္ချာ၊ ရုက္ခဗေဒ)
**အစမ်းလေ့ကျင့်ရက် (၁၀-၅-၂၀၁၈) ကြာသပတေးနေ့**
**(မွန်းလွဲ ၁:၀၀ နာရီ)**

(ဂ) **၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်ပိုင်း၊ နံနက် ၀၉:၀၀နာရီ**
မဟာသုတေသနဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ် (သတ္တဗေဒ)
မဟာသိပ္ပံဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ် (ရူပဗေဒ)
သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၁၆-၂၀၁၇)ပညာသင်နှစ်(သင်္ချာ၊သတ္တဗေဒ၊ ရုက္ခဗေဒ)
ဝိဇ္ဇာဘွဲ့(၂၀၁၆-၂၀၁၇) ပညာသင်နှစ်(မြန်မာစာ၊ ပထဝီဝင်)
သိပ္ပံဘွဲ့(၂၀၁၆-၂၀၁၇)ပညာသင်နှစ် (သတ္တဗေဒ၊ ဘူမိဗေဒ)
ကွန်ပျူတာဒီပလိုမာဘွဲ့
**အစမ်းလေ့ကျင့်ရက် (၁၀-၅-၂၀၁၈) ကြာသပတေးနေ့**
**(မွန်းလွဲ ၁:၀၀ နာရီ)**

၂။ ဘွဲ့နှင်းသဘင် တက်ရောက်/အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို တောင်ငူတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား တင်ပြတောင်းယူ၍ ပတ်စ်ပို့ဓာတ်ပုံ (၂လက်မ×၁လက်မခွဲ) အရွယ် နှစ်ပုံပူးတွဲလျက် လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် ကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်။

၃။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို ငွေလက်ခံဌာန၊ တောင်ငူတက္ကသိုလ်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီးသို့လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ပြီး အောက်ခြေတွင် လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့်ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်တို့ကို တိကျစွာဖော်ပြရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၆ရက်မှစတင်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့ဝတ်စုံများကို ၂၀၁၈ခုနှစ် မေလ ၇ရက်မှစပြီး တောင်ငူတက္ကသိုလ် အပန်းဖြေရိပ်သာ (ယာယီဘွဲ့နှင်းသဘင်ဝတ်စုံငှားရမ်းဌာန)တွင် ရုံးချိန်အတွင်း ထောက်ခံစာတင်ပြ၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။

၆။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ အခမ်းအနားနှင့် သင့်လျော်သော ဝတ်စုံကိုသာ ခွင့်ပြုမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက တောင်ငူတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနသို့ လူကိုယ်တိုင်လည်းကောင်း ဖုန်း-၀၉-၄၅၂၃၃၄၂၀၂ သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(ချုပ်ချုပ်မာ)**
**မော်ကွန်းထိန်း-သင်တန်းရေးရာ**
**တောင်ငူတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲများတွင် သားဖွားဆရာမ(လစာနှုန်း ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) ရာထူး (၁၀၄၆)နေရာ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဘက်စုံသားဖွား (၁၈)လသင်တန်း (သို့မဟုတ်) ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းဆင်းအောင်လက်မှတ် ရရှိပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့် ၂၈-၂-၂၀၁၈ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
(င) မည်သည့် တိုင်းဒေသကြီး/ပြည်နယ်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ်မပျက်မကွက်(မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာပေးပို့ရန်-**
(က) လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူပူးတွဲပြီး ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၂၈-၂-၂၀၁၈ ရက်နောက်ဆုံးထား လျှောက်ထားရမည်။
(ခ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့် အချက်အလက်များ-
(၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ(၃)ပုံ
(၂) သားဖွားအောင်လက်မှတ် (မိတ္တူမှန်)
(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) တစ်စောင်
(၄) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ (မူရင်း) တစ်စောင်
(၅) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ (မူရင်း) တစ်စောင်
(၆) တစ်လအတွင်းပြုလုပ်ထားသော သက်ဆိုင်ရာ မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ (မူရင်း) တစ်စောင်
(၇) သားဖွားရွေးချယ်ခံရမှု [ပုံမှန်/အထူး(မိခင်ကလေး/နယ်စပ်အထူး/ကျန်းမာရေးဝန်ထမ်း] ဖော်ပြရန်။

၄။ ကြော်ငြာပါရာထူးအတွက် သတ်မှတ်ချက်နှင့် ပြည့်စုံစွာဖြင့်လျှောက်ထားသူများကို လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်မည်ဖြစ်သည်။

၅။ လူတွေ့စစ်ဆေးမည့်ရက်အား ၅-၃-၂၀၁၈ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း၊ လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

